# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၀)၊ အမှတ် (၁၃၉)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား


နေပြည်တော် ဖေဖော်ဝါရီ ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်နှင့် စောဒန်နီယယ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❒


"အရေးပေါ်ကာလပြီးဆုံးသွားပါက စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမည်ဖြစ်၊ မိမိတို့ တာဝန်ယူသည့် အရေးပေါ်ကာလအတွင်း ပြည်သူလူထု၏ စားဝတ်နေရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို အလေးထား ဆောင်ရွက်သွားမည်"


ဘဏ်သို့လာရောက်ရာတွင်
Mask နှင့် Face Shield များကိုမဖြစ်မနေ
ဝတ်ဆင်ကြပါရန် လေးစားစွာပန်ကြားအပ်ပါသည်

မြန်မာ့အလင်း

# ဝန်ထမ်းနှင့် စည်းကမ်း

နိုင်ငံတော်ယန္တရားရပ်ဆိုင်းသွားခဲ့လျှင် ဘာတွေဖြစ်လာနိုင်သနည်း။ အကျဉ်းဆုံးဖြေရလျှင် တိုင်းပြည်ပျက်စီးသွားလိမ့်မည်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှု ပျက်ပြားခြင်း၊ နိုင်ငံသူနိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်များ လုံခြုံမှုပျက်ပြားခြင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည့်ကဏ္ဍအသီးသီးတို့ပြိုကွဲပျက်စီးခြင်းတို့အပါအဝင် ဖြစ်ပေါ်လာမည့် အန္တရာယ်များစွာတို့မှာ ရေးပြ၍ မကုန်နိုင်ဖွယ်ရှိလိမ့်မည်။

နိုင်ငံတော်ယန္တရားကြီးတစ်ခုလုံး လည်ပတ်အောင် ဆိုင်ရာကဏ္ဍအသီးသီးမှနေ၍ မောင်းနှင်နေကြသူများမှာ နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည်။ နိုင်ငံရေးစနစ်များ၊ အစိုးရများ၊ မူဝါဒများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံတော်ယန္တရားသည် ရပ်ဆိုင်းသွား၍မရ။ နိုင်ငံတော်ကို တာဝန်ယူကြသည့် အစိုးရအသီးသီးတို့က နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် ချမှတ်လိုက်သည့်မူဝါဒများနှင့်အညီ နိုင်ငံ့ဝန်ထမ်းတို့က မိမိတို့၏ ကဏ္ဍများအလိုက် အကောင်အထည်ဖော်ကြရသည်။ တစ်ပါတီစနစ်တွင် ဝန်ထမ်းများသည် ၎င်းတို့၏ ယုံကြည်ချက်အရ နိုင်ငံကိုဦးဆောင်သည့် တစ်ခုတည်းသောပါတီ၌ ဝင်ရောက်လှုပ်ရှားနိုင်ခဲ့ကြသော်လည်း ပါတီစုံဒီမိုကရေစီခေတ်တွင်မူ ဝန်ထမ်းနှင့် နိုင်ငံရေးပါတီတို့ ဒွေးရောယှက်တင် ပြုလုပ်၍မရတော့။ ဝန်ထမ်းတစ်ဦးအနေဖြင့် ပုဂ္ဂလိကယုံကြည်ချက်၊ ခံစားချက်တို့ ရှိကောင်းရှိနေနိုင်သည့်တိုင်အောင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းဖို့လိုအပ်လာသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့က ၂၀၁၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ဝန်ထမ်းကျင့်ဝတ်စာစောင်တွင် ဝန်ထမ်းများလိုက်နာရမည့် အလုပ်ချိန်နှင့် သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်တို့နှင့် သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများအပြင် ပါတီနိုင်ငံရေးကင်းရှင်းရန် စည်းကမ်းများကိုလည်း ချမှတ်ပြဋ္ဌာန်းထားသည်။ ဝန်ထမ်းများ ပါတီနိုင်ငံရေးကင်းရှင်းရေးနှင့် စပ်လျဉ်း၍–

(က) ပါတီနိုင်ငံရေးပြုလုပ်ခြင်း၊ ပါတီနိုင်ငံရေးလှုပ်ရှားမှုအတွက် ငွေကြေးအကူအညီပေးခြင်း၊ အခြားနည်းထောက်ပံ့ကူညီခြင်း၊

(ခ) ပါတီနိုင်ငံရေးအဖွဲ့အစည်းတွင် ပါဝင်ခြင်း၊

(ဂ) နိုင်ငံတော်အစိုးရက အခါအားလျော်စွာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့် အညီ ဖွဲ့စည်းထားခြင်းမဟုတ်သည့် အသင်းအဖွဲ့၊ အစည်းအရုံး၊ သမဂ္ဂ စသည်တို့တွင် ပါဝင်ခြင်း၊

(ဃ) မည်သည့်ရွေးကောက်ပွဲတွင်မျှ ကိုယ်စားလှယ်လောင်းအဖြစ် ဖြစ်စေ၊ ကိုယ်စားလှယ်လောင်း၏ ကိုယ်စားလှယ်အဖြစ် ဖြစ်စေ ပါဝင်ခြင်း၊

(င) မည်သည့်ရွေးကောက်ပွဲတွင်မဆို မဲဆွယ်ခြင်း၊ အကူအညီပေးခြင်း၊

(စ) ရုံးတွင်းရုံးပြင်၌ ပါတီနိုင်ငံရေးနှင့် စပ်လျဉ်း၍ စည်းရုံးခြင်း၊ ဆွေးနွေးခြင်း၊ ဟောပြောခြင်းနှင့် ပါဝင်ခြင်းတို့ကို ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများတွင်လည်း တာဝန်အရ အထက်အကြီးအမှူးက ဥပဒေနှင့်အညီပေးသည့် အမိန့်ကို ဝန်ထမ်းကိုယ်တိုင်ဖီဆန်ခြင်း၊ အခြားဝန်ထမ်းတို့ကို ဆန့်ကျင်စေရန် လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သွေးဆောင်စည်းရုံးခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေမည့် စာအုပ်စာတမ်းများ ရေးသားခြင်းသို့မဟုတ် ဖြန့်ဝေခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်းသို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်း စသောအချက်များကို ထည့်သွင်းရေးဆွဲချမှတ်ထားခဲ့သည်။

အထက်ဖော်ပြပါ ဝန်ထမ်းများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို အစိုးရအဆက်ဆက်တို့က ချမှတ်ပြဋ္ဌာန်းကြရခြင်းမှာ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ စနစ်ကျန ခိုင်မာရေးအတွက်ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံတော်ယန္တရားကြီးချောမွေ့သွက်လက်စွာ လည်ပတ်နိုင်ရေးအတွက် ဖြစ်သည်။ နိုင်ငံတော်ယန္တရားကြီးခုတ်မောင်းရသည့် စွမ်းအင်မှာ နိုင်ငံ့ဝန်ထမ်းများပင်ဖြစ်ရာ တာဝန်ကျေပွန်မှု၊ ကျင့်ဝတ်စောင့်ထိန်းမှု၊ စည်းကမ်းလိုက်နာမှုတို့ဖြင့် ဝန်ထမ်းကောင်းများအဖြစ် နိုင်ငံနှင့် ပြည်သူအပေါ် အလုပ်အကျွေးပြုနိုင်ကြပါစေကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦး အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဦးထွန်းဇော် | ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့်<br>စက်မှုဝန်ကြီးဌာန |
| (၂) ဒေါက်တာ သီသီမြင့် | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| (၃) ဦးကျော်ဝင်းဟန် | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အောက်မြန်မာပြည်)<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ |

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့် ဆန့်ကျင်သကဲ့သို့ မိမိ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူပြုလုပ်မှုများ ရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေးအတွက် အောက်ပါ ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့်e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

## “ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထုကျန်းမာရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရမည့်လုပ်ငန်းတာဝန်ကို မထမ်းဆောင်မှုများသည် ဆရာဝန်များ၏ သစ္စာအဓိဋ္ဌာန်ကို ဖောက်ဖျက်ရာရောက်ပြီး ပြည်သူများအနေဖြင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများခံယူရာတွင် ပြင်ပဆေးရုံ၊ ဆေးခန်းများ၌ ငွေကြေးအကုန်အကျများစွာဖြင့် ကုသမှုခံယူရသောကြောင့် ပြည်သူများအနေဖြင့် ထိခိုက်နစ်နာမှုများရှိကြောင်း၊ သို့ဖြစ်၍ လိုအပ်သည့်အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်”

❒ ရှေ့ဖုံးမှ

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် တာဝန်ရှိသူများအနေဖြင့် ညင်ညင်သာသာ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ တာဝန်ယူချိန်မှစပြီး ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မပြောင်းလဲကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့နှင့် စပ်လျဉ်း၍ မူဝါဒများပြောင်းလဲခြင်းမရှိကြောင်း၊ ပကတိအခြေအနေများသည် ရွေးကောက်ပွဲမဲစာရင်းများ မှားယွင်းမှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်တို့တွင် အရပ်ဘက်မှ အများကြည်ညိုလေးစားသည့် ပုဂ္ဂိုလ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးကို အလေးထားကြောင်း။

### အလေးထားဆောင်ရွက်

ရွေးကောက်ပွဲ မဲစာရင်းမှားယွင်းမှုများကို ရွေးကောက်ပွဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလပြီးဆုံးသွားပါက စည်းကမ်းပြည့်ဝပြီး အနှစ်သာရရှိသည့် ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူသည့် အရေးပေါ်ကာလအတွင်း ပြည်သူလူထု၏ စားဝတ်နေရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အတူ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး အေးချမ်းတည်ငြိမ်မှုရှိမှ တစ်ဦးချင်း၏ အကျိုးစီးပွားကို ဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း။

အဓိကအားဖြင့် COVID-19 ကာလတွင် ထိခိုက်ခဲ့သည့် စီးပွားရေးကို ပြန်လည်တည့်မတ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ရပ်ဆိုင်းထား၍မရကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ CDM လှုပ်ရှားမှု စိတ်ရှည်လက်ရှည် စောင့်ဆိုင်းခဲ့ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထုကျန်းမာရေးအတွက် ပြည်သူ့ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရမည့်လုပ်ငန်းတာဝန်ကို မထမ်းဆောင်မှုများသည် ဆရာဝန်များ၏ သစ္စာအဓိဋ္ဌာန်ကို ဖောက်ဖျက်ရာရောက်ပြီး ပြည်သူများအနေဖြင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ ခံယူရာတွင် ပြင်ပဆေးရုံ၊ ဆေးခန်းများ၌ ငွေကြေးအကုန်အကျများစွာဖြင့် ကုသမှုခံယူရသောကြောင့် ပြည်သူများအနေဖြင့် ထိခိုက်နစ်နာမှုများရှိကြောင်း၊ သို့ဖြစ်၍ လိုအပ်သည့်အရေးယူမှုများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူ့အသက်သည် အရေးကြီးကြောင်း၊ သို့ဖြစ်၍ ပြည်သူများအနေဖြင့် မိမိကျန်းမာရေးနှင့် စပ်လျဉ်းပြီး ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် ပြည်သူလူထုအား COVID-19 ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် တင်သွင်းခွင့်ပြုထားကြောင်း။

### ကူညီဆောင်ရွက်ပေးလျက်ရှိ

စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့ရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ မီးရထား၊ ကား၊ ရေကြောင်းနှင့် လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငွေကြေးပုံမှန်လည်ပတ်နိုင်ရန် အဓိက အရေးပါသည့် ဘဏ်လုပ်ငန်းများ မထိခိုက်စေရန် လုံခြုံရေးဆိုင်ရာများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုကာလတွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည်လည်း ခက်ခဲပင်ပန်းစွာဖြင့် ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး မိမိကိုယ်ကိုယ် ခုခံပိုင်ခွင့်ဖြင့်သာ နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆူပူမှုများအား ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာအနေဖြင့် ယခုကဲ့သို့ မိမိတို့၏ တာဝန်ယူထိန်းသိမ်းဆောင်ရွက်မှုအပေါ် ယခင်ကပြစ်တင်ဝေဖန်မှုများရှိခဲ့သော်လည်း ယခုအခါ အနောက်နိုင်ငံများမှအပ အခြားနိုင်ငံများက မိမိတို့၏ ဆောင်ရွက်မှုသည် ပြည်တွင်းရေးကိစ္စဖြစ်သဖြင့် ဒီမိုကရေစီနည်းလမ်းအရသာ ဖြေရှင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားနေကြောင်း၊ မိမိတို့အနေဖြင့် မဲစာရင်းမသမာမှုများအား စိစစ်လျက်ရှိပြီး နိုင်ငံတကာနှင့် ပြည်သူလူထုသိရှိနိုင်ရေး ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အတွက် ဒီမိုကရေစီနည်းလမ်းနှင့်အညီ ရိုးသားစွာဆောင်ရွက်လျက်ရှိကြောင်း၊ ကောင်စီဝင်များအနေဖြင့်လည်း အပြည့်အဝပူးပေါင်းဆောင်ရွက်သွားစေလိုကြောင်း ပြောကြားသည်။

### အကြံပြုဆွေးနွေးတင်ပြ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌနှင့် ကောင်စီဝင်များက စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ထွန်းရေးတွင် အကြမ်းဖက်မှုများ ဖြစ်ပေါ်အောင်ပြုလုပ်၍ နိုင်ငံတော်အပေါ် သစ္စာဖောက်မှုနှင့် တိုင်းပြည်ပျက်စီးအောင် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်နေသူများအား ဖော်ထုတ်၍ ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး၊ ပြည်ပအကြံပေးများ ခန့်အပ်ဆောင်ရွက်ခဲ့သည့်ကိစ္စ၊ သတင်းများ မှန်ကန်စွာထုတ်လွှင့်ရေးအတွက် သတင်းမီဒီယာကောင်စီမှတစ်ဆင့် ထိန်းသိမ်းဆောင်ရွက်ရန်ကိစ္စ၊ တာဝန်သိနိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်ရေးနှင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အကြံပြုဆွေးနွေးတင်ပြစဉ်။ သတင်းစဉ်

ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်သည့် ဝန်ထမ်းများအား အရေးယူဆောင်ရွက်ရေးကိစ္စ၊ နိုင်ငံတော်ဘဏ္ဍာငွေအကုန်အကျသက်သာစေရေးအတွက် ရေအားလျှပ်စစ်ထုတ်လုပ်ရေးကိစ္စ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် စင်ပြိုင်အစိုးရဖွဲ့စည်းမှုများအား အရေးယူရေးကိစ္စ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အဝင်/အထွက် စစ်ဆေးရေးဂိတ်များမှ စနစ်တကျစစ်ဆေးဆောင်ရွက်ရေးကိစ္စ၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်နိုင်ရေးကိစ္စ၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်ရေးကိစ္စ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် သွေးထိုးလှုံ့ဆော်နေသည့်ကိစ္စနှင့် လုံခြုံရေးကိစ္စရပ်များ ဆောင်ရွက်နေမှု၊ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် မီးရထား၊ ကား၊ ရေကြောင်းနှင့် လေကြောင်းလိုင်းများ ပြေးဆွဲနေမှုနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွတ်ငြိမ်းချမ်းသာခွင့် ဆောင်ရွက်ပေးခဲ့ရာတွင် ပြစ်ဒဏ်ကြီးလေးသူများမှအပ တတ်နိုင်သမျှ ပြစ်ဒဏ်များကို လျှော့ပေါ့ပေးခဲ့ကြောင်း၊ ၎င်းတို့အား ပြင်ပ၌ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နေထိုင်နိုင်ပြီး အခွင့်အရေးများမဆုံးရှုံးစေဘဲ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် နေထိုင်နိုင်စေရန် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါကိစ္စရပ်အပေါ် သတင်းမှားများဖြင့် ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိအနေဖြင့် သတင်းမီဒီယာကောင်စီအား နိုင်ငံတော်၏စတုတ္ထမဏ္ဍိုင်အဖြစ် အသိအမှတ်ပြုထားကြောင်း၊ သတင်းများကိုထုတ်ပြန်ရာတွင် မှန်ကန်မှုနှင့် မြန်ဆန်မှုရှိရန်လိုကြောင်း၊ တာဝန်သိနိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်နိုင်ရန် စီစဉ်လျက်ရှိပြီး တာဝန်ပျက်ကွက်သည့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားထားကြောင်း၊ နောင်ကာလများတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ထုတ်လုပ်နိုင်ရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုက်ပွဲရှောင်ပြည်သူများ နေရပ်ပြန်လည်နေထိုင်နိုင်ရေးနှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် ထာဝရခိုင်မြဲသည့် ပြည်ထောင်စုကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများကိုဖြေရှင်းရာတွင် လုံခြုံရေးတပ်ဖွဲ့များအား ဥပဒေနှင့်အညီသာ ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ လုံခြုံရေးလှည့်ကင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအနေဖြင့် မည်သည့်နယ်ပယ်ကလာသည်ဖြစ်စေ နိုင်ငံတော်ကို ကိုယ်စားပြုသူများဖြစ်သဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးဖြစ်အောင် ဦးတည်ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။ **သတင်းစဉ်**

---

## မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အစားထိုးခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ် ( ၆၅ / ၂၀၂၁ )**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်**
**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်**

**မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အစားထိုးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာစန်းလှိုင် အစား ဦးအောင်ချိန်အား အစားထိုးခန့်အပ်တာဝန်ပေးလိုက်သည်။

**အမိန့်အရ**

**(ပုံ)အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အခမ်းအနားသို့တက်ရောက် အမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတု နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

### Online မှတစ်ဆင့် တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးရဲတင့်၊ ဗိုလ်မှူးချုပ်ဇော်မင်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရန်ကုန်ရုံးမှ ဝန်ထမ်းများ၊ ထပ်ဆင့်လွှင့်စက်ရုံများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများက Online မှတစ်ဆင့် တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားမစတင်မီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ စိန်ရတုအထိမ်းအမှတ်ပြတိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြတိုက်ကမ္ပည်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

### အမွှေးနံ့သာရည် ပက်ဖျန်း

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ပြတိုက်ကမ္ပည်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ပြတိုက်အတွင်းရှိ ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ရေဒီယိုများနှင့် အသံလွှင့်ဆိုင်ရာ စက်ပစ္စည်းများပြခန်း၊ ခေတ်အဆက်ဆက် အသံလွှင့်ဆိုင်ရာစက်ပစ္စည်းများနှင့် Programme အစီအစဉ်များပြခန်း၊ သတင်းနှင့် ပြန်ကြားရေးပြခန်း၊ ခေတ်အဆက်ဆက် ရုပ်မြင်သံကြားထုတ်လွှင့်ရေးဆိုင်ရာ TV အမျိုးအစားများပြခန်း၊ Green Screen Virtual ပြခန်း၊ ပြပြင်တိုင်းတာရေးဆိုင်ရာ စက်ပစ္စည်းများနှင့် လွှင့်စက်/ဖမ်းစက်များပြခန်း၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော Camera များနှင့် ဆက်စပ်ပစ္စည်းများပြခန်း၊ စကားဝိုင်း/ဆွေးနွေးခန်းဆက်တင်ပြခန်း၊ သတင်းဖတ်ကြားသည့်ဆက်တင်ပြခန်း၊ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော MIC များနှင့် တယ်လီဖုန်းပြခန်း၊ ခေတ်အဆက်ဆက် ရိုက်ကူးရေးတွင် အသုံးပြုခဲ့သော တူရိယာပစ္စည်းများပြခန်းနှင့် BBS ခေတ်အသုံးပြုခဲ့သော ထိုင်ခုံများနှင့် Board ပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ စိန်ရတုအထိမ်းအမှတ်ပြတိုက်ကမ္ပည်းဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ သတင်းစဉ်

### စနစ်တကျ ထိန်းသိမ်း

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ရုပ်မြင်သံကြားထုတ်လွှင့်ရေးဆိုင်ရာ စက်ပစ္စည်းများနှင့် အသံလွှင့်ဆိုင်ရာ စက်ပစ္စည်းများသည် ပြန်မရနိုင်သည့် ရှေးဟောင်းစက်ပစ္စည်းများဖြစ်သဖြင့် ယိုယွင်းပျက်စီးမှုမရှိစေရေးအတွက် စနစ်တကျ ထိန်းသိမ်းကြရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့အခမ်းအနားကို စတင်ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "စိန်ရတုအလှမှန် ထာဝရမြန်မာ့အသံ" သီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ စိန်ရတုခရီးသမိုင်းမှတ်တိုင် Documentary အစီအစဉ် ဗီဒီယိုမှတ်တမ်းကို ပြသသည်။

*စာမျက်နှာ ၅ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိန်ရတုအထိမ်းအမှတ် ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ ကျရောက်သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာပါစေကြောင်း၊ ဝန်ထမ်းတိုင်းအနေဖြင့် ရတုအခမ်းအနားများကို ဝန်ထမ်းသက်တမ်းတစ်လျှောက်တွင် နှစ်ကြိမ်ခန့် ကြုံတွေ့ရနိုင်ပြီး ရတုနေ့ရက်များသည် ဘဝတွင် မမေ့နိုင်သည့် အဖိုးတန်နေ့ရက်များပင်ဖြစ်ကြောင်း ဖြင့် ဦးစွာပြောကြားသည်။

**အမျိုးသားအသံလွှင့်ဌာနတစ်ခုအဖြစ် အစပျိုးခဲ့**

ထို့နောက် မြန်မာ့မီဒီယာလုပ်ငန်းသည် ၁၈၇၄ ခုနှစ်၊ မတ်လ ၉ ရက် (မင်းတုန်းမင်းလက်ထက်) ရတနာပုံ သတင်းစာမှ စခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ အသံလွှင့်လုပ်ငန်းများသည် ၁၉၃၇ ခုနှစ်က စတင်ခဲ့သော်လည်း လွတ်လပ်သော အမျိုးသားအသံလွှင့်လုပ်ငန်း မဟုတ်ခဲ့ကြောင်း၊ ၁၉၄၅ ခုနှစ်၊ မတ်လဆန်း၌ ရန်ကုန်မြို့တွင် မြန်မာ့တော်လှန်ရေးတပ်မတော်အသံလွှင့်ဌာနကို ထူထောင်ခဲ့ပြီး လွတ်လပ်သော အမျိုးသားအသံလွှင့်ဌာနတစ်ခုအဖြစ် အစပျိုးခဲ့ကြောင်း။

၁၉၄၅ ခုနှစ်၊ မေလဆန်းတွင် ရန်ကုန်မြို့ ရွှေတောင်ကြား၌ ရန်ကုန်ရေဒီယို (Rangoon Radio) အမည်ဖြင့် ထုတ်လွှင့်ခဲ့ပြီး ၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ရန်ကုန်ရေဒီယိုမှ "ဗမာ့အသံ" (Burma Broadcasting Service – BBS)အဖြစ် အမည်ပြောင်းခဲ့ကြောင်း၊ ၎င်းနေ့ကိုပင် ဗမာ့အသံနေ့ဟု ခေတ်အဆက်ဆက်သတ်မှတ်ခဲ့ကြောင်း၊ ၁၉၅၈ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၌ "ဗမာ့အသံ"အမည်မှ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးကို ကိုယ်စားပြုသော "မြန်မာ့အသံ" အမည်သို့ ပြောင်းလဲခဲ့ကြောင်း၊ ၁၉၈၀ ခုနှစ်၊ ဇွန် ၃ ရက်တွင် ရောင်စုံရုပ်မြင်သံကြား ထုတ်လွှင့်ခြင်းလုပ်ငန်းများကို စတင်ခဲ့ပြီး ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်တွင် "မြန်မာ့အသံနှင့်ရုပ်မြင်သံကြား" (Myanmar Radio and Television – MRTV) ဟု အမည်ပြောင်းလဲခဲ့ကြောင်း။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်နေ့၌ Myanmar Radio အမည်ဖြင့် အင်္ဂလိပ်ဘာသာသီးသန့် FM Channel အသစ်တစ်ခုနှင့် MRTV ရုပ်သံလိုင်းအစီအစဉ်၌လည်း အင်္ဂလိပ်ဘာသာဖြင့် သတင်းထုတ်လွှင့်မှုကို စတင်သွားမည်ဟု သိရှိရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ အင်္ဂလိပ်ပိုင်းဆိုင်ရာများကို ထုတ်လွှင့်ရာတွင် အသံထွက် ပီသမှုရှိစေရေး ဂရုပြုရမည်ဖြစ်ကြောင်း၊ အင်္ဂလိပ်ပိုင်းဆိုင်ရာအစီအစဉ်များ ထုတ်လွှင့်ရာတွင် ပြည်သူကို ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်တို့အပြင် အတတ်ပညာတစ်ခု ရရှိစေနိုင်သည်အထိ ကြိုးပမ်းတင်ဆက်သွားကြရန် တိုက်တွန်းလိုကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် သမိုင်းအစဉ်အလာကြီးမားသော ဌာနကြီးဖြစ်သည်နှင့်အညီ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုခေတ်၊ ပါလီမန်ဒီမိုကရေစီခေတ်၊ အိမ်စောင့်အစိုးရနှင့် တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်၊ ပါတီစုံဒီမိုကရေစီခေတ်၊ ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကာလတို့၌ ခေတ်အဆက်ဆက် သမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အစဉ်အလာအလွန်ကြီးမားခဲ့ပြီး ရှေးယခင်ကတည်းကပင် ရေဒီယိုအစီအစဉ်များတွင် စိတ်ဝင်စားစရာ၊ ပညာရစရာကောင်းသည့်အစီအစဉ်များရှိခဲ့ကြောင်း၊ ဇာတ်လမ်းပမာနားဆင်စရာအစီအစဉ်များကို နားထောင်ခဲ့ရပြီး စာရေးဆရာကြီးသော်တာဆွေ၏ "လူ့မနော"ဆိုသည့် ဇာတ်လမ်းတင်ဆက်မှုကို ယနေ့တိုင်အမှတ်ရနေမိကြောင်း၊ လူတို့၏စိတ်အကြောင်းကို တင်ဆက်ထားခြင်းဖြစ်သဖြင့် အသိအမြင်များစွာရရှိခဲ့ကြောင်း။

**တိုင်းနှင့်ပြည်နယ် ဘောလုံးပြိုင်ပွဲစတင်ခဲ့**

မြန်မာ့အသံမှ ဘောလုံးပွဲများအား တိုက်ရိုက် အသံထုတ်လွှင့်ခြင်းလုပ်ငန်းကို ၁၉၅၇ ခုနှစ် တိုင်းနှင့်ပြည်နယ် ဘောလုံးပြိုင်ပွဲက စတင်ခဲ့သည်ဟု သိရှိရကြောင်း၊ ထုတ်လွှင့်ခဲ့သူတို့မှာ ဦးကျော်ငြိမ်းနှင့် ဦးခင်မောင်တို့ဖြစ်ကြောင်း၊ တိုက်ရိုက်ထုတ်လွှင့်မှုများကို နားဆင်ပြီး တကယ့်ဘောလုံးပွဲကို ကြည့်ရှုနေရသကဲ့သို့ ခံစားခဲ့ရကြောင်း၊ ထိုစဉ်က အစီအစဉ် တင်ဆက်သူများဖြစ်သည့် ဦးမောင်မောင်ရင်၊ ဦးမောင်မောင်သီ၊ ဦးဇော်ဝင်းတို့၏ တင်ဆက်ပုံများမှာ အမှတ်ရဖွယ် ဖြစ်ကြောင်း။

**အချိန်နှင့်တစ်ပြေးညီ တင်ဆက်**

မိမိတို့ခေတ်ကာလတွင် မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့သည့် ဇာတ်လမ်းပမာနားဆင်စရာကဏ္ဍ၊ ရေဒီယိုဇာတ်လမ်းနှင့် အသံလွှင့်ဇာတ်လမ်းတို့မှ ပေးသည့် အသိပညာ၊ အတွေ့အကြုံများမှာ တန်ဖိုးမဖြတ်နိုင်စရာဖြစ်ပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ကို သာမက လူတို့၏စိတ်နှလုံးကို တက်ကြွအောင် (Motivation) လုပ်ပေးနိုင်ခဲ့ကြောင်း၊ မီဒီယာသည် စတုတ္ထမဏ္ဍိုင်ဖြစ်သဖြင့် အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊ မြန်မာ့ယဉ်ကျေးမှုကို မထိခိုက်စေရန်လည်း ဂရုပြုရမည်ဖြစ်ကြောင်း၊ သတင်းနှင့်ပတ်သက်လာပါက မြန်ရမည်၊ မှန်ရမည်ဖြစ်ပြီး အကျိုးရှိမည့် သတင်းများကို တင်ဆက်နိုင်ရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုသိရှိရန် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ တင်ဆက်နိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် စာအုပ်စာပေ ဖတ်ရှုမှုနှုန်း အားနည်းလာပြီး အွန်လိုင်းမီဒီယာများတွင်သာ အချိန်ကုန်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အွန်လိုင်းမီဒီယာများကို လွဲမှားစွာအသုံးချပါက အန္တရာယ်ကြီးမားစွာဖြစ်စေနိုင်သဖြင့် မိမိတို့အတွက် အကျိုးရှိနိုင်သည့် အသုံးပြုမှုများကိုသာ ဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ ရည်မှန်းချက်ဖြစ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်၊ စစ်မှန် စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်တို့ကို အောင်မြင်စွာ တည်ဆောက်နိုင်ရန် နိုင်ငံသူ၊ နိုင်ငံသားအားလုံး သိသင့်သိထိုက်သော ဗဟုသုတပညာများ ရှိရန်လိုအပ်ကြောင်း၊ ယင်းပညာဗဟုသုတတို့ကို ပြည်သူတို့ လက်ဝယ်အရောက်ပို့နိုင်သည်မှာ ပြန်ကြားရေးနှင့် မီဒီယာလုပ်ငန်းသာ ဖြစ်ကြောင်း။

**ထိထိရောက်ရောက်ဆောင်ရွက်**

ရှင်မဟာရဋ္ဌသာရ ဆုံးမခဲ့သည့် "မှတ်ဖွယ်မှတ်ရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်၊ ဖတ်ပြန်သော်ကြား၊ ဖတ်ဖန်များက၊ သားမယားပင်၊ သိမြင်ကင်းကွာ၊ မလိမ္မာလည်း၊ စာပေစကား၊ နေ့တိုင်းကြားက၊ ထူးခြားလိမ္မာ ရှိသည်သာတည်း" ဆိုသည့် စကားအတိုင်း နိုင်ငံသူ၊ နိုင်ငံသားတိုင်း အသိပညာဗဟုသုတများ နေ့စဉ်ရရှိနေစေရေး၊ နေ့စဉ်တွေ့မြင်နေစေရေး၊ နေ့စဉ်ထိတွေ့နေစေရေး ဆောင်ရွက်ရင်းဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ၌ ပါဝင်ကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တိုင်းပြည်၏ ပကတိအခြေအနေမှန်များကို နိုင်ငံတကာက သိရှိအောင် ထိထိရောက်ရောက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ (၇၅)နှစ်မြောက် စိန်ရတုနေ့မှသည် နိုင်ငံတော်အတွက် ထာဝရရှိနေမည့် နိုင်ငံတော်က အားထားရသော၊ ပြည်သူက အားကိုးရသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖြစ်ပါစေကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် လက်ခံရယူစဉ်။ သတင်းစဉ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တပ်မတော်စက်ရုံထုတ် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

**ခင်းကျင်းပြသထားမှုကို လိုက်လံကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအမှတ်တရပစ္စည်း အရောင်းဆိုင်နှင့် တိုင်းရင်းသားဘာသာအစီအစဉ်တွင် တာဝန်ထမ်းဆောင်နေကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ရိုးရာအစားအစာများ ခင်းကျင်းပြသထားမှုကို လိုက်လံကြည့်ရှုပြီး တက်ရောက်လာကြသူများနှင့် ဝန်ထမ်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ဇော်မင်းထွန်းတို့နှင့်အတူ Myanmar Radio (အင်္ဂလိပ်ပိုင်းအစီအစဉ်)နှင့် မြန်မာ့ရုပ်မြင်သံကြား(MRTV)၏ အင်္ဂလိပ်ပိုင်း သတင်းအစီအစဉ်တို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထုတ်လုပ်/ထုတ်လွှင့်မှု ထူးချွန်ဆုရရှိကြသူများ၊ တင်ဆက်မှု ထူးချွန်ဆုရရှိကြသူများ၊ စက်ပိုင်းဆိုင်ရာ ထူးချွန်ဆုနှင့် ရိုက်ကူးရေးပိုင်းဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ ဌာနခွဲအလိုက် စံပြဆုရရှိကြသူများ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသူများနှင့် ထပ်ဆင့်လွှင့်စက်ရုံများ စွမ်းဆောင်ရည်ဆုရရှိကြသည့် စက်ရုံများမှ တာဝန်ရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "အသစ်တစ်ဖန် ခေတ်သဏ္ဌာန် MRTV" တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလ (၁၅ )ရက်နေ့တွင် "ဗမာ့အသံ" (Burma Broadcasting Service–BBS) အမည်ဖြင့် စတင်တည်ထောင်ခဲ့ကြောင်း၊ ထို့နောက် အင်္ဂလိပ်ခေတ်၊ ဒုတိယကမ္ဘာစစ်ကာလ၊ ဂျပန်ခေတ်၊ ပါလီမန် ဒီမိုကရေစီခေတ်များတွင် နေရာပြောင်းရွှေ့ပြီး အမည်နာမမျိုးစုံဖြင့် ဖြတ်သန်းခဲ့ကြောင်း၊ ၁၉၇၂ ခုနှစ် မတ်လ ၁၆ ရက်တွင် ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနအဖြစ် အမည်ပြောင်းလဲခဲ့ကြောင်း၊ ၁၉၈၀ ပြည့်နှစ် ဇွန်လ ၃ ရက်တွင် ရောင်စုံရုပ်မြင်သံကြားကို စမ်းသပ်ထုတ်လွှင့်ခဲ့ရာမှ နိုဝင်ဘာလ ၁ ရက်မှစ၍ ရုပ်မြင်သံကြားအစီအစဉ်များကို ရောင်စုံဖြင့် ထုတ်လွှင့်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းနောက် မူလရေဒီယို အသံလွှင့်လုပ်ငန်းနှင့် ပူးပေါင်းပြီး ၁၉၈၁ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် မြန်မာ့ရုပ်မြင်သံကြားနှင့် အသံလွှင့်ဦးစီးဌာန (Myanmar Television and Radio Department –MTRD) အမည်ဖြင့် ပြင်ဆင်ခဲ့ပြီး ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) အမည်ကို ပြောင်းလဲကာ ယနေ့တိုင် ခေါ်ဝေါ်သတ်မှတ်ခဲ့ကြောင်း။

MRTV Channel အပြင် တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် ထုတ်လွှင့်နေသည့် တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း( NRC)၊ လွှတ်တော်ရုပ်သံလိုင်း (Hluttaw Channel)၊ တောင်သူလယ်သမားရုပ်သံလိုင်း(Farmer's Channel) နှင့် ပြည်တွင်းပြည်ပ အားကစား ရုပ်သံလိုင်း (MRTV Sport Channel)တို့ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုးချဲ့ထုတ်လွှင့်ပေးခဲ့ကြောင်း၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းကို ကချင်၊ ကယား၊ စကောကရင်၊ အရှေ့ပိုးကရင်၊ အနောက်ပိုးကရင်၊ ချင်း(ချိုး)၊ ချင်း(လိုင်ဇိုး)၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် "ဝ"ဘာသာ စသည့် တိုင်းရင်းသား ၁၁ ဘာသာနှင့် ၄ လ တစ်ကြိမ် နာရီစဉ် အလှည့်ကျနှင့် ဘာသာစကားအလိုက် ထုတ်လွှင့်မှုကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း။

ယနေ့အချိန်တွင် MRTV ၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်အဖြစ် အောင်မြင်မှုများကို မှတ်တမ်းတင် ဂုဏ်ပြု တင်ဆက်ပေးလျက်ရှိကြောင်း၊ ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ၁၉၄၆ ခုနှစ်မှ စတင် ရှင်သန်ပေါက်ဖွားလာခဲ့သည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် စိန်ရတုသက်တမ်းတိုင်အောင် ခေတ်အဆက်ဆက်တွင် တိုးတက်ပြောင်းလဲမှုများနှင့် နိုင်ငံပိုင် မီဒီယာကြီးတစ်ခုအဖြစ် မားမားမတ်မတ် ရပ်တည်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးရဲတင့်နှင့် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းတို့က Myanmar Radio (အင်္ဂလိပ်ပိုင်းအစီအစဉ်)နှင့် မြန်မာ့ရုပ်မြင်သံကြား (MRTV)၏ အင်္ဂလိပ်ပိုင်း သတင်းအစီအစဉ်တို့ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ သတင်းစဉ်

# အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ( ၇ / ၂၀၂၂)**
**အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
**၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၃။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် –

“(က) **သတင်းအချက်အလက်** ဆိုသည်မှာ အချက်အလက် (Data)၊ မူရင်းစာ (Text)၊ ပုံရိပ် သင်္ကေတ(Image)၊ အသံ (Voice)၊ ဗီဒီယို (Video)၊ သင်္ကေတ (Code)၊ ဆော့ဖ်ဝဲ (Software)၊ အပလီကေးရှင်း (Application) နှင့် အချက်အလက် အစုအဝေး (Database) တို့ကို ဆိုသည်။”

၄။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၂
ပုဒ်မခွဲ (ဋ) ၏ နောက်တွင် ပုဒ်မခွဲ (ဌ)၊ ပုဒ်မခွဲ (ဍ)၊ ပုဒ်မခွဲ (ဎ)၊ ပုဒ်မခွဲ (ဏ)၊ ပုဒ်မခွဲ (တ)၊ ပုဒ်မခွဲ(ထ)နှင့် ပုဒ်မခွဲ (ဒ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

“(ဌ) **ကိုယ်ရေးဆိုင်ရာအချက်အလက်** ဆိုသည်မှာ လူတစ်ဦးတစ်ယောက်နှင့် ဆက်နွယ်သည့် မည်သူမည်ဝါအဖြစ် အတည်ပြုပြီးသော သို့မဟုတ် အတည်ပြုနိုင်သော မည်သည့် အချက်အလက်ကိုမဆို ဆိုသည်။

(ဍ) **ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို စီမံထိန်းသိမ်းရန်တာဝန်ရှိသူ** ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်အရဖြစ်စေ၊ ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို ကောက်ခံခြင်း၊ စုဆောင်းသိမ်းဆည်းခြင်းနှင့် အသုံးပြုခြင်းတို့အား ဆောင်ရွက်နိုင်သည့် အခွင့်အာဏာရှိသော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ တာဝန်ပေးအပ်ခြင်းခံရသော ပုဂ္ဂိုလ်နှင့် ယင်း၏ ဝန်ထမ်းများကိုဆိုသည်။

(ဎ) **စီမံခန့်ခွဲခြင်း** ဆိုသည်မှာ ကိုယ်ရေးဆိုင်ရာအချက်အလက်ကို ကောက်ယူခြင်း၊ ရယူခြင်း၊ လွှဲပြောင်းခြင်း၊ ဖြန့်ဝေခြင်း၊ တွဲဖက်ဆောင်ရွက်ခြင်း၊ တားမြစ်ခြင်း၊ ဖျက်ဆီးခြင်း၊ မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သိမ်းဆည်းခြင်း၊ ပြောင်းလဲခြင်း၊ သိမ်းဆည်းထားသည်များကို ပြန်လည်ကောက်ယူခြင်း၊ အကြံပြုခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းကိုဆိုသည်။

(ဏ) **ဆိုက်ဘာအရင်းအမြစ်** ဆိုသည်မှာ ကွန်ပျူတာ၊ ကွန်ပျူတာစနစ်၊ ကွန်ပျူတာ ပရိုဂရမ် သို့မဟုတ် ပရိုဂရမ်၊ ကွန်ရက်၊ ဆက်သွယ်ရေးပစ္စည်းနှင့် အချက်အလက် တို့ကို ဆိုသည်။

(တ) **မောလ်ဝဲရ် (Malware)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်အား အနှောင့်အယှက် ဖြစ်စေသော သို့မဟုတ် အန္တရာယ်ဖြစ်စေသော အဖျက်အမှောင့်ကုဒ် (Malicious Code)ကို ဆိုသည်။

(ထ) **ဆိုက်ဘာနယ်ပယ် (Cyber Space)** ဆိုသည်မှာ သတင်းအချက်အလက် နည်းပညာ အခြေခံ ကွန်ရက်စနစ်တွင် ဆိုက်ဘာအရင်းအမြစ်များကိုအသုံးပြု၍ သတင်းအချက်အလက်၊ အချက်အလက် အစုအဝေး၊ အီလက်ထရောနစ် သတင်းအချက်အလက်၊ ကွန်ပျူတာပရိုဂရမ်၊ ဆော့ဖ်ဝဲ (Software)၊ အပလီကေးရှင်း (Application) တစ်ခုခုကိုအသုံးပြုပြီး အီလက်ထရောနစ် သတင်းအချက်အလက်များအား ကွန်ရက်တစ်ခုအတွင်းဖြစ်စေ၊ ကွန်ရက်အချင်းချင်း ချိတ်ဆက်၍ဖြစ်စေ အပြန်အလှန်အားဖြင့် ပေးပို့ခြင်း၊ ဆက်သွယ်ခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် လက်ခံရယူခြင်း ဆောင်ရွက်နိုင်သည့် ဝန်းကျင်နယ်ပယ်ကိုဆိုသည်။

(ဒ) **ဆိုက်ဘာတိုက်ခိုက်မှု** ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ် တစ်ရပ်ရပ်ကို အသုံးပြု၍ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားလုံခြုံရေး သို့မဟုတ် အများပြည်သူ၏ လုံခြုံရေးနှင့် အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးစေရေးတို့ကို ရည်ရွယ်သည့် တိုက်ခိုက်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ကျူးလွန်ရန်အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက်ခြင်းကို ဆိုသည်။”

၅။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဌ)၊ ပုဒ်မခွဲ(ဍ) နှင့် ပုဒ်မခွဲ (ဎ)တို့ကို ပုဒ်မခွဲ (ဓ)၊ ပုဒ်မခွဲ(န)နှင့် ပုဒ်မခွဲ(ပ)တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၆။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

“(စ) အများပြည်သူတို့၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်များကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်။”

၇။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ အခန်း(၁၀)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

**“အခန်း (၁၀)**
**ကိုယ်ရေးဆိုင်ရာအချက်အလက်ကာကွယ်ခြင်း**

၂၇–က။ ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို စီမံထိန်းသိမ်းရန် တာဝန်ရှိသူသည်–

(၁) မိမိတာဝန်ခံဆောင်ရွက်ရသည့် ကိုယ်ရေးဆိုင်ရာအချက်အလက်ကို အမျိုးအစား၊ လုံခြုံမှုအဆင့်အတန်းအလိုက် ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရမည်။

(၂) တည်ဆဲဥပဒေ တစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်အရ ခွင့်ပြုချက် သို့မဟုတ် ကိုယ်ရေး ဆိုင်ရာ အချက်အလက်ပိုင်ရှင်၏ ခွင့်ပြုချက်အရမှအပ မိမိ၏ စီမံခန့်ခွဲမှုအောက်ရှိ ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို အခြားသူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသို့ ကိုယ်ရေးဆိုင်ရာ အချက်အလက် တစ်စုံတစ်ရာအား စိစစ်ရန် ခွင့်ပြုခြင်း၊ ဖွင့်ချခြင်း၊ အသိပေးခြင်း၊ ဖြန့်ဝေခြင်း၊ ပေးပို့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း၊ မိတ္တူကူးယူခြင်း သို့မဟုတ် သက်သေခံအဖြစ် တင်သွင်းခြင်း မပြုရ။

(၃) ဦးတည်ချက်နှင့် ကိုက်ညီမှုနှင့်ကန်မှုမရှိသည့် စီမံခန့်ခွဲခြင်းကိစ္စရပ်များအတွက် ကိုယ်ရေးဆိုင်ရာ အချက်အလက်တို့ကို သုံးစွဲခြင်းမပြုရ။

(၄) အချိန်ကာလ အကန့်အသတ်ဖြင့်အသုံးပြုရန် ရည်ရွယ်ကောက်ယူထားသော ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို သတ်မှတ်အချိန်ကာလ ကျော်လွန်ပါက စနစ်တကျ ဖျက်ဆီးရမည်။

၂၇–ခ။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကိုယ်ရေးဆိုင်ရာအချက်အလက် အပါအဝင် သတင်းအချက်အလက်ကို လက်ခံရရှိသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသည် လည်းကောင်း၊ ယင်း၏ ကိုယ်စား တာဝန်လွှဲအပ်ခြင်းခံရသော သို့မဟုတ် ညွှန်ကြားမှုအောက်တွင်ရှိသော ပုဂ္ဂိုလ်သည်လည်းကောင်း မိမိရရှိထားသည့် သတင်းအချက်အလက်များကို ဥပဒေအရထုတ်ဖော်ပြောဆိုရန် တာဝန်ရှိမှုမှတစ်ပါး လျှို့ဝှက်ထားရမည်။

၂၇–ဂ။ ကိုယ်ရေးဆိုင်ရာအချက်အလက် စီမံခန့်ခွဲခြင်းကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များ သက်ဆိုင်ခြင်း မရှိစေရ –

(၁) ဗဟိုအဖွဲ့က တာဝန်ပေးအပ်သောအစိုးရဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့က ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာ အလွဲအသုံးပြုခြင်း၊ ဆိုက်ဘာမတော်တဆမှုများ ဖြစ်ပွားခြင်း သို့မဟုတ် ဆိုက်ဘာမှုခင်းနှင့် သက်ဆိုင်၍ ဟန့်တားကာကွယ်ခြင်း၊ ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တရားရုံးတစ်ခုခုတွင် သက်သေခံ အဖြစ် တင်သွင်းခြင်း၊

(၂) ဗဟိုအဖွဲ့က တာဝန်ပေးအပ်ထားသော အစိုးရဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့က ပြစ်မှုဆိုင်ရာကိစ္စရပ်များအလိုက် စီမံဆောင်ရွက်ခွင့်အာဏာအရ ဆောင်ရွက်သည့် ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းရယူစုစည်းခြင်း၊ တရားစွဲဆိုတင်ပို့ခြင်းနှင့် တရားရုံး တစ်ခုခုတွင် သက်သေခံအဖြစ် တင်သွင်းခြင်း၊

(၃) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းဆိုင်ရာ ကိစ္စရပ်များသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေး၊ အမျိုးသား လုံခြုံရေးကိစ္စရပ်များနှင့် သက်ဆိုင်သော စီမံဆောင်ရွက်ပိုင်ခွင့် အာဏာအရ ဆောင်ရွက်သည့် ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းရယူ စုစည်းခြင်း၊ သတင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၄) ပုဒ်မခွဲ (၃) ပါ ကိစ္စရပ်များအား စီမံဆောင်ရွက်ရာတွင် ဗဟိုအဖွဲ့က ဖြစ်စေ၊ ဗဟိုအဖွဲ့က တာဝန်ပေးအပ်သောဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ စီမံပိုင်ခွင့်အာဏာခွဲခြား သတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ခြင်း။”

၈။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ အခန်း(၁၀)၊ (၁၁)၊ (၁၂)နှင့် (၁၃)တို့ကို အခန်း(၁၁)၊ (၁၂)၊ (၁၃) နှင့် (၁၄) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၉။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၈ ၏နောက်တွင် ပုဒ်မ ၃၈–က၊ ၃၈–ခ၊ ၃၈–ဂ၊ ၃၈–ဃ နှင့် ၃၈–င တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

“၃၈–က။ ကိုယ်ရေးဆိုင်ရာအချက်အလက်များအား စီမံထိန်းသိမ်းရန် တာဝန်ရှိသူသည် ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲခြင်းမပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈–ခ။ မည်သူမဆိုသက်ဆိုင်ရာပုဂ္ဂိုလ်၏ခွင့်ပြုချက်မရှိဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို ရယူခြင်း၊ ဖွင့်ချခြင်း၊ အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ဖြန့်ဝေခြင်း၊ တစ်ဦးတစ်ယောက်ထံသို့ ပေးပို့ခြင်း သို့မဟုတ် အလွဲအသုံးပြုခြင်းဖြစ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈–ဂ။ မည်သူမဆို ဆိုက်ဘာနယ်ပယ်တွင် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်၊ အယုံအကြည်ပျက်စေရန်၊ အကြည်ညိုပျက်စေရန် သို့မဟုတ် အသင်းအဖွဲ့ကွဲစေရန်ရည်ရွယ်၍ သတင်းတု သို့မဟုတ် သတင်းမှား ပြုလုပ်ဖန်တီးခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈–ဃ။ မည်သူမဆို နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခြိမ်းခြောက်နှောင့်ယှက်ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ဆိုက်ဘာအရင်းအမြစ်ကို ရယူပိုင်ခွင့်မရှိအောင် တားဆီးခြင်း၊ ခက်ခဲအောင် ပြုလုပ်ခြင်း သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ ဆိုက်ဘာအရင်းအမြစ်ကို ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားခြင်း၊ ခွင့်ပြုထားသည်ထက်ပို၍ အသုံးပြုခြင်း၊ တစ်စုံတစ်ယောက်ကို ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် ကွန်ပျူတာတွင် မောလ်ဝဲရ်ထည့်သွင်းခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်မှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းသုံးရာထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈–င။ မည်သူမဆို နိုင်ငံတော်နှင့်အခြားနိုင်ငံတို့၏ ရင်းနှီးသောဆက်ဆံရေးကို ထိခိုက် ပျက်ပြားစေနိုင်သည့် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အခြားနိုင်ငံတစ်ခုခု၏ အကျိုးစီးပွားအလို့ငှာလည်းကောင်း၊ နိုင်ငံတော်နှင့် အခြားနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နေသော လုံခြုံရေးအရ လျှို့ဝှက်ထားသည့် ဆိုက်ဘာအရင်းအမြစ်ကို ခွင့်ပြုချက်မရှိဘဲ ထိုးဖောက်ဝင်ရောက်ရန်ကြိုးစားခြင်း သို့မဟုတ် ခွင့်ပြုထားသည်ထက်ပို၍အသုံးပြုခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်မှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။”

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်–

**(ပုံ)မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# COVID-19 ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်

တိုင်းရင်းသားပြည်သူအားလုံးရဲ့ ကျန်းမာကြံ့ခိုင်ရေးနဲ့ ပတ်သက်ပြီး ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့မှ အားသွန်ခွန်စိုက်ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ ကမ္ဘာအနှံ့ဖြစ်ပွားနေတဲ့ COVID-19 ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံ့စွမ်းအားတွေ၊ ပြည်သူလူထုရဲ့ ကျန်းမာကြံ့ခိုင်ရေးအခြေအနေတွေ မယုတ်လျော့စေဖို့ ကျွန်တော်တို့ အထူးဂရုစိုက်ဆောင်ရွက်လျက်ရှိနေပါတယ်။ ရှေ့တန်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ကျန်းမာရေးဝန်ထမ်းအားလုံးနီးပါးနဲ့ စေတနာ့ဝန်ထမ်းများ၊ ဝန်ကြီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးနှင့်အထက် နိုင်ငံ့ဝန်ထမ်းအချို့ကို ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ဖြစ်ပါတယ်။ မိမိအိမ်တွင် နေထိုင်ရေးအစီအစဉ်(Stay at Home)နဲ့ အကျုံးဝင်တဲ့ မြို့နယ်များမှာ နေထိုင်တဲ့ အသက်(၆၅)နှစ်အထက်ရှိ မိဘပြည်သူများကို စတင်ထိုးနှံပေးလျက်ရှိပြီး ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါတယ်။ ဒီနေ့မှာဆိုရင် အိန္ဒိယနိုင်ငံက COVID-19 ကာကွယ်ဆေး COVISHIELD injection ဆေး (၂ သန်း) ဒုတိယအသုတ် ရောက်ရှိလာမှာဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၁-၂-၂၀၂၁ ရက်နေ့ နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး


**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား Video Conferencing ဖြင့် တွေ့ဆုံ ဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ယခုလ ၅ ရက်နေ့ တွေ့ဆုံဆွေးနွေးပြီး နောက်ပိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံသူနိုင်ငံသားများ လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ နိုင်ငံတွင်ဖြစ်ပေါ်နေသော ဖြစ်စဉ်မှန် အခြေအနေမှန်များကို နိုင်ငံတကာမှ သိရှိနိုင်ရေး ဆောင်ရွက်ထားသည့် အခြေအနေများ၊ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးမှုအခြေအနေများနှင့် နိုင်ငံစီးပွားရေး တည်ငြိမ်စွာပုံမှန်လည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဝန်ထမ်းများအပန်းဖြေရိပ်သာ ဖွင့်လှစ်




**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဝန်ထမ်းများအပန်းဖြေရိပ်သာ (Recreation Centre) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဖွင့်ပွဲအခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးရဲတင့်နှင့် ဗိုလ်မှူးချုပ် ဇော်မင်းထွန်း တို့က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅)နှစ်မြောက် စိန်ရတု အထိမ်းအမှတ် ဝန်ထမ်းများ အပန်းဖြေရိပ်သာ (Recreation Centre)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဓါတ်ပုံ)

**ရှင်းလင်းပြသ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများသည် အပန်းဖြေရိပ်သာရှိ Indoor Game ခန်းမ၊ Mind Game ခန်းမ၊ Songster အခန်း၊ Fitness အခန်းနှင့် Lobby အခန်းတို့ကို လှည့်လည်ကြည့်ရှုရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

သတင်းစဉ်

# မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတို့ လုပ်ငန်းညှိနှိုင်းစည်းဝေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့် အမှတ် (၂) သတ္တုတွင်းလုပ်ငန်းတို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် (၁၉) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

**ကျောက်မျက်အလတ်စားလုပ်ကွက် ချထားပေးရန်**

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းဖြစ်ပေါ်လာပုံနှင့် ဝန်ထမ်းအင်အား၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းမှု၊ ရတနာနယ်မြေ သတ်မှတ်ထားရှိမှု၊ ကျောက်မျက်ရတနာလုပ်ကွက်များ လုပ်ကိုင်ခွင့်ချထားမှု၊ ၂၀၁၉ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာဥပဒေအရ ကျောက်မျက်ရတနာ လက်လုပ်လက်စား လုပ်ကွက်များကို လုပ်ကိုင်ခွင့်ပြုခြင်း၊ ကျောက်မျက်ရတနာ အလတ်စား၊ အသေးစားနှင့် လက်လုပ်လက်စား လုပ်ကွက်များ ဧရိယာသတ်မှတ်မှု၊ ကျောက်မျက်ရတနာရောင်းချခြင်း၊ ရုပ်တုရုပ်ထွင်း ထုလုပ်ခြင်း၊ လုပ်ငန်းလိုင်စင်များ ချထားပေးမှု၊ ကျောက်မျက်ရတနာကဏ္ဍမှ ရငွေများ၊ မြန်မာ့ကျောက်မျက်ရတနာနည်းဥပဒေများ ထွက်ရှိပါက ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့် ဝန်ကြီးဌာနက စီမံခန့်ခွဲမည့် ကျောက်မျက်ရတနာ အလတ်စားလုပ်ကွက်များ လုပ်ကိုင်ခွင့် ချထားပေးနိုင်ရန် ဆောင်ရွက်ထားမှု၊ ခွင့်ပြုရမည့် လိုင်စင်အမျိုးအစား (၅)မျိုး၊ လုံးခင်း/ဖားကန့်ရတနာနယ်မြေရှိ တရားမဝင် ကျောက်စိမ်းရိုင်းရှာဖွေမှု ကိစ္စတို့အား အသေးစိတ်ရှင်းလင်းတင်ပြသည်။

**မြန်မြန်ဆန်ဆန် ညှိနှိုင်းတိုင်ပင်**

ယင်းနောက် အမြဲတမ်းအတွင်းဝန် ဦးမင်းမင်းဦးနှင့် ဝန်ကြီးဌာန ဥပဒေဆိုင်ရာအကြံပေးတို့က ဖြည့်စွက်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းပြီး စုပေါင်းဦးဆောင်မှုဖြင့် ရည်မှန်းချက် တာဝန်များ အောင်မြင်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အရှိန်အဟုန်မပျက် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း (IEE)၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP)၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (EIA) များ စနစ်တကျရေးဆွဲပြီး တိကျစွာ လိုက်နာဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ လုပ်ငန်းဌာနအချင်းချင်း လုပ်ငန်းကြန့်ကြာမှု မရှိစေဘဲ အောင်မြင်စေရေး စေတနာဖြင့် အပြန်အလှန် ကူညီဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် လုပ်ငန်းဌာနအားလုံး မြန်မြန်ဆန်ဆန် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန် မှာကြားသည်။

**ရွှေသတ္တုလုပ်ကွက် ထုတ်လုပ်မှု**

ထို့နောက် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးဇော်က အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံနှင့် ခန့်အပ်ထားရှိပြီးသော ဝန်ထမ်းအင်အား အခြေအနေ၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ပုဂ္ဂလိကကုမ္ပဏီများ (Production Sharing Contract-PSC) (ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် လုပ်ငန်းသဘောတူစာချုပ်) စနစ်ဖြင့် ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ရွှေသတ္တု၊ ခဲမဖြူသတ္တု၊ အဖြိုက်နက်သတ္တု လုပ်ကွက်တို့၏ ထုတ်လုပ်မှုလျာထားချက်၊ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိနိုင်မှု အခြေအနေများနှင့် ခ‌ောတ်သတ္တုခွန်နှင့် ဌာနအချိုးရရှိမှု၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ ဝင်ငွေလျာထားချက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ် အပြီးသတ် အစီရင်ခံစာထုတ်ပြန်နိုင်ရေးအတွက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှု မူဝါဒ လေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်၏ အပြီးသတ် အစီရင်ခံစာ ထုတ်ပြန်နိုင်ရေးအတွက် Trade Policy Review Body – TPRB Virtual Meeting အစည်းအဝေးကို GIZ နှင့် ARISE Plus စီမံကိန်းတို့၏ အကူအညီဖြင့် ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၇ ရက်တို့၌ ကျင်းပလျက်ရှိသည်။ **(ယာပုံ)**



အဆိုပါ Virtual Meeting တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမင်းမင်း တက်ရောက်အမှာစကားပြောကြားပြီး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ၊ အဖွဲ့ဝင်များ၏ မေးမြန်းချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးမည့် ဘာသာရပ်ဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ၊ TPR Technical Team မှ ကိုယ်စားလှယ်များဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြေညီထပ်ရှိ အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ရန်ကုန်မြို့မှ ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များက အွန်လိုင်းမှတစ်ဆင့် လည်းကောင်း တက်ရောက်ဆွေးနွေးကြသည်။

**ပိုမိုချောမွေ့သည့် ကုန်သွယ်မှုစနစ်**

အဆိုပါ အစည်းအဝေးကို မြန်မာနိုင်ငံအနေဖြင့် နိုင်ငံစုံကုန်သွယ်မှု သဘောတူညီချက်များပါ ပြဋ္ဌာန်းချက်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် ကတိကဝတ်များအား လိုက်ပါဆောင်ရွက်နေမှု အခြေအနေများနှင့် နိုင်ငံ၏ကုန်သွယ်မှု မူဝါဒများ၊ အလေ့အထများကို အဖွဲ့ဝင်နိုင်ငံများကို ပွင့်လင်းမြင်သာမှုရှိစွာ ဖော်ထုတ်ပြသခြင်းဖြင့် ပိုမိုချောမွေ့သည့် ကုန်သွယ်မှုစနစ်အား ဖော်ဆောင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၉၉၅ ခုနှစ်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စတင်ဖွဲ့စည်းစဉ်ကတည်းက မူလအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ခဲ့သော်လည်း နိုင်ငံစုံကုန်သွယ်မှုစနစ်၏ အနှစ်သာရနှင့် တာဝန်ဝတ္တရားများကို ထဲထဲဝင်ဝင် လိုက်ပါဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပေ။ သို့သော်လည်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအနေဖြင့် WTO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ လိုက်ပါဆောင်ရွက်ရမည့် စည်းမျဉ်းသတ်မှတ်ချက်များ လိုက်နာဆောင်ရွက်ရန်အတွက် ကင်းလွတ်ခွင့်ရရှိသည့် အနေအထားဖြင့် ဆက်လက်ရပ်တည်နေခဲ့ပြီး နိုင်ငံတကာအသိုက်အဝန်းတွင် ပြန်လည်ဝင်ဆံ့ ပါဝင်လာနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းခဲ့ရာ သိသာမြင်သာသော အရွေ့တစ်ခုအဖြစ် ပထမအကြိမ် ကုန်သွယ်မှု မူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၁၂ ခုနှစ် ဇူလိုင်လမှ စတင်ဆောင်ရွက်နိုင်ခဲ့ကာ ၂၀၁၄ ခုနှစ်၌ အပြီးသတ်ဆန်းစစ်ထုတ်ပြန်နိုင်ခဲ့ပြီး ဖြစ်သည်။ ဤသို့ဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအကြား မြန်မာနိုင်ငံ၏ ပုံရိပ်ကို အသက်ဝင်လာစေပြီး ပထမအကြိမ် ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းမှ ထွက်ပေါ်လာသော ဆန်းစစ်ချက်၊ အကြံပြုချက်များ အပါအဝင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နည်းပညာအကူအညီ အထောက်အပံ့များဖြင့် နိုင်ငံတွင်းရှိ ကုန်သွယ်မှုနှင့် ဆက်စပ်နေသော မူဝါဒများကို ပိုမိုကောင်းမွန်သော မူဝါဒအချိတ်အဆက်ဖြစ်ထွန်းလာရေး တွန်းအားပေးလှုံ့ဆော်နိုင်ခဲ့သည်။

**ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်း**

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဖွံ့ဖြိုးမှုအနည်းဆုံးအဖွဲ့ဝင်ဖြစ်သည့်အတွက် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ခုနှစ်နှစ်လျှင် တစ်ကြိမ်ကျင်းပရန် တာဝန်ရှိပြီး ဒုတိယအကြိမ် ကုန်သွယ်မှု မူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်အရအပိုင်း သုံးပိုင်းဖြင့် လုပ်ဆောင်ရပြီး အပိုင်း (၁) အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အတွင်းရေးမှူးရုံးမှ ပြုစုတင်ပြရသော အစီရင်ခံစာ (WTO Secretariat Report)၊ အပိုင်း(၂)အနေဖြင့် ကုန်သွယ်မှု မူဝါဒ ဆန်းစစ်သည့်အဖွဲ့ဝင်နိုင်ငံ၏ အစိုးရမှ ပြုစုတင်ပြရသော အစီရင်ခံစာ (Government Report) ၊ အပိုင်း (၃) အနေဖြင့် အဖွဲ့ဝင်နိုင်ငံများမှ မေးမြန်းသော မေးခွန်းများကို ပြန်လည်ရှင်းလင်းဖြေကြားခြင်းတို့ ဖြစ်သည်။ ကုန်သွယ်မှု မူဝါဒ ဆန်းစစ်ခြင်း လုပ်ငန်းစဉ်ဟု ဆိုရာတွင် ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့ဝင်နိုင်ငံအားလုံးက မိမိနိုင်ငံ၏ ကုန်သွယ်ရေးဆိုင်ရာမူဝါဒများကို အဖွဲ့ဝင်နိုင်ငံများအကြား ပွင့်လင်းမြင်သာစွာ ချပြကာ ယင်းမူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အခြားစိတ်ပါဝင်စားသည့် အဖွဲ့ဝင်များ၏ မေးမြန်းလာမှုများအပေါ် မိမိတို့လက်ရှိ ကျင့်သုံးနေသည့် မြေပြင်အခြေအနေ အရပ်ရပ်အား အခြေခံ၍ ပြန်လည်ရှင်းလင်းဖြေကြားရခြင်းမျိုး ဖြစ်သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အတွင်းရေးမှူးရုံးမှ ပြုစုခဲ့သော အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ကုန်သွယ်မှုနှင့် ဆက်စပ်နေသည့် မူဝါဒများ ချမှတ်ကျင့်သုံးနေမှုနှင့် ယင်းမူဝါဒများအပေါ် လိုက်ပါ ဆောင်ရွက်နေမှု အခြေအနေများနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်များကို စိစစ်တင်ပြထားသည်။ မြန်မာအစိုးရမှ WTO-TPR Mechanism အရ ပြုစုတင်ပြခဲ့သော အစီရင်ခံစာတွင် ကုန်သွယ်မှု မူဝါဒဆန်းစစ်သည့် ကာလဖြစ်သည့် (၂၀၁၄ - ၂၀၂၀ ပြည့်နှစ်များ) အတွင်း၌ ကုန်သွယ်မှုနှင့် ဆက်စပ်သည့် မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှုများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များနှင့်အညီ လိုက်ပါဆောင်ရွက်မှု အခြေအနေများအပါအဝင် ယင်းသို့ ဆောင်ရွက်မှုများကြောင့် ကုန်သွယ်မှုဆိုင်ရာ ဖြစ်ပေါ် တိုးတက်ပြောင်းလဲမှုများကို တင်ပြခဲ့ခြင်းဖြစ်သည်။ TPR လုပ်ငန်းစဉ်၏ နောက်ဆုံးအပိုင်းအရ အဖွဲ့ဝင်နိုင်ငံများမှ မေးမြန်းသော မေးခွန်းများကို ဖြေကြားတင်ပြခြင်းဖြစ်ပြီး အတွင်းရေးမှူးရုံးအဖွဲ့၏ အစီရင်ခံစာနှင့် အစိုးရ၏အစီရင်ခံစာပါ အချက်များနှင့် ပတ်သက်၍ မရှင်းလင်းသည့် အချက်များ၊ ပိုမိုသိရှိလိုသည့် အချက်များ၊ ၎င်းတို့၏ ယူဆချက်များနှင့် ထောက်ပြစိစစ်လိုသည့် အချက်များ၊ အခြားသော ဆက်စပ်သဘောထားမှတ်ချက်များနှင့် ပတ်သက်သော မေးခွန်းများအတွက် သတ်မှတ်အချိန်ဇယားအတိုင်း ပြန်လည်ရှင်းလင်းဖြေကြားပေးရခြင်းဖြစ်သည်။

**အပြီးသတ် အစီရင်ခံစာ**

သို့ဖြစ်ပါ၍ အပိုင်း (၃) ဆောင်ရွက်ချက်အနေဖြင့် ပြန်လည်ဖြေကြားဆောင်ရွက်မှုအပြီးတွင် ဒုတိယအကြိမ် ကုန်သွယ်မှု မူဝါဒ လေ့လာဆန်းစစ်ခြင်းအတွက် အပြီးသတ်အစီရင်ခံသည့် Trade Policy Review Body-TPRB အစည်းအဝေးတစ်ရပ် ကျင်းပရခြင်းဖြစ်ပြီး အဆိုပါအစည်းအဝေး ကျင်းပပြီးစီးပါက မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှု မူဝါဒ လေ့လာဆန်းစစ်ခြင်းကို ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၇ ရက်တို့တွင် Virtual Meeting ကျင်းပပြုလုပ်ခြင်းဖြစ်ကာ ဆက်လက်၍ WTO က အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ထူးခြားသည့် ညအပူချိန်များမှာ ပင်လောင်းမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် ဟားခါးမြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီ၊ နမ့်စန်မြို့နှင့် လွိုင်လင်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီ၊ မိုင်းယန်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ ကျောက်မဲမြို့နှင့် ရမ်ကလောင်းတို့တွင် ၇ ဒီဂရီစင်တီဂရိတ်စီ၊ တောင်ကြီးမြို့၊ မင်းတပ်မြို့၊ တီးတိန်မြို့၊ ပြင်ဦးလွင်မြို့၊ မိုးကုတ်မြို့နှင့် လွိုင်ကော်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဆိုင်ရာများမှာကြား



ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ဖေဖော်ဝါရီ ၉ ရက် မှ ၁၁ ရက်အထိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဌာနများ တည်ရှိရာ အစည်းအဝေး ခန်းမများတွင် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ တွေ့ဆုံ၍ ဝန်ကြီးဌာန၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

**လိုက်နာဆောင်ရွက်**

တွေ့ဆုံပွဲများတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့ တာဝန်ယူထားကြသည့် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် မူလရည်မှန်းချက် ပြည့်မီရေးအတွက် ဆောင်ရွက်မှုအားလုံးကို သက်ဆိုင်သူများအချင်းချင်း၊ ဌာနများအချင်းချင်းညှိနှိုင်းတိုင်ပင်၍ မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့၏ ရှိရင်းစွဲ အရည်အချင်းကို လုပ်ငန်းခွင်၌ အကျိုးရှိထိရောက်စွာ အားထုတ်ဆောင်ရွက်ကြသည့်နည်းတူ လုပ်ဖော်ကိုင်ဖက် လက်အောက်ဝန်ထမ်းများအား လူမှန်နေရာမှန် အသုံးချနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုအားကောင်း လာစေရေးအတွက် မိမိဌာန၏ ရည်မှန်းချက် အောင်မြင်စွာဖော်ဆောင်နိုင်မည့် ဝန်ထမ်းများအား ပြုစုပျိုးထောင်ခြင်း၊ ရာထူးတိုးမြှင့်ရေး အပါအဝင် ဝန်ထမ်းရေးရာကိစ္စများကို ပွင့်လင်းမြင်သာစေပြီး အဂတိကင်းရှင်းစွာ ဆောင်ရွက်ရန်နှင့် စည်းမျဉ်းစည်းကမ်းများ အတိုင်း လိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့အပြင်ဝန်ထမ်းအဆင့်ဆင့် အနေဖြင့်လည်း မိမိတို့၏ တာဝန်နှင့် ဝတ္တရားများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန် အဆင့်ဆင့် အားပေးစည်းရုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဘဏ္ဍာငွေအင်အားနှင့် လုပ်ငန်းစီမံချက်၊ စီမံကိန်းများကို ခွဲခြမ်းစိတ်ဖြာပြီး ရှိပြီးအရင်းအမြစ်နှင့် လက်ရှိပြောင်းလဲနေသည့် ဖြစ်စဉ်များအရ လက်တွေ့လုပ်ကိုင်နေသော ကျွမ်းကျင်ပညာရှင်များ များစွာပေါ်ထွက်လာရန် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**တိုးမြှင့်ဆောင်ရွက်**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကြုံတွေ့ခဲ့ရသည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ အမြန်ဆုံးပြန်လည်ဦးမော့လာပြီး တိုးတက်မှုများကို ထင်သာမြင်သာရှိစေရန်၊ တောင်သူလယ်သမားများနှင့် ကျေးလက်နေ ပြည်သူများ အကျိုးရရှိခံစားနိုင်စေမည့် ထိရောက်သည့် လုပ်ငန်းအစီအမံများ စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဈေးကွက်တွင် စားသုံးသူများ ဝယ်ယူစားသုံးလိုသည့် အဓိကသီးနှံများနှင့် အနာဂတ်တွင် အရေးကြီးလာမည့် ဟင်းသီးဟင်းရွက် သစ်သီးဝလံများဆိုင်ရာ သုတေသန ဖွံ့ဖြိုးရေးကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအမြစ်များဖြစ်သော ခြံလုပ်ငန်းများ အခြေအနေ၊ ဘဏ္ဍာငွေသုံးစွဲနိုင်မှု၊ သီးနှံအလိုက် ကျွမ်းကျင်မှုတို့ကို စိစစ်ကြပ်မတ်ပြီး ဖြစ်နိုင်မှုအများဆုံး အခြေအနေများကို ကာလအနေအထားနှင့်တိုက်ဆိုင်၍ သုံးသပ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြုပြင်ရန်လိုအပ်ချက်များအပေါ် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ရှာဖွေဖော်ထုတ်**

သမားရိုးကျ လုပ်ဆောင်မှုများအပြင် စိန်ခေါ်မှုများ အခက်အခဲများအပေါ် ထိုးဖောက်ဖြစ်မြောက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ၊ ကျေးလက်ဖွံ့ဖြိုးရေးကဏ္ဍ၊ သမဝါယမကဏ္ဍများတွင် ICT နည်းပညာ အသုံးပြုနိုင်မှု တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အနယ်နယ်အရပ်ရပ်တွင် တိုးချဲ့ပညာပေးရေး ဆောင်ရွက်နေသည့် ဝန်ထမ်းများ၏ တာဝန်ယူ ဆောင်ရွက်ရသည့် ဧရိယာနှင့် တောင်သူအရေအတွက် မမျှတမှုအပေါ် လုပ်ရိုးလုပ်စဉ်ထက် ရှေ့ပြေးဆောင်ရွက်ချက် လုပ်ငန်းစဉ်များ သေချာစွာရေးဆွဲ၍ ICT နည်းပညာ အပါအဝင် ပညာပေးစခန်းများဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုးတက်လာသည့် နည်းပညာနှင့်အတူ တောင်သူများထံ မိုဘိုင်းဖုန်းမှတစ်ဆင့် အသိပညာ၊ နည်းပညာမက်ဆေ့ချ် ပေးနိုင်သည့် နည်းလမ်းများစွာ ရှိသည့်အနက် မိမိတို့ တိုးချဲ့ပညာပေးရေး ဝန်ထမ်းများမှ တစ်ဆင့်လည်း ICT နည်းပညာ အသုံးပြု၍ တောင်သူများထံ နည်းပညာ ပြန့်ပွားရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နည်းပညာပိုင်းဆိုင်ရာနှင့် ဈေးကွက်ချိတ်ဆက်မှုဆိုင်ရာများကို တောင်သူများ နားလည်သဘောပေါက်ရန်နှင့် လက်တွေ့အသုံးချနိုင်ရန် လိုအပ်ကြောင်း။

**ရွေးချယ်တာဝန်ပေး**

စီမံကိန်းလုပ်ငန်းများတွင်လည်း ဘဏ္ဍာငွေကြေးကို အလေအလွင့်မရှိ ပိုင်နိုင်စွာ သုံးစွဲရန်နှင့် ထိရောက်စွာ ဆောင်ရွက်နိုင်သူများအား ရွေးချယ် တာဝန်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ငှားရမ်းမှုဖြစ်သော မြေကွက်၊ ခြံများကို အမှန်တကယ် လိုအပ်ချက်နှင့်အတူ သုတေသန လုပ်ငန်းနှင့် စိုက်ပျိုးရေးဖွံ့ဖြိုးမှု လုပ်ငန်းများအား ထိရောက်စွာ ထောက်ပံ့ပေးနိုင်သည့် ငှားရမ်းမှု လုပ်ငန်းများ ဖြစ်စေရေးအတွက် တည်ဆဲလုပ်ထုံးလုပ်နည်း ဥပဒေနှင့်အညီ ဆောင်ရွက်မှုဖြစ်ရန် လိုအပ်ကြောင်း၊ အမှန်တကယ် ခေါင်းစဉ်တပ် ငှားရမ်းမှုနှင့် ကိုက်ညီမှုရှိရန် တာဝန်ရှိသူတို့က စိစစ်ကာ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူသည့် ကာလ၌ ရေရှည်ဆောင်ရွက်ရမည့် မူဝါဒနှင့် စီမံကိန်းများကို အခြေခံလျက် လက်ရှိအနေအထားနှင့် ကိုက်ညီသည့် စီမံကိန်းများ၊ မပြီးပြတ်သေးသော စီမံကိန်း လုပ်ငန်းများကိုလည်း ပြီးပြတ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် ဗိုလ်တထောင်မြို့နယ် ၄၆-လမ်း စည်ပင် (၁၂) ထပ် ရုံးခွဲ၌ ကျင်းပသည်။ (ဓာတ်ပုံ)

အစည်းအဝေးသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ငွေး၊ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ဌာနမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ငွေးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖေဖော်ဝါရီ ၁၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၂၁ အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေအား ထုတ်ပြန်ပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်စွဲပါ အမိန့်အမှတ် ၄၇/၂၀၂၁ အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီကို ဥက္ကဋ္ဌ (မြို့တော်ဝန်)၊ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်)၊ အဖွဲ့ဝင် (၄) ဦးနှင့် အတွင်းရေးမှူးတို့အား ဖွဲ့စည်းပေးခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်စွဲပါ အမိန့်အမှတ် ၅၅/၂၀၂၁ အရ ဦးဗိုလ်ငွေးအား ဥက္ကဋ္ဌ (မြို့တော်ဝန်) အဖြစ်လည်းကောင်း၊ ဦးညီညီအား ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) အဖြစ်လည်းကောင်း၊ ဦးညွန့်ဖေအား အတွင်းရေးမှူးအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးခဲ့ပါကြောင်း၊ ယင်းကဲ့သို့ တာဝန်ပေးအပ်ချက်အရ ယနေ့တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရေး တက်ရောက်လာကြသည့် ဌာနမှူးများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ယခင်ဆောင်ရွက်နေသည့်အတိုင်း အခက်အခဲမရှိ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းများအခက်အခဲရှိပါက မိသားစုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်မှာကြားပြီး ဌာနမှူးများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ (၁) မိနစ်မှ (၁၈) မိနစ်ခန့်အထိ ပြတ်တောက်မည့် အခြေအနေအသိပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နေ၊ ဂြိုဟ်တုနှင့် TVRO(စလောင်း)တို့ တစ်တန်းတည်း ကျရောက်ချိန်တွင် Sun outage ဖြစ်ပေါ်သည်။ ယင်းသို့ Sun Outage ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/ အသံ အချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိသည်။

Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် (၁)ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် (၁) ကြိမ် ကြုံတွေ့ရလေ့ရှိသည်။ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစား နှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိသည်။ Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် မတ် ၇ ရက်မှ ၁၇ ရက်အထိ နေ့စဉ် (၁) မိနစ်မှ (၁၈) မိနစ်ခန့်အထိ Sun Outage ဖြစ်စဉ်ကြောင့် Signal ပြတ်တောက်မှု ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# လွတ်လပ်စွာ သဘောကွဲလွဲခွင့်ပေးပါ

**ကိုရေချမ်း**

နိုင်ငံ့ဝန်ထမ်းအများစုဟာ အလုပ်တစ်ခုခုကို စတင်ဝင်ရောက်လုပ်ကိုင်တဲ့အချိန်ကစလို့ အသက် ၆၀ သက်ပြည့်အငြိမ်းစားယူတဲ့အချိန်အထိ မိမိတို့ရဲ့ဘဝသက်တမ်းတစ်လျှောက် နှစ်ပေါင်းများစွာ လုပ်ငန်းခွင်ထဲမှာပဲ ပျော်ရွှင်စွာ အချိန်ကုန်ခဲ့ကြပါတယ်။ မိမိတို့သန်ရာ သန်ရာလုပ်ငန်းနယ်ပယ်တွေမှာ နိုင်ငံနဲ့ ပြည်သူအတွက် ထူးထူးခြားခြား ဆောင်ရွက်ပေးခဲ့ရတာတွေ၊ ရာထူးအဆင့်ဆင့် တိုးမြှင့်ပြောင်းလဲလာရတဲ့ ဘဝအဖုံဖုံတွေဟာ ဂုဏ်ယူစရာ၊ ဝမ်းမြောက်စရာ၊ ပျော်ရွှင်စရာတွေဖြစ်ပါတယ်။ ဝန်ထမ်းတွေဟာ ခက်ခဲကြမ်းတမ်းမှုတွေ၊ ပြဿနာတွေနဲ့လည်း ကြုံတွေ့တတ်ကြပါတယ်။

**ဝန်ထမ်းတွေရဲ့ လူမှုဘဝအခြေအနေ**

ဝန်ထမ်းတွေရဲ့ ဘဝတစ်လျှောက်မှာ မမေ့နိုင်စရာအဖြစ်တွေ ရှိကြမှာပါ။ ဝန်ထမ်းဘဝအတွင်း ကိုယ့်အလုပ်မှာ ကြိုးစားအားထုတ်ခဲ့ရတာတွေ၊ စိန်ခေါ်မှုတွေဟာ ဝန်ထမ်းတွေရဲ့ဘဝကို တစ်ဆင့်ထက်တစ်ဆင့် ပြောင်းလဲတိုးတက်စေခဲ့တဲ့ ခွန်အားတွေလို့ ပြောရမှာဖြစ်ပါတယ်။ ဒါတွေဟာ ဝန်ထမ်းတွေရဲ့ လူမှုဘဝအခြေအနေ ဖြစ်ပါတယ်။ ဝန်ထမ်းလောကကို ကိုယ်ပိုင်နိုင်ငံရေးအမြင်အနေနဲ့ပြောမယ်ဆိုရင် ဝန်ထမ်းအဖြစ် စတင်အမှုထမ်းတဲ့အချိန်ကစလို့ ဝန်ထမ်းကာလတစ်လျှောက်မှာ နိုင်ငံရေးစနစ်တွေ၊ အစိုးရအုပ်ချုပ်မှုစနစ်တွေ တစ်ခုပြီးတစ်ခု ဘယ်လိုပဲပြောင်းလဲခဲ့သော်လည်း မပြောင်းမလဲဘဲ အမြဲရှိနေတာက ဝန်ထမ်းတွေပဲ ဖြစ်ပါတယ်လို့ ဂုဏ်ယူပြောကြ ဆိုကြပါတယ်။ ဒါဟာ ဝန်ထမ်းတွေ ပါတီနိုင်ငံရေးကင်းရှင်းရမယ်ဆိုတဲ့အချက်ကြောင့် ဝန်ထမ်းဟာ အစဉ်အမြဲရပ်တည်နေနိုင်တာ ဖြစ်ပါတယ်။

အကယ်၍ ဝန်ထမ်းတွေ ပါတီနိုင်ငံရေးမှာ ပါဝင်ပတ်သက်ခဲ့လို့ရှိရင် အလုပ်တာဝန်ကို စွန့်လွှတ်ရတာဖြစ်ဖြစ်၊ အနားပေးတာဖြစ်ဖြစ်၊ တာဝန်မှ ရပ်ဆိုင်းခံရတာဖြစ်ဖြစ် တစ်ခုခု ဖြစ်တတ်ပါတယ်။ ဒီလိုဖြစ်ခဲ့တဲ့သာဓကတွေကို ၁၉၈၈ ခုနှစ် ဆန္ဒပြမှုဖြစ်စဉ်တွေမှာ ရှေ့တန်းက ပါဝင်ခဲ့တဲ့ဝန်ထမ်းတွေ ကြုံခဲ့ရတဲ့အဖြစ်တွေက ကိုယ်တွေ့ဖြစ်ပါတယ်။ ယခုအခါ မြန်မာနိုင်ငံမှာ နိုင်ငံရေးယဉ်ကျေးမှုအပြောင်းအလဲတစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ အပြောင်းအလဲကို လက်မခံတဲ့ပြည်သူတွေဟာ လမ်းမပေါ်ထွက် ဆန္ဒထုတ်ဖော်လာကြပါတယ်။ အခုဆိုရင် ဆန္ဒပြတာ ရက်သတ္တတစ်ပတ်ကျော် နှစ်ပတ်ပင်ရှိလာခဲ့ပါပြီ။ စည်းကမ်းတကျ ဆန္ဒပြကြတာတွေရှိသလို စည်းမဲ့ကမ်းမဲ့ဆန္ဒပြကြတာတွေလည်း တွေ့ရပါတယ်။

ယနေ့ဆန္ဒထုတ်ဖော်ကြတာတွေဟာ ယခင့်ယခင်မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ ဆန္ဒပြတာတွေနဲ့ မတူတော့တာကိုတော့ သတိပြုမိကြမှာ ဖြစ်ပါတယ်။ ဆန္ဒပြနည်းတွေ၊ နည်းဗျူဟာတွေကို ပြည်တွင်း/ ပြည်ပက နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေက လူမှုကွန်ရက်တွေပေါ်ကနေ၊ ဆိုရှယ်မီဒီယာတွေကနေ နိုင်ငံတော်ယန္တရား ပျက်ပြားအောင်၊ နိုင်ငံတည်ငြိမ်အေးချမ်းမှု ပြိုပျက်အောင် အချိန်ကိုက် အချက်ပေးတဲ့နည်းဗျူဟာတွေကို အွန်လိုင်းပေါ်ကနေ လုပ်ခိုင်းလာတာ တွေ့ရမှာဖြစ်ပါတယ်။ အခုသုံးနေတဲ့ နည်းဗျူဟာကတော့ Civil Disobedience Movement (CDM) လို့ခေါ်တဲ့ နိုင်ငံ့ဝန်ထမ်းတွေ အလုပ်မတက်/ရုံးမတက်နဲ့ လှုပ်ရှားမှုနဲ့ ပြည်သူတွေကို နေအိမ်နေရာတွေကနေ သံပုံးတီးအချက်ပေးရေးတွေ လုပ်လာကြဖို့ လှုံ့ဆော်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီမိုကရေစီကို လိုလားတဲ့သူတွေအနေနဲ့ ဒီနည်းနှစ်မျိုးစလုံးဟာ ဒီမိုကရေစီစံနှုန်းတွေနဲ့ ညီရဲ့လား၊ မညီဘူးလားဆိုတာကို ဆန်းစစ်ကြည့်နိုင်ပါတယ်။

> **“ရုံးမတက်နဲ့ ရှန်းထွက်ဆိုတဲ့ ကြွေးကြော်သံတွေ သံပြိုင်ဟစ်ကြွေးပြီး အေးချမ်းစွာ အလုပ်လုပ်ကိုင်နေတဲ့ ဝန်ထမ်းတွေ၊ အခက်အခဲတွေကြားထဲက ပြည်သူလူထုအကျိုးအတွက် ဝန်ဆောင်မှုပေးလိုတဲ့ ဝန်ထမ်းတွေ၊ ပြည်သူလူထုကို ကူညီစောင့်ရှောက်ပေးနေတဲ့ ဝန်ထမ်းတွေ အလုပ်ဆက်လက်မလုပ်နိုင်အောင် စည်းရုံးတာ၊ ဖိအားပေးတာ၊ အနှောင့်အယှက်ပေးတာတွေ၊ ခြိမ်းခြောက်တာတွေကို ပြုလုပ်တာကတော့ လုံးဝမဖြစ်သင့်ပါဘူး”**

ဒီမိုကရေစီဆိုတာမှာ လွတ်လပ်စွာသဘောကွဲလွဲခွင့်ရှိတယ်ဆိုတဲ့ အချက်တစ်ချက်လည်း ပါဝင်ပါတယ်။ ဝန်ထမ်းလောကက ညီလေးတွေ၊ ညီမလေးတွေ ဆန္ဒပြပွဲတွေမှာ ပါဝင်လာကြတာတွေဟာ ပါတီနိုင်ငံရေးနဲ့မကင်းသော်လည်းပဲ ကိုယ်ပိုင်စိတ်ခံစားချက်နဲ့ ကိုယ်တိုင်စိတ်ဆန္ဒနဲ့ ပြုလုပ်ကြတာကို နားလည်ပေးနိုင်ပါတယ်။ လူတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို အပြစ်မဆိုလိုပါဘူး။ ဒါပေမယ့် အခုလိုလမ်းပေါ်ထွက် ဆန္ဒပြကြတဲ့ဝန်ထမ်းတွေရဲ့ ပါဝင်မှုရာခိုင်နှုန်းဟာ အရေအတွက်အနည်းငယ်သာ ရှိပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေအားလုံးမှာ ဆန္ဒပြတဲ့အထဲမှာ မပါဝင်လိုသူတွေရှိသလို နိုင်ငံရေးနဲ့ ကင်းကင်းရှင်းရှင်းနေပြီး ကိုယ့်အလုပ်ကိုယ်လုပ်လိုတဲ့ဝန်ထမ်းတွေလည်း အများအပြားရှိကြပါတယ်။

ဒါပေမယ့် ရုံးမတက်နဲ့ ရှန်းထွက်ဆိုတဲ့ ကြွေးကြော်သံတွေ သံပြိုင်ဟစ်ကြွေးပြီး အေးချမ်းစွာ အလုပ်လုပ်ကိုင်နေတဲ့ ဝန်ထမ်းတွေ၊ အခက်အခဲတွေကြားထဲက ပြည်သူလူထုအကျိုးအတွက် ဝန်ဆောင်မှုပေးလိုတဲ့ဝန်ထမ်းတွေ၊ ပြည်သူလူထုကို ကူညီစောင့်ရှောက်ပေးနေတဲ့ဝန်ထမ်းတွေ အလုပ်ဆက်လက်မလုပ်နိုင်အောင် စည်းရုံးတာ၊ ဖိအားပေးတာ၊ အနှောင့်အယှက်ပေးတာတွေ၊ ခြိမ်းခြောက်တာတွေကို ပြုလုပ်တာကတော့ လုံးဝ မဖြစ်သင့်ပါဘူး။

အထူးသဖြင့် ပြည်သူလူထုရဲ့ ကျန်းမာရေးကို နေ့စဉ်နဲ့အမျှ စောင့်ရှောက်မှုပေးနေတဲ့ ပြည်သူ့ကျန်းမာရေးဝန်ထမ်းတွေကို အလုပ်ဆက်မလုပ်နိုင်အောင် လုပ်ကြတာဟာ စိတ်မကောင်းစရာပါ။ တကယ်တော့ ပြည်သူ့ဆေးရုံတွေဆိုတာဟာ လူထုလူတန်းစားပေါင်းစုံ မှီခိုအားထားရာ၊ အထူးသဖြင့် သာမန်လူလတ်တန်းစားတွေ၊ ငွေကြေးမတတ်နိုင်တဲ့ အခြေခံလူတန်းစားတွေ မှီခိုအားထားရာ ဝန်ဆောင်မှုပေးတဲ့နေရာ ဖြစ်ပါတယ်။

**ကျန်းမာရေးစောင့်ရှောက်ကုသမှု**

ပြည်သူတွေအပေါ် စေတနာမေတ္တာအပြည့်အဝနဲ့ ကျန်းမာရေးစောင့်ရှောက်ကုသမှု မပေးနိုင်အောင် စည်းရုံးတာ၊ ဟန့်တားတာ၊ နှောင့်ယှက်ကြတာဟာ ဆင်းရဲနွမ်းပါးတဲ့ပြည်သူတွေ ပိုမိုဒုက္ခရောက်စေပါတယ်။ ကနေ့ လမ်းပေါ်ထွက် ဆန္ဒပြကြတဲ့ ဝန်ထမ်းအချို့ဟာ စိတ်ခံစားချက်ကြောင့် ဖြစ်လာကြတာပါ။ အများအားဖြင့် ငယ်ရွယ်သူတွေများကြပါတယ်။ အချို့လည်း မတတ်သာလို့၊ အများလုပ်လို့ လိုက်ပါလုပ်ကြရတဲ့ သူတွေလည်း ရှိပါတယ်။ ဒီလိုလုပ်ကြတဲ့အခါမှာ သက်ကြီး၊ ဝါကြီး၊ ပညာကြီးတဲ့ ဝန်ထမ်းတွေပါ ထိခိုက်ခံစားရပါတယ်။ ငယ်ရွယ်တဲ့ဝန်ထမ်းတွေက အသက်အရွယ် ဂုဏ်ကြီးတဲ့ဝန်ထမ်းတွေကို စည်းရုံးတာ၊ ဖိအားပေးတာ၊ အကျပ်ကိုင်တာတွေဟာ စိတ်မကောင်းစရာပါပဲ။

နိုင်ငံ့ဝန်ထမ်းလုပ်ငန်းတွေဆိုတာဟာ ပြည်သူတွေကို ဝန်ဆောင်မှုပေးနိုင်ဖို့၊ ပြည်သူတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ဖွဲ့စည်းထားတဲ့ နိုင်ငံ့အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ တိုင်းပြည် ဘယ်လိုအခြေအနေ ရောက်နေပါစေ ပြည်သူပြည်သားတွေရဲ့ လိုအပ်ချက်တွေကို နေ့စဉ်နဲ့အမျှ ဆောင်ရွက်ပေးရမယ့် လုပ်ငန်းအဖွဲ့အစည်းတွေ ရှိပါတယ်။ ဥပမာအားဖြင့် ဆေးရုံ၊ မီးသတ်၊ လုံခြုံရေး၊ သတင်း စတဲ့ဌာနတွေဟာ ပြည်သူပြည်သားအကျိုးစီးပွားအတွက် နေ့စဉ်တာဝန်မပျက် ဆောင်ရွက်ပေးကြရမယ့် အဖွဲ့အစည်းတွေ ဖြစ်ပါတယ်။ အကယ်၍ ဒီလုပ်ငန်း၊ အဖွဲ့အစည်းတွေ လုပ်ကိုင်ဆောင်ရွက်နိုင်တာမရှိရင် ဦးစွာလက်တွေ့ခံစားကြရမယ့်သူတွေဟာ ပြည်သူ ပြည်သားတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် အခြေအနေအကြောင်းကြောင်းကြောင့် ဝန်ထမ်းလောကမှာ ဆန္ဒပြတာတွေ ရှိလာပေမယ့်လည်း ပြည်သူလူထုရဲ့ အကျိုးစီးပွားတွေ မထိခိုက်စေဖို့၊ မပျက်စီးစေဖို့ အထူးလိုအပ်ပါတယ်။

ယနေ့လက်ရှိမှာဆိုရင် နိုင်ငံ့ဝန်ထမ်းတွေ လုပ်ငန်းခွင်တွေကို မဝင်ရဲအောင်၊ အလုပ်တွေ မဖွင့်နိုင်အောင် ဝန်ထမ်းဟုတ်သူတွေရော၊ မဟုတ်သူတွေကပါ ဝိုင်းဝန်းဆန္ဒပြတာ၊ ဖိအားပေးတာ၊ အကျပ်ကိုင်တာတွေ နေ့စဉ်နဲ့အမျှ ပြုလုပ်လာကြတာကို တွေ့မြင်ရပါတယ်။ ဒါဟာ ဝန်ထမ်းသက်သက်ရဲ့ စိတ်ဆန္ဒလို့ဆိုတာထက် ဝန်ထမ်း မဟုတ်တဲ့ နိုင်ငံရေးဘောပယောဂတွေကြောင့် ဖြစ်လာတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဝန်ထမ်းစည်းမျဉ်း စည်းကမ်း၊ ဝန်ထမ်းဥပဒေအရရော ရာဇဝတ်ဥပဒေအရပါ ဖောက်ဖျက်ကျူးလွန်တဲ့ လုပ်ရပ်တွေအထိ ဖြစ်လာကြတာကို တွေ့ရပါတယ်။

ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းဟာ လွတ်လပ်စွာ ပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိပါတယ်။ ဒါပေမယ့် ဒီလွတ်လပ်ခွင့်ဟာ သူတစ်ပါးကို မထိခိုက်စေရပါ။ မထိပါး စေရပါ။ မိမိနဲ့ သဘောထားအယူအဆ မတူသူကိုလည်း သဘောကွဲလွဲခွင့် ပေးရပါတယ်။ မတားဆီးရ၊ မထိပါးရပါ။ သို့သော်လည်း ယခုအခါ ဒီမိုကရေစီကို အကြောင်းပြုပြီး အေးချမ်းစွာနေလိုသူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေကို အွန်လိုင်းပေါ်မှ သွေးထိုးလှုံ့ဆော်တာ၊ အုပ်စုဖွဲ့အတင်းအကျပ်ပြုတာ၊ နှောင့်ယှက်တာ၊ ခြိမ်းခြောက်တာအထိ ဥပဒေကို ချိုးဖောက်လာတာတွေ တွေ့ရပါတယ်။ ဒီမိုကရေစီကျင့်သုံးမှုအရ စည်းကမ်းနဲ့အညီ ဆန္ဒဖော်ထုတ်လို့ ရပါတယ်။ စည်းကမ်းဖောက်ဖျက်ရင်တော့ ဒီမိုကရေစီလည်း ပျက်စီးနိုင်ပါတယ်။

**ယခုလို မသမာသူတွေရဲ့ သွေးထိုးမှုတွေ၊ ဖိအားပေးမှုတွေ၊ နှောင့်ယှက်မှုတွေ၊ အခက်အခဲတွေကြားက နိုင်ငံတော်နဲ့ ပြည်သူအပေါ် သစ္စာရှိရှိ စေတနာထားပြီး ပြည်သူလူထုအကျိုးစီးပွားအတွက် တာဝန်ကျေပွန်အောင် ထမ်းရွက်နေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ကျေးဇူးတင်ရပါတယ်။ လုပ်ငန်းခွင်က ကင်းကွာနေတဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့လည်း မိမိတို့ရဲ့စိတ်ခံစားချက်ကို ဦးစားမပေးဘဲ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ဦးစားပေးပြီး မိမိတို့ရဲ့လုပ်ငန်းခွင်တွေဆီကို အမြန်ဆုံးပြန်လာကြဖို့ မေတ္တာရပ်ခံအပ်ပါတယ်။**

ယခုအခါမှာ နိုင်ငံ့ဝန်ထမ်းလောကတွင် ဖြစ်စေ၊ ပြည်သူလူထုကြားတွင်ဖြစ်စေ ဖိအားပေးခြိမ်းခြောက်ခံရသူတွေ၊ အခွင့်အရေးထိပါး နှောင့်ယှက်ခံရသူတွေကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနဲ့ ထိပါးနှောင့်ယှက်သူတွေကို ဥပဒေအရ ထိရောက်စွာအရေးယူဖို့ ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ဒါကြောင့် ဖိအားပေး ခြိမ်းခြောက်တဲ့လုပ်ရပ်တွေဟာ ဥပဒေနဲ့ဆန့်ကျင်သလို မိမိတို့ရဲ့အခွင့်အရေးနဲ့ လွတ်လပ်ခွင့်တွေကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားတွေနဲ့လည်း ဆန့်ကျင်နေပါတယ်။

ဒါကြောင့် ဒီမိုကရေစီကို မြတ်နိုးပါလျှင် လွတ်လပ်စွာ သဘောကွဲလွဲခွင့်ပေးစေချင်ပါတယ်။ သူတစ်ပါး ဆန္ဒ၊ တစ်ပါးသူဘဝတွေကိုလည်း မထိခိုက်စေဖို့ လိုပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုအကျိုးစီးပွားကို ဆောင်ကြဉ်းပေးမယ့် ဒီမိုကရေစီလည်း ဖြစ်သင့်ပါတယ်။ ။

> **“ယနေ့လက်ရှိမှာဆိုရင် နိုင်ငံ့ဝန်ထမ်းတွေ လုပ်ငန်းခွင်တွေကို မဝင်ရဲအောင်၊ အလုပ်တွေ မဖွင့်နိုင်အောင် ဝန်ထမ်းဟုတ်သူတွေရော၊ မဟုတ်သူတွေကပါ ဝိုင်းဝန်းဆန္ဒပြတာ၊ ဖိအားပေးတာ၊ အကျပ်ကိုင်တာတွေ နေ့စဉ်နဲ့အမျှ ပြုလုပ်လာကြတာကို တွေ့မြင်ရပါတယ်။ ဒါဟာ ဝန်ထမ်းသက်သက်ရဲ့ စိတ်ဆန္ဒလို့ဆိုတာထက် ဝန်ထမ်းမဟုတ်တဲ့ နိုင်ငံရေးဘောပယောဂတွေကြောင့် ဖြစ်လာတယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း၊ ဝန်ထမ်းဥပဒေအရရော ရာဇဝတ်ဥပဒေအရပါ ဖောက်ဖျက်ကျူးလွန်တဲ့ လုပ်ရပ်တွေအထိ ဖြစ်လာကြတာကို တွေ့ရပါတယ်”**

# ကချင်ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုများပုံမှန်ဖြစ်စေရေး ပြည်နယ်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၅**

ကချင်ပြည်နယ်အတွင်း ပြည်တွင်းနှင့် ပြည်ပကုန်စည်သယ်ယူ/ပို့ဆောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပုံမှန်အတိုင်း ကုန်စည်စီးဆင်းမှုလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေး ကချင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များအသင်းဝင်များ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။



ကချင်ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုများ ပုံမှန်ဖြစ်စေရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်။

**ကောင်းမွန်သည့် မူဝါဒများ ချမှတ်**

ကချင်ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှု ပုံမှန်ဖြစ်စေရေးအတွက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြည်နယ်၏စီးပွားရေးလုပ်ငန်းဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်၏ ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွင် ခိုင်ခိုင်မာမာပေါ်ပေါက်လာသည့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းကို မိမိတို့အနေဖြင့် ဝမ်းမြောက်စွာကြိုဆိုကြောင်း၊ အသင်းအနေဖြင့် စည်းစည်းလုံးလုံးဖြင့် ယခင်ထက်ပို၍ ကုန်စည်စီးဆင်းမှုလုပ်ငန်းများ အဆင့်မြင့်လာစေရေး၊ စနစ်တကျဖြင့် ပိုမိုများပြားကျယ်ပြန့်စွာ ကုန်သွယ်လာစေရေးအတွက် ဆက်လက်လုပ်ဆောင်စေလိုကြောင်း၊ တစ်ဦးပေါ် တစ်ဦးခွဲခြားမှုမရှိဘဲ၊ လက်ဝါးကြီးအုပ်လွှမ်းမိုးလိုစိတ်မရှိဘဲ ညှိညှိနှိုင်းနှိုင်းဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရေး၊ ကောင်းမွန်သည့် မူဝါဒများချမှတ်ပြီး ညီညီညွတ်ညွတ်ဖြင့် ဆက်လက်အကောင်အထည်ဖော်ကြရေး၊ မိမိတို့ကောင်စီအနေဖြင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ကချင်ပြည်နယ်ကုန်စည်ပို့ဆောင်ရေးအသင်းဥက္ကဋ္ဌ ဦးဇေလွမ်းက အသင်းဖွဲ့စည်း ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး အသင်းဝင်လုပ်ငန်းရှင်အသင်းအဖွဲ့များမှတာဝန်ရှိသူများက နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းတွင် တစ်ဖက်တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးလုပ်ငန်းများတွင် လိုအပ်သည်များကို ကောင်စီအနေဖြင့် ညှိနှိုင်းပေါင်းစပ် ပေးနိုင်ရေး၊ ကုန်စည်ဒိုင်တစ်ခု အကောင်အထည်ဖော်ရာတွင် ကူညီပေးရေး၊ သီးနှံများကုန်စည်များလျင်မြန်စွာ ပို့ဆောင်နိုင်ရေးအတွက် ခွင့်ပြုချက်ဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်/ သွင်းကုန် ယာဉ်အသွားအလာကန့်သတ်မှုများအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ပြည်နယ်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးကျော်လင်းအောင်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတို့က နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ၊ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ဥပဒေနှင့်အညီ လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရုံးအဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်များ၊ လိုအပ်ချက်များနှင့် ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြည်နယ်ကောင်စီအနေဖြင့် အသင်းနှင့်အတူ ရပ်တည်ပြီး၍ ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းရေးကော်မတီကို အသစ်ဖွဲ့စည်းသွားရေး၊ အသင်း၏ လိုအပ်ချက်၊ အခက်အခဲများကို ချက်ချင်းဆက်သွယ်ဖြေရှင်းဆောင်ရွက်ကြရေးဖြင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**နိုင်ငံ့ဝန်ထမ်းဥပဒေအတိုင်း**

အလားတူ ပြည်နယ်ကောင်စီဥက္ကဋ္ဌသည် မွန်းလွဲ ၁ နာရီခွဲတွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံပြီး ဌာနဆိုင်ရာများအနေဖြင့် နိုင်ငံ၏တာဝန်ကို ထမ်းဆောင်ရာတွင် နိုင်ငံ့ဝန်ထမ်း ဥပဒေပါအတိုင်း စည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရေး၊ နိုင်ငံတော်ကောင်စီ၏ မူဝါဒအတိုင်း အားလုံးက တည်တည်ငြိမ်ငြိမ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေးနှင့် လုပ်ငန်းဆောင်ရွက်မှုများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို တင်ပြ၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရေး မှာကြားပြီး ကောင်စီအဖွဲ့ဝင်များ၏ သက်ဆိုင်ရာဌာနအလိုက် တာဝန်ယူဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဌာနများအလိုက် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးခဲ့ကြကာ လိုအပ်သည်များကို ပြည်နယ်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ဆောင်ရွက်ပေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ တွေ့ဆုံ

**စစ်တွေ ဖေဖော်ဝါရီ ၁၅**

ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တွေ့ဆုံမိတ်ဆက်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မင်းက ယခုအခမ်းအနားသည် ထပ်မံဖြည့်ဆည်းခန့်အပ်လိုက်သော ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှစ်ဦးနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများကို တွေ့ဆုံမိတ်ဆက်ပေးခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တည်ငြိမ်အေးချမ်းအောင် ကူညီဆောင်ရွက်ပေးကြသော ဌာနဆိုင်ရာအကြီးအကဲများနှင့် မိဘပြည်သူများကိုလည်း အထူးပင် ကျေးဇူးတင်ပါကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်းနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း မိမိတာဝန်ထမ်းဆောင်ရာနေရာတွင် ကိုယ်ကျိုးမဖက်ဘဲ ဒေသအတွက်၊ ပြည်နယ်အတွက်၊ နိုင်ငံအတွက် အတတ်နိုင်ဆုံး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက် ပေးကြစေလိုကြောင်း ပြောကြားသည်။ ဆက်လက်၍ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစံရွှေမောင်နှင့် ဦးသန်းထွန်းတို့က မိတ်ဆက်စကားပြောကြားကြသည်။ ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများမှ မိမိတို့ဌာနအလိုက် တစ်ဦးချင်း မိတ်ဆက်တင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ရခိုင်ပြည်နယ်အတွင်း ပြည်သူများနှင့် ဝန်ထမ်းများက တည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး မိမိတို့လုပ်ငန်းတာဝန်များကို ပူးပေါင်းဆောင်ရွက်ပေးနေကြသည့်အတွက် ကျေးဇူးတင်ကြောင်း၊ မိမိတို့ပြည်နယ်ကို ယခုထက် တည်ငြိမ်အေးချမ်းအောင်၊ ယခုထက် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြစေလိုကြောင်း နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း ဌာနဆိုင်ရာများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ရဲမှုထမ်းများနှင့် မိသားစုဝင်များအား ဆန်၊ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စောသန်းလှိုင် ထားဝယ်ခရိုင်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်ကာလအတွင်း သွားလာမှုများ ကန့်သတ်ချက်များကြောင့် စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံးအိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နှင့် မိုင်းရှူးမြို့၊ ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့၊ မွန်ပြည်နယ်မော်လမြိုင်မြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နှင့် ဒဂုံ မြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့၊ အမ်းမြို့၊ တောင်ကုတ်မြို့၊ ကျောက်ဖြူမြို့၊ သံတွဲမြို့၊ ဂွမြို့၊ ကျောက်တော်မြို့၊ မြောက်ဦးမြို့၊ မင်းပြားမြို့နှင့် ဘူးသီးတောင်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ရွှေဘိုမြို့၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နှင့် ချင်းပြည်နယ်၊ ဟားခါးမြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့၊ ကျောက်တံခါးမြို့၊ ပြည်မြို့နှင့် လက်ပံတန်းမြို့တို့ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဖားကန့်၊ မိုးကောင်း၊ မိုးမိတ်နှင့် မိုင်းဆတ်မြို့တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၂ ရက် ညနေ ၆ နာရီခွဲတွင် ဖားကန့်မြို့ မော်ဝမ်းရပ်ကွက်တွင် ကျော်နိုင်ဦး(ခ)စိုင်းသူရ မောင်းနှင်ပြီး အောင်ဌေး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကို သိမ်းဆည်းရမိသည်။

ထို့အတူ ယင်းနေ့ ညနေပိုင်းက မိုးကောင်းမြို့ အရှေ့ရပ်ကွက် နမ့်ကောင်းရိပ်သာလမ်း စိမ်းမြသီတာပန်းခြံရှေ့တွင် အေးဝင်း(ခ)သစ်မွှေး မောင်းနှင်ပြီး နောနော်(ခ)ဇော်ဂျာ(ခ)မိုင်းမိုင် လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ဟိန်းမင်းထွေး မောင်းနှင်လာသော ဆိုင်ကယ်တို့အား ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၄၉၅ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၀၀ တို့ကို လည်းကောင်း၊ ယင်းနောက် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာအုပ်စု ထုံးဘိုကျေးရွာအနီး မန်ကျည်းပင်-ထုံးဘို ကျေးရွာသွားလမ်းတွင် လာဆာ မောင်းနှင်ပြီး လီလေး လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ကို လည်းကောင်း၊ ထို့အတူ ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၅ နာရီတွင် မိုင်းဆတ်မြို့နယ် မိုင်းတွမ်း(တောင်ပေါ်)ကျေးရွာအုပ်စု ဘိုယားကျေးရွာရှိ မမီညာ၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀၀ ကိုလည်းကောင်း ဖမ်းဆီးရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ဟိန်းမင်းထွေး(ခ)ဟိန်းကြီး၊ နောနော်(ခ)ဇော်ဂျာ(ခ)မိုင်းမိုင်၊ အေးဝင်း(ခ)သစ်မွှေးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ဝါးခယ်မမြို့၌ စကားများရန်ဖြစ်ရာမှ ဓားထိုးခံရသဖြင့် အမျိုးသားတစ်ဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့၌ ဖေဖော်ဝါရီ ၁၄ ရက်က စကားများရန်ဖြစ်ရာမှ ဓားထိုးခံရသဖြင့် အမျိုးသားတစ်ဦး သေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၄ ရက် ည ၇ နာရီခွဲက ဝါးခယ်မမြို့ သော်ကရပ်ကွက်နေ ဦးမောင်ချစ် (၅၁ နှစ်)သည် နေအိမ်၌ရှိနေစဉ် ညီဖြစ်သူ ကိုမျိုးမျိုး ရောက်ရှိလာပြီး ၎င်း၏သား ဇင်မောင်မောင်(၂၅ နှစ်)နှင့် တစ်ရပ်ကွက်တည်းနေ ကျော်ကြီး(ခ) ဝင်းကျော်(၂၉ နှစ်)တို့ စကားများ ရန်ဖြစ်ကြရာမှ ကျော်ကြီး(ခ) ဝင်းကျော်က ဓားဖြင့် ထိုးခဲ့ကြောင်း ပြောပြချက်အရ သွားရောက်ခဲ့ကြောင်း၊ ဇင်မောင်မောင်မှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ လဲကျနေသည်ကိုတွေ့ရှိရ၍ ဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးခဲ့သောကြောင့် အရေးယူပေးပါရန် တိုင်တန်းချက်အရ ကျော်ကြီး(ခ) ဝင်းကျော်အား ဝါးခယ်မမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ပုသိမ်ကြီးမြို့နယ်၌ မီးစက်ပြင်ရာမှ မီးပွားလွင့်စဉ်၍ မီးလောင်မှုဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ဖေဖော်ဝါရီ ၁၄ ရက်က မှို့များ သိုလှောင်ထားသည့် ဂိုဒေါင်အတွင်း၌ မီးစက်ပြင်နေစဉ် မီးပွားလွင့်စဉ်ရာမှ မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီက ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်း ကျေးရွာနေ ဇော်ရဲ(၂၉ နှစ်)သည် မှို့များသိုလှောင်ထားသည့် ဂိုဒေါင်အတွင်း၌ မီးစက်ပြင်နေစဉ် မီးပွားလွင့်စဉ်၍ မှို့များအား မီးကူးစက်လောင်ခဲ့ရာ ၅ မိနစ်အကြာတွင် မီးငြိမ်းသွားသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဇော်ရဲအား ပုသိမ်ကြီး မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## လောက်ကိုင်၊ မန္တလေး၊ ပင်လည်ဘူးနှင့် ကျောက်တန်းမြို့နယ်တို့တွင် မီးလောင်မှုဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် လောက်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တို့တွင် မီးလောင်မှုများ ဖြစ်ပွားခဲ့ကြောင်း မီးသတ်တပ်ဖွဲ့၏ ကနဦးသတင်းထုတ်ပြန်ချက်အရ သိရသည်။

ရှမ်းပြည်နယ် လောက်ကိုင်မြို့ ရပ်ကွက်(၃)တွင် ယနေ့ နံနက် ၉ နာရီ ၂၇ မိနစ်ခန့်က မီးလောင်မှုဖြစ်ရာ လောက်ကိုင်မြို့နယ် မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်လေးစီး၊ အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်သုံးစီး ထွက်ခွာငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၃၈ မိနစ်တွင် မီးငြိမ်းကြောင်းသိရသည်။

အလားတူ ယနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်က ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၂)၊ (၄၉x၁၃၅) လမ်း၊ ယောမင်းကြီးလမ်းတွင် မီးလောင်မှုဖြစ်ရာ ပြည်ကြီးတံခွန်မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်အုပ်စုများ ထွက်ခွာငြိမ်းသတ်မှုကြောင့် နံနက် ၁၀နာရီ ၅၆ မိနစ်တွင် မီးငြိမ်းကြောင်း သိရသည်။

ထို့အတူ ယနေ့ မွန်းလွဲ ၁ နာရီခန့်က ကောလင်းခရိုင် ပင်လည်ဘူးမြို့နယ် ကြာအင်းကျေးရွာတွင် မီးလောင်မှုဖြစ်ရာ ပင်လည်ဘူးမြို့နယ်မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး ထွက်ခွာငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၂နာရီတွင် မီးငြိမ်းကြောင်း သိရသည်။

အလားတူ ယနေ့ ည ၇ နာရီခန့်က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပြည်တွင်းစက်မှုဇုန်၊ ကနောင်မင်းသားကြီးလမ်းအနီးတွင် အမှိုက်ပုံမီးလောင်မှုဖြစ်ရာ ကျောက်တန်းမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး ထွက်ခွာငြိမ်းသတ်မှုကြောင့် ည၇ နာရီ ၂၃ မိနစ်တွင် မီးငြိမ်းသွားကြောင်းသိရသည်။ မီးလောင်မှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာက ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၂၆/၇)နှင့် မိုင်တိုင်အမှတ်(၁၉၃/၃)တို့တွင် တောမီးလောင်မှုများ ဖြစ်ပွားသဖြင့် သက်ဆိုင်ရာနယ်မြေ မီးသတ်စခန်းများမှ သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။ **မြန်မာ့အလင်း**

## ကျိုင်းတုံမြို့၌ ယာဉ်တိုက်မှုဖြစ်ကာ နှစ်ဦး သေဆုံး

**ကျိုင်းတုံ ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ နားခမ်းရွာ ကျိုင်းတုံတက္ကသိုလ်ရှေ့ ကျိုင်းတုံ-တောင်ကြီးကားလမ်းတွင် ဖေဖော်ဝါရီ ၁၄ ရက်က ယာဉ်တိုက်မှုဖြစ်ကာ နှစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုင်းတုံမြို့တွင်းဘက်မှ ကျိုင်းဖောက်ဘက်သို့ မျိုးဇော်(၂၂နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ်ဖြင့် ဦးဝင်းမြင့် (၅၇နှစ်)အား တင်ဆောင်မောင်းနှင်လာစဉ် ကျိုင်းတုံတက္ကသိုလ်ရှေ့အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ဘေးတွင် ရပ်တန့်ထားသည့် YGN 8J/--- ၁၂ ဘီးယာဉ်ကို ဝင်ရောက်တိုက်မိရာ ဆိုင်ကယ်မောင်းနှင်သူ မျိုးဇော်နှင့် နောက်တွင်စီးနင်းသူ ဦးဝင်းမြင့်တို့တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မျိုးဇော်အား ကျိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ယနေ့ သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ **မြန်မာ့အလင်း**

## ဒိုက်ဦးမြို့နယ်၌ ယာဉ်ပေါ်မှ ပြုတ်ကျ၍ အမျိုးသားနှစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ခင်တန်းကြီးကျေးရွာအနီး ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၇၈/၆-၇)ကြားတွင် ဖေဖော်ဝါရီ ၁၄ ရက်က ယာဉ်ပေါ်မှ ပြုတ်ကျ၍ အမျိုးသားနှစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီခွဲက ကျောက်တံခါးမြို့နယ် ဘွဲ့ချင်ကျေးရွာနေ လွှမ်းမိုး(၃၃ နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ အောင်ဘိုဘိုစိုး (၃၂ နှစ်)လိုက်ပါလာသော BGO 2R/---- Faw ယာဉ်သည် ပဲခူးမြို့ဘက်မှ နေပြည်တော်ဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်တွင် ယာဉ်ပေါ်၌ တင်ဆောင်လာသည့် ကျွဲနှစ်ကောင်ရုန်းကန်သောကြောင့် ၎င်းတို့နှစ်ဦးမှာ ယာဉ်ပေါ်မှ ပြုတ်ကျခဲ့သဖြင့် ဒဏ်ရာများရရှိခဲ့သောကြောင့် လွှမ်းမိုးကို အုတ်ရှစ်ကုန်းအမြန်လမ်းမကြီးရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## တိုက်ကြီးမြို့နယ်၌ စကားများရန်ဖြစ်ပြီး ဓားဖြင့်ဝိုင်းထိုးခံရမှုကြောင့် အမျိုးသားတစ်ဦးသေဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဖေဖော်ဝါရီ ၁၄ ရက်က အရက်အတူသောက်စားရာမှ စကားများရန်ဖြစ်ပြီး ဓားဖြင့်ဝိုင်းထိုး၍ အမျိုးသားတစ်ဦး သေဆုံးကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၃ နာရီက တိုက်ကြီးမြို့နယ် လသာကုန်းကျေးရွာနေ ကြက်ခြံလုပ်ငန်းပိုင်ရှင် ရဲမင်းဦး(၃၂နှစ်)နှင့် ကြက်ခြံအလုပ်သမားများဖြစ်သည့် ရေပေါ်သောင်ကျေးရွာနေ ကျော်မင်းသူ(ခ)ကျော်သက်ခိုင် (၂၈ နှစ်)၊ လသာကုန်းကျေးရွာနေ ငမိုး(၂၂ နှစ်)တို့သည် လသာ ကုန်းကျေးရွာအနီး ကြက်ခြံ၌ အရက်အတူသောက်စားရာမှ စကားများရန်ဖြစ်ပြီး ရဲမင်းဦးနှင့် ကျော်သူမင်းတို့က ငမိုးအား ဓားဖြင့် ဝိုင်းထိုးခဲ့ကြောင်း သိရသည်။

ဓားထိုးခံရမှုကြောင့် ငမိုးတွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာ၌သေဆုံးသဖြင့် အရေးယူပေးရန် တိုင်တန်းချက်အရ ရဲမင်းဦးနှင့် ကျော်မင်းသူ(ခ)ကျော်သက်ခိုင်တို့အား တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မအူပင်မြို့နယ်တွင် ဓားထိုးခံရမှုကြောင့် တစ်ဦးသေဆုံး

**မအီ ဖေဖော်ဝါရီ ၁၅**

သံတွဲခရိုင် မအီမြို့နယ် ဂျီဖြူတောင်ကျေးရွာအုပ်စု ကင်းခြေ ရွာသစ်နေ ဦးရွှေတင်(ခ)ငကွချေ(၇၃ နှစ်)မှာ ယမန်နေ့ ညနေ ၆ နာရီခန့်က ဓားထိုးခံရမှုကြောင့် သေဆုံးသွားကြောင်း သိရသည်။

ယမန်နေ့ညနေပိုင်းက ကင်းခြေရွာသစ်နေသူ ဦးရွှေတင်( ၇၃ နှစ်)မှာ နေအိမ်သို့အပြန်တွင် ဦးမောင်လှတင် နေအိမ်သို့ဝင်ရောက်၍ စကားပြောနေစဉ် တစ်ရွာတည်းနေ ခင်မောင်ဦး (၅၂နှစ်)က နေအိမ်ခြံဝင်းအတွင်းသို့ ဝင်ရောက်လာပြီး အသင့်ပါလာသော ဓားမြှောင်ဖြင့်ထိုးသွင်းခဲ့ကြောင်း သိရသည်။

ဓားထိုးခံရမှုကြောင့် ဦးရွှေတင်မှာ နေရာတွင် သေဆုံးသွားကြောင်း၊ စုံစမ်းမေးမြန်းချက်များအရ ၎င်းတို့နှစ်ဦးသည် ယခင်က ရန်ငြိုးရန်စရှိသူများဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေသူ ခင်မောင်ဦးအား ဖမ်းဆီးရမိရေး မအီမြို့မရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မောင်မောင်ဌေး(ပြန်/ဆက်)**

# ဂျပန်နိုင်ငံ၌ ကိုဗစ် - ၁၉ ကာကွယ်ဆေး ဖေဖော်ဝါရီ ၁၇ ရက်တွင် ထိုးနှံပေးမည်

တိုကျို ဖေဖော်ဝါရီ ၁၅

**ဂျပန်နိုင်ငံ၌ ဖေဖော်ဝါရီ ၁၇ ရက်မှစတင်ကာ ကိုဗစ် –၁၉ ကာကွယ်ဆေးထိုးနှံပေးမှု စတင်တော့မည်ဟု ဂျပန်ဝန်ကြီးချုပ် ဆူဂါ ယိုရှီဟိဒဲက ပြောကြားခဲ့သည်။ ဆေးဝန်ထမ်းများကို ဦးစွာကာကွယ်ဆေးထိုးပေးမည်ဟု သိရသည်။**

ဂျပန်ဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၁၅ ရက်၌ အောက်လွှတ်တော်ဘတ်ဂျက် ကော်မတီအစည်းဝေးတွင် မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်သူများလက်ထဲသို့ လုံခြုံစိတ်ချရပြီး အစွမ်းထက်သည့်ကာကွယ်ဆေး လျင်လျင်မြန်မြန် အရောက်ပို့မည်ဟု ဝန်ကြီးချုပ်က ပြောသည်။

**ကာကွယ်ဆေးသုံးစွဲခွင့်ပြု**

အမေရိကန်ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် ဖိုက်ဇာကုမ္ပဏီက ထုတ်လုပ်သည့် ကိုဗစ် – ၁၉ ကာကွယ်ဆေးကို ဂျပန်နိုင်ငံတွင် သုံးစွဲခွင့်ပြုရန်အတွက် ဖေဖော်ဝါရီ ၁၄ ရက်တွင် အစိုးရမှ မီးစိမ်းပြခဲ့ပြီး ဖြစ်သည်။

ကာကွယ် ဆေးထိုးနှံပေးရမည့် နေရာများကိုလည်း ပြင်ဆင်ထားသင့်သည်ဟု အာဏာရလစ်ဘရစ် ဒီမိုကရက်တစ်ပါတီမှ လွှတ်တော်အမတ်တစ်ဦးဖြစ်သူ မူရိုင်ဟိုင်ဒီကီက ပြောသည်။

**လျင်မြန်စွာ ထိုးပေးနိုင်မည်**

ထို့ကြောင့် ပြည်သူများကို လျင်မြန်စွာ ကာကွယ်ဆေး ထိုးပေးနိုင်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သက်ကြီးရွယ်အို နိုင်ငံသားများမှာမူ ကာကွယ်ဆေး ထိုးနှံပေးသည့် နေရာများသို့ လာရောက်ရန် မလိုအပ်ကြောင်း ဆေးဘက်ဆိုင်ရာ အဆောက်အအုံများတွင်သာ ကာကွယ်ဆေးထိုးနှံမှုခံရမည်ဟု သိရသည်။

**အစုလိုက် ထိုးနှံပေးနိုင်ရေးစီစဉ်**

ဒေသခံအစိုးရများသည်လည်း အစုလိုက်ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေးအတွက် စီစဉ်မှုများ ပြုလုပ်နေသည်ဟု ဂျပန်နိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်တွင် တာဝန်ရှိသူဖြစ်သည့် ဝန်ကြီးတစ်ဦးဖြစ်သူ ကိုနိုတာရိုက ပြောသည်။

**အင်န်အိတ်ချ်ကေ**



ဂျပန်ဝန်ကြီးချုပ် ဆူဂါ ယိုရှီဟိဒဲ။



ရဝမ်ဒါတွင် ကိုဗစ် – ၁၉ ဆေးစစ်ပေးနေသည်ကို တွေ့ရစဉ်။

# ရဝမ်ဒါတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု စတင်

**ကီဂါလီ ဖေဖော်ဝါရီ ၁၅**

ရဝမ်ဒါတွင် ကိုဗစ် – ၁၉ ကူးစက်နိုင်ခြေမြင့်သည့် လူများကို ဦးစွာကိုဗစ် –၁၉ ကာကွယ်ဆေးထိုးပေးနေပြီ ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကိုဗစ် – ၁၉ တိုက်ဖျက်ရေးအတွက် ရှေ့တန်းမှ တာဝန်ယူလုပ်ကိုင်နေရသည့် ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးထိုးနှံပေးမည်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကန့်အသတ်ဖြင့် ကာကွယ်ဆေးရရှိခဲ့ခြင်း ဖြစ်သည်။

ရဝမ်ဒါတွင် ပထမဦးဆုံး အသုတ်အဖြစ် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးခြင်းဖြစ်ပြီး ယခုလနှောင်းပိုင်းတွင် ကာကွယ်ဆေးထိုးခြင်းအစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်မည်ဟု မျှော်လင့်ထားသည်။

ကိုဗက်အစီအစဉ်နှင့် အာဖရိကသမဂ္ဂ၏ အာဖရိကဆေးဘက်ဆိုင်ရာထောက်ပံ့မှုအစီအစဉ်အရ ကာကွယ်ဆေးထောက်ပံ့မှုများရရှိရန် မျှော်လင့်ထားသည်။

ရဝမ်ဒါတွင် ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအတွက် အဆင်သင့်ပြင်ဆင်ထားကြောင်း ကျန်းမာရေးဝန်ကြီးက ပြောသည်။ ဖေဖော်ဝါရီ ၁၄ ရက်အထိ ရဝမ်ဒါတွင် ကိုဗစ် –၁၉ ကူးစက်ခံရသူပေါင်း ၁၇၃၄၃ ဦးရှိပြီး သေဆုံးသူ ၂၃၉ ဦးရှိသည်။

ရောဂါ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာမူ ၁၄၇၉၂ ဦး ရှိသည်ဟု သိရသည်။ ရဝမ်ဒါအစိုးရသည် နှစ်နှစ်အတွင်း နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရေးအတွက် စီစဉ်ထားကြောင်း သိရသည်။

အစိုးရသည် နိုင်ငံလူဦးရေအားလုံးကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးနိုင်ရေး အတွက် ကာကွယ်ဆေး ပိုမိုရရှိရန်လည်း ကြိုးပမ်းလျက်ရှိကြောင်းကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကြီးကြပ်မှုဝန်ကြီး သာဆီဆီ အမ်ပန်ဂါက ပြောသည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတွင် ကိုဗစ် - ၁၉ ဖြစ်ပွားသူအရေအတွက် ၁၀၉၁၆၅၈၉ ဦးအထိရှိ

**နယူးဒေလီ ဖေဖော်ဝါရီ ၁၅**

အိန္ဒိယနိုင်ငံတွင် ဖေဖော်ဝါရီ ၁၅ ရက်က ကိုဗစ် –၁၉ ကူးစက်ခံရသူ ၁၁၆၄၉ ဦး ထပ်တိုးလာသည့်အတွက် စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၁၀၉၁၆၅၈၉ ဦး အထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းအထိ ကိုဗစ် –၁၉ ကြောင့်သေဆုံးသူအရေအတွက်မှာ ၁၅၅၇၃၂ ဦး ရှိသည်။ တိုင်းပြည်အတွင်း လက်ရှိ ကိုဗစ် – ၁၉ ဖြစ်ပွားနေသူအရေအတွက်မှာ ၁၃၉၆၃၇ ဦးရှိပြီး ဆေးရုံမှ ဆင်းသွားသူအရေအတွက်မှုမှ ၁၀၆၂၁၂၀ ရှိသည်။

ပြီးခဲ့သည့် သုံးရက်တာအတွင်း နေ့စဉ်ကူးစက်မှုနှုန်း တိုးလာခဲ့သည်။ အိန္ဒိယနိုင်ငံသည် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံမှု စတင်ခဲ့ပြီး ယခုအချိန်ထိ ၈ ဒသမ ၃ သန်းကို ကာကွယ်ဆေးထိုးပေးခဲ့ပြီး ဖြစ်သည်။

ဖေဖော်ဝါရီ ၁၄ ရက် တစ်ရက်တည်းတွင်ပင် လူပေါင်း ၄၈၆၁၂၂ ဦးကို ကိုဗစ် – ၁၉ ရှိ မရှိ ဆေးစစ်ပေးနိုင်ခဲ့သည်ဟု အိန္ဒိယဆေးသုတေသနကောင်စီက ဖေဖော်ဝါရီ ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။ မြို့တော်ဒေလီသည် ကိုဗစ် –၁၉ ကူးစက်မှုအများဆုံးနေရာထဲမှ တစ်ခုဖြစ်ပြီး ပြီးခဲ့သည့်လအနည်းငယ်အတွင်း ကူးစက်မှုနှုန်းကျဆင်းခဲ့သည်။

ဒေလီမြို့တွင် ဖေဖော်ဝါရီ ၁၄ ရက်က ကူးစက်ခံရသူ ၁၅၀ တွေ့ရှိခဲ့ပြီး နှစ်ဦး သေဆုံးခဲ့သည်ဟု သိရသည်။ ကိုဗစ် – ၁၉ ကြောင့် ဒေလီမြို့တွင်သေဆုံးသူ ၁၀၈၉၁ ဦး ရှိသည်ဟု ဒေလီမြို့ကျန်းမာရေးဌာနကပြောသည်။ အိန္ဒိယနိုင်ငံတွင် ကာကွယ်ဆေးနှစ်မျိုး ထိုးနှံပေးနေသည်ဟု သိရသည်။

**ဆင်ဟွာ**



မွမ်ဘိုင်းမြို့ရှိ ကိုဗစ်–၁၉ ဆေးခန်းတွင် ဒေသခံများနှင့် ဆရာဝန်သူနာပြုများကို တွေ့ရစဉ်။

# တောင်ကိုရီးယားနိုင်ငံတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၄၄ ဦး တွေ့ရှိ

**ဆိုးလ် ဖေဖော်ဝါရီ ၁၅**

တောင်ကိုရီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၁၄ ရက် က ကိုဗစ်–၁၉ ကူးစက်ခံရသူ ၃၄၄ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် နိုင်ငံတစ်ဝန်းစုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၈၃၈၆၉ ဦးရှိသည်ဟု သိရသည်။

နေ့စဉ်ကူးစက်မှုနှုန်းမှာ ၄၀၀ အောက် ကျဆင်းလာသည်မှာ သုံးရက်ဆက်တိုက် ရှိနေပြီဖြစ်သည်။ နှစ်သစ်ကူးရုံးပိတ်ရက် ကာလအတွင်း ဆေးစစ်ပေးမှုလုပ်ဆောင်မှုများ အနည်းငယ်လျော့ကျခဲ့သည်။

သို့သော်လည်း နေ့စဉ်ကူးစက်မှုနှုန်း ၁၀၀ အထက်တွင် ရှိနေသည်မှာ နိုဝင်ဘာ ၈ ရက် ဆိုးလ်မြို့နှင့် ဂယောင်းဂီပြည်နယ်တို့တွင် အစုလိုက်ကူးစက်မှု စတင်ကတည်းက ဖြစ်သည်။

အသစ်ကူးစက်ခံရသူများအနက် ၁၄၇ ဦးမှာ ဆိုးလ်မြို့ဒေသခံများဖြစ်ပြီး ၉၉ ဦးမှာ ဂယောင်းဂီပြည်နယ်မှ ဖြစ်သည်။ ပြည်ပမှပြန်လာသူများတွင် ကူးစက်မှုတွေ့ ရှိရသူ ၂၁ ဦးရှိသည်။

နောက်ထပ်ငါးဦး ထပ်မံသေဆုံးခဲ့သည့်အတွက် သေဆုံးသူစုစုပေါင်းမှာ ၁၅၂၇ ဦးအထိ ဖြစ်လာသည်။ သေဆုံးမှုနှုန်းမှာ ၁ ဒသမ ၈၂ ရာခိုင်နှုန်းရှိသည်။ စုစုပေါင်း ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၈၇ ဒသမ ၉၉ ရာခိုင်နှုန်း ရှိသည်။

**ဆင်ဟွာ**

# ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ခြင်းဖြင့် ကလေးငယ်များ၏ဖွံ့ဖြိုးမှုကို အနှောင့်အယှက်ဖြစ်စေသလား

ကေကေစိုး

ကိုဗစ် -၁၉ကာကွယ်ရေးအတွက် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ရာ၌ အရွယ်ရောက်ပြီးသောသူများတွင် သက်သောင့်သက်သာမရှိ။ ကလေးများကို ပါးစပ် နှာခေါင်းစည်းတပ်ဆင်ခိုင်းရာတွင်မူ ယင်းထက်ပို၍ အခြေအနေ ပိုဆိုးပေသည်။

**မေးခွန်းထွက်ပေါ်**

ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ခြင်းကြောင့် တစ်ဦး မျက်နှာကိုတစ်ဦး အကဲခတ်မရ ဖြစ်ရသကဲ့သို့ ကလေး များ၏ တိုးတက်မှုတွင်လည်း ထိခိုက်မှုရှိသလား ဟူသည့် မေးခွန်းများ ပေါ်ထွက်လာသည်။ ကလေးငယ်များကို ပြုစုစောင့်ရှောက်ပေးရသူများသည် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ထားရသည့်အတွက် မျက်နှာကိုဖုံးထား ရပြီး ကလေးငယ်များနှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရာတွင် အခက်အခဲဖြစ်စေနိုင်သည်ဟု ပြောသည်။ မွေးကင်းစကလေးငယ်များမှာ မျက်နှာများ ကိုမြင်ရရန် လိုအပ်သည်။ သင်ယူနေသည့်အချိန် ဖြစ် သည်။ မွေးကင်းစကလေးငယ်များ တစ်နှစ်သားအရွယ် မရောက်မီ လူကြီးနှင့် ကလေးငယ်တို့အကြား အပြန် အလှန်တုံ့ပြန်မှုရရှိရန် လိုအပ်သည်ဟု တိုကျိုတက္ကသိုလ် မှ ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အထူးပြုဘာသာရပ် ပါမောက္ခ မာဆာကိုက ပြောသည်။ ယင်းအရွယ်ကလေးများမှာ လူကြီးများ၏ မျက်နှာများနှင့် အမူအရာများကို သင်ယူနေသည့် အချိန်ဖြစ်သည်ဟု ၎င်းက ပြောသည်။ ကလေးများအနေဖြင့် လူကြီး၏ မျက်နှာကိုမှတ်မိစေရန် ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးကို တွေ့မြင်နေရရန် လိုအပ်သည်။

ပျော်ရွှင်မှု၊ ဒေါသထွက်မှု အစရှိသည့် ခံစားချက် များကို ခွဲခြားနိုင်ရန် သင်ယူနေသည့်အချိန်လည်း ဖြစ် သည်။ အခြားလူများ၏ ခံစားချက်ကို နားလည်ရန် အတွက် အခြေခံကျသည့် သင်ယူမှုတစ်ရပ်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆိုးရွားသည့် သက်ရောက်မှုရှိနိုင်**

ကလေးငယ်များကိုလူကြီးများ၏ မျက်နှာဟန်ပန် အမူအရာကို မြင်တွေ့ခွင့်ပေးရန် အရေးကြီးသည်ဟု ၎င်းက ပြောသည်။ ထို့ကြောင့် မိသားစုဝင်များအနေဖြင့် နေအိမ်၌ ကလေးများကို ၎င်းတို့၏ မျက်နှာဟန်ပန် အမူအရာများကို ပိုမိုတွေ့မြင်ခွင့်ပေးရန် အရေးကြီး သည်ဟု ဆိုသည်။ ဂျပန်နိုင်ငံရှိ မူလတန်းကျောင်း များတွင် ပါးစပ်၊ နှာခေါင်းစည်းဝတ်ဆင်ရခြင်းကြောင့် ၎င်းတို့၏ ကျောင်းသားများပေါ်တွင် ဆိုးရွားသည့် သက်ရောက်မှုများရှိနိုင်သည်ဟု အစီရင်ခံကြသည်။

ပါးစပ်၊ နှာခေါင်းစည်းကြောင့် အချင်းချင်းဆက်သွယ် ရာတွင် အနှောင့်အယှက်ဖြစ်ရပြီး ကလေးများကို



“ အနံ့ပျောက်ခြင်းနှင့် အရသာပျောက်ခြင်းတို့ကို ကလေးအနည်းစုတွင် ဖြစ်ပွားသည်ကိုတွေ့ရှိရပြီး လူကြီးများတွင်လည်း အလားတူ လက္ခဏာများနှင့် ကြုံတွေ့ရသည်။ တချို့သော ကလေးများမှာရောဂါကူးစက်ခံရသော်လည်း ရောဂါလက္ခဏာမပြသည့် အခြေအနေမျိုးဖြစ်နိုင်ပြီး တချို့ကလေးများမှာလည်း ၎င်းတို့ ခံစားနေရသည့် ရောဂါလက္ခဏာကို ရှင်းမပြတတ်ဖြစ်နေတာမျိုးလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏ ကလေးများကို အနီးကပ်စောင့်ကြည့်မှုမျိုး ပြုလုပ်သင့်သည်”

ထိန်းသိမ်းရာတွင်လည်း အဆင်မပြေဖြစ်ရသည်ဟု ပြော သည်။

**အခြေအနေ ကျဉ်းမြောင်းသွား**

အသက် ၁၀ နှစ်မှ လေးနှစ်အတွင်း ကလေးများမှာ မျှဝေခံစားမှုစွမ်းရည် တိုးတက်လာပြီဖြစ်ပြီး အခြားသူများ မည်သို့တွေးတောမည်ဆိုသည်ကိုပါ ခံစားကြည့်တတ်လာ သည်။ ထို့ပြင် မည်သို့တုံ့ပြန်ရမည်ဆိုသည်ကို တွေးတော မိလာတတ်သည်ဟု ပါမောက္ခ မာဆာကိုက ပြောသည်။ ပုံမှန်အားဖြင့် ကလေးများအတွက် စာသင်ကျောင်းများတွင် လူအများနှင့်ထိတွေ့ဆက်ဆံရန် အခွင့်အရေး ပိုမိုရရှိသော် လည်း ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရခြင်းကြောင့် အဆိုပါ အခြေအနေမှာ ကျဉ်းမြောင်းသွားသည်။

**နေအိမ်တွင် ကူးစက်ခံရ**

ထို့ကြောင့် ဆရာများအနေဖြင့် ယင်းအခြေအနေကို မည်သို့ကျော်လွှားမည်ကို စဉ်းစားသင့်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ ကိုယ်ဟန်အမူအရာဖြင့် ဆက်သွယ်ခြင်းသည်လည်း တစ်စုံတစ်ခုသော အတိုင်း အတာအထိ ပြုလုပ်နိုင်ပြီး အရွယ်ရောက်ပြီးသော သူများ သည် ၎င်းတို့၏ခံစားချက်ကို ရုပ်ပိုင်းဆိုင်ရာအရဖြင့် ဖော်ပြ လေ့ ရှိသည်။ ကိုဗစ် -၁၉ ကူးစက်မှုဒဏ်ကို လူကြီးများ နည်းတူ ကလေးများလည်း ခံနိုင်ရည်ရှိသည်ဟု ကလေး သူငယ်ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ ပြောသည်။

ဂျပန်နိုင်ငံတွင် ကလေးငယ်များကူးစက်မှုအများစု မှာ နေအိမ်တွင် ကူးစက်ခံရခြင်း ဖြစ်သည်။ အများစုမှာ အဖျားကြီးပြီး ချောင်းခြောက် ဆိုးကြသည်။ ကလေး အချို့မှာမူ အဖျားတာရှည်ပြီး အဆုတ်ရောင်ရောဂါကို ဖြစ်ပွားစေသည်။

**အနီးကပ် စောင့်ကြည့်သင့်**

အချို့သော ကလေးများမှာမူ အော့အန်ခြင်း၊ အစာအိမ်နာကျင်ခြင်းနှင့် ဝမ်းသွားခြင်း၊ အစာခြေ ဖျက်မှုစနစ်နှင့် သက်ဆိုင်သည့် ရောဂါလက္ခဏာများ ဖြစ်ပွားကြသည်။ ကလေးငယ်များအနေဖြင့် ၎င်းတို့၏ ဝေဒနာကို ရှင်းမပြတတ်သည့် အခြေအနေမျိုးလည်း ဖြစ်နိုင်သည်။ အနံ့ပျောက်ခြင်းနှင့် အရသာပျောက်ခြင်း တို့ကို ကလေးအနည်းစုတွင် ဖြစ်ပွားသည်ကိုတွေ့ရှိရပြီး လူကြီးများတွင်လည်း အလားတူ လက္ခဏာများနှင့် ကြုံတွေ့ရသည်။ တချို့သော ကလေးများမှာရောဂါ ကူးစက်ခံရသော်လည်း ရောဂါလက္ခဏာမပြသည့် အခြေ အနေမျိုး ဖြစ်နိုင်ပြီး တချို့ကလေးများမှာလည်း ၎င်းတို့ ခံစားနေရသည့် ရောဂါလက္ခဏာကို ရှင်းမပြတတ်ဖြစ်နေ တာမျိုးလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် မိဘများအနေဖြင့် မိမိတို့၏ ကလေးများကို အနီးကပ်စောင့်ကြည့်မှုမျိုး ပြုလုပ်သင့်သည်။

**နည်းပါးလွန်း**

အရွယ်ရောက်ပြီးသူများနှင့် နှိုင်းယှဉ်လျှင် ကလေး များမှာ အဖျားကြီးသည့် အဖြစ်အပျက်မျိုး နည်းပါး သော်လည်း အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာ များလည်း ဖြစ်တတ်သည်။ အသက် နှစ် နှစ်အောက် ကလေးများတွင် ပြင်းထန်သည့်ရောဂါလက္ခဏာပြသ နိုင်သည့်အတွက် လူကြီးများအနေဖြင့် ဂရုတစိုက်ကြည့်ရှု သင့်သည်။ ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် အသက် ၁၀ နှစ် ဝန်းကျင်ကလေးများမှာ ဗိုက်နာခြင်း၊ ဝမ်းသွားခြင်းနှင့် ဖျားနာခြင်းတို့ ဖြစ်ပေါ်ပြီးသည့် နောက်ပိုင်းတွင် နှလုံးပြဿနာများလည်း ခံစားရသည် ဟုဖော်ပြထားသည်။ သို့သော်လည်း ဂျပန်နိုင်ငံတွင်မူ ယင်းကဲ့သို့ပြဿနာမျိုးမှာ နည်းပါးလွန်းသည်။

**လူငယ်များလည်း အလေးထားရန်လို**

ကိုဗစ် -၁၉ ကို လူကြီးများ ဂရုပြုနေထိုင်ကြသကဲ့သို့ လူငယ်များလည်း အလေးထားရန် လိုအပ်သည်။ လူငယ်များတွင် ရောဂါကူးစက်ခံရပါက အပျော့စား လက္ခဏာများသာ ပြသော်လည်း လူတိုင်း လူတိုင်းတော့ မဟုတ်ပေ။ လူငယ်များတွင် သေဆုံးမှုနှုန်းနည်းပါး သော်လည်း ကာလရှည်ကြာ အနံ့နှင့် အရသာပျောက်ခြင်း တို့နှင့်လည်း ရင်ဆိုင်ရဖွယ်ရှိသည်။ ။

အင်န်အိတ်ချ်ကေ

---

## နိုင်ငံတကာသတင်းတိုထွာ

### ဆီးရီးယားနိုင်ငံ မြို့ကြီးများကို ပစ်မှတ်ထားကာ အစ္စရေးမှ ဒုံးကျည်တိုက်ခိုက်မှုပြုလုပ်

**ဒမတ်စကတ် ဖေဖော်ဝါရီ ၁၅**

အစ္စရေးနိုင်ငံသည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ အနီးတစ်ဝိုက်ရှိ ဆီးရီးယားစစ်ဘက်ဆိုင်ရာနေရာများကို ပစ်မှတ်ထားကာ ဖေဖော်ဝါရီ ၁၅ ရက်က ဒုံးကျည်ပစ်ခတ်မှုပြုလုပ်ခဲ့သည်ဟု သိရသည်။

ဆီးရီးယားလေကြောင်း ကာကွယ်ရေးမှလည်း ပြန်လည်တုံ့ပြန်ခဲ့သည်ဟု နိုင်ငံပိုင်ရုပ်သံဌာနဖြစ်သည့် ဆာနား သတင်းအေဂျင်စီက ပြောသည်။

အစ္စရေးတို့ သိမ်းပိုက်ထားသည့် ဂိုလန်ကုန်းမြင့် ဒေသမှနေ၍ ဒမတ်စကက် ဒေသဝန်းကျင်ရှိ ဆီးရီးယားစစ်ဘက် နေရာများကို ပစ်မှတ်ထားကာ အစ္စရေးတို့ ပစ်ခတ်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။ အသေးစိတ်အချက်အလက်များကို မူ ဆာနားသတင်းဌာနမှ ထုတ်ပြန်ခဲ့ခြင်းမရှိပေ။ သို့သော် ဆီးရီးယားမှလေကြောင်းရန် ကာကွယ်ရေးမှ အစ္စရေး တို့၏ ဒုံးကျည်များကို ကြားဖြတ်ပစ်ချခဲ့သည့် အသံများကြားရကြောင်း သိရသည်။

ဆင်ဟွာ

### ဗြိတိန်တော်ဝင်မင်းသား ဟယ်ရီနှင့် မီဂန်မာကယ်တို့တွင် ဒုတိယရင်သွေး ရရှိပြီဖြစ်

**လန်ဒန် ဖေဖော်ဝါရီ ၁၅**

ဗြိတိန်တော်ဝင်မင်းသားဟယ်ရီနှင့် ဇနီးဖြစ်သူ မီဂန်မာကယ်တို့တွင် ဒုတိယမြောက်ရင်သွေးပိုင်ဆိုင်တော့မည်ဟု ၎င်းတို့၏ ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၁၄ ရက်တွင် ဗြိတိန်မီဒီယာသို့ ပြောသည်။

၎င်းတို့စုံတွဲ ထုတ်ပြန်ထားသည့် ဓာတ်ပုံတွင်လည်း မီဂန်မာကယ်တွင် ကိုယ်ဝန်ဆောင်ထားရဟန် ရှိသည်။ နောက်ထပ် ရင်သွေးရတော့မည်ဖြစ်ကြောင်း ၎င်းတို့၏ ပြောရေးဆိုခွင့်ရှိသူက အတည်ပြုပြောကြားခဲ့သည်။

ဒုတိယမြောက် ကလေးအတွက် ဆာဆက်မြို့စားနှင့် မြို့စားကတော်တို့မှာ အလွန်ပျော်ရွှင်နေကြသည်ဟုလည်း ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

မင်းသားဟယ်ရီသည် ဗြိတိန်ဘုရင်မကြီးအဲလစ်ဇဘတ် ၂ ၏မြေးတော်ဖြစ်ပြီး လွန်ခဲ့သည့်နှစ် မတ်လ အတွင်းမှ စတင်ကာ တော်ဝင်မိသားစု တာဝန်ဝတ္တရားများကို စွန့်လွှတ်ပြီး အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် သို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

ဒုတိယမြောက် ကလေးရရှိတော့မည့်သတင်းကြောင့် ဗြိတိန်တော်ဝင်မိသားစုအတွင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြောင်း ဘာကင်ဟမ်နန်းတော်ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဘန်ကောက်ပို့စ်

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေး အစီအစဉ် (Stay at home)" တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ **"COVID–19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှု စီမံချက် (Mask and Face Shield Campaign)"** ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင်

- ပါးစပ်နှင့် နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ(Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံးလှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များပေးဝေခြင်းတို့ကို ဆောင်ရွက်လျက် ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြု ဝန်ထမ်းအသီးသီးတို့သည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ စွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက် ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ၁၅-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၂၆၂၆၅၆ | ၁၈၂၂၅၁၃၅ | ၄၉၇၁၇၇ |
| ၂။ | အိန္ဒိယ | ၁၀၉၁၉၆၁၆ | ၁၀၆၂၄၈၃၈ | ၁၅၅၇၈၉ |
| ၃။ | ဘရာဇီး | ၉၈၃၄၅၁၃ | ၈၇၄၅၄၂၄ | ၂၃၉၂၉၄ |
| ၄။ | ရုရှား | ၄၀၈၆၀၉၀ | ၃၆၀၇၀၃၆ | ၈၀၅၂၀ |
| ၅။ | ဗြိတိန် | ၄၀၃၈၀၇၈ | ၂၁၆၀၅၁၅ | ၁၁၇၁၆၆ |
| ၆။ | ပြင်သစ် | ၃၄၆၅၁၆၃ | ၂၃၈၇၅၃ | ၈၁၈၁၄ |
| ၇။ | စပိန် | ၃၀၅၆၀၃၅ | စိစစ်ဆဲ | ၆၄၇၄၇ |
| ၈။ | အီတလီ | ၂၇၂၁၈၇၉ | ၂၂၅၅၁၉ | ၉၃၅၇၇ |
| ၉။ | တူရကီ | ၂၅၈၆၁၈၃ | ၂၄၇၅၃၂၉ | ၂၇၄၇၁ |
| ၁၀။ | ဂျာမနီ | ၂၃၄၂၁၉၈ | ၂၁၂၈၀၀၀ | ၆၅၅၈၀ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၅ – ၂ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၂၂၃၉၃၀ | ၁၀၃၂၀၆၅ | ၃၃၃၆၇ |
| ဖိလစ်ပိုင် | ၅၅၀၈၆၀ | ၅၁၁၇၅၅ | ၁၁၅၁၇ |
| မလေးရှား | ၂၆၆၄၄၅ | ၂၁၈၃၃၅ | ၉၇၅ |
| မြန်မာ | ၁၄၁၆၃၇ | ၁၃၀၄၆၅ | ၃၁၉၀ |
| စင်ကာပူ | ၅၉၈၀၉ | ၅၉၆၂၁ | ၂၉ |
| ထိုင်း | ၂၄၇၁၄ | ၂၂၈၈၃ | ၈၂ |
| ဗီယက်နမ် | ၂၂၆၉ | ၁၅၄၁ | ၃၅ |
| ကမ္ဘောဒီးယား | ၄၇၉ | ၄၆၉ | ၀ |
| ဘရူနိုင်း | ၁၈၄ | ၁၇၅ | ၃ |
| လာအို | ၄၅ | ၄၁ | ၀ |







ကိုရိုနာဗိုင်းရပ်စ်ပိုးဟာ သင့်ရဲ့လက်တွေမှာ ပါရှိလာနိုင်ပါတယ်။ မျက်နှာကို မထိပါနဲ့။ လက်ကို သန့်သန့်ရှင်းရှင်းထားပါ။ အပြင်ထွက်တိုင်းနှင့် အပြင်မှပြန်လာပြီးတိုင်း လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် မကြာခဏ စနစ်တကျဆေးပါ။

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု ကြည်ညိုတရားဘာဝနာ ပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး (ယာယီ)မန္တလေးမြို့ရှိမဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ်နံနက် ၆ နာရီမှ ၇ နာရီအထိ လည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိ လည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ လည်းကောင်း နံနက်ပိုင်းသုံးကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိလည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ် ဘာသာရေးကျောင်းများ၊ ခရစ်ယာန် ဘာသာရေးကျောင်းများနှင့် ဟိန္ဒူ ဘာသာရေး ကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေး အတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း စည်းကမ်းများနှင့် အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်



# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း



ဖာပွန်မြို့နယ် ဧဒုဆန်ကျေးရွာ ဝင်းဆန်းအောင်စကြာဘုန်းတော်ကြီးကျောင်းသို့ တပ်နယ်မှူး ဗိုလ်မှူးကြီး ကျော်စွာမြင့်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်း အဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ် အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲအမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်း များ လှူဒါန်းခြင်းနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ကွမ်းလုံမြို့၊ ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် သန်လျင်မြို့နယ်တို့ရှိ ဘုန်းတော်ကြီး ကျောင်းများနှင့် စာသင်တိုက် စုစုပေါင်း ငါးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၊ ကရင်ပြည်နယ် ဖာပွန်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၊ ရခိုင်ပြည်နယ်၊ အမ်းမြို့၊ မန္တလေး တိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မိတ္ထီလာမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ကိုးကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကို လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှဆရာဝန်များသည်လည်း ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၉၆၈၈ ဦး၊ အတွင်းလူနာ ၄၂၈၈ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၄၁၁ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၁၉၈ ဦး စုစုပေါင်း ၆၀၉ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ် ကုသပေးလျက်ရှိသည်။ ထို့အပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၅၀ ကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၄၂၂ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၆၇၂ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှု ခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာ ဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံ တပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှု ခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။


သတင်းစဉ်



သာစည်မြို့နယ် ပြည်သူ့ဆေးရုံ၌ တပ်မတော်သား ဆရာဝန်များက ပြည်သူများအား ဆေးဝါးကုသပေးစဉ်။

CHAMPIONS LEAGUE

ယခုတစ်ပတ်မှာတော့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပြီး ဂျာမန်ကလပ် လိုက်ပ်ဇစ်နဲ့ ပရီမီယာလိဂ် ကလပ် လီဗာပူး၊ စပိန်ကလပ် ဘာစီလိုနာနဲ့ ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်တာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။



# နည်းပြသစ် ပိုချက်တီနို ချန်ပီယံလိဂ်မှာ ဖြေရှင်းရမယ့် ပထမဆုံးပုစ္ဆာ

■ မိုးဇက် - စုစည်းသည်

### ချန်ပီယံလိဂ် ဂိုးအများဆုံးသွင်းထားသူများ



| | | |
|---|---|---|
| မိုရာတာ | - | ၆ ဂိုး |
| ဟာလန်း | - | ၆ ဂိုး |
| နေမာ | - | ၆ ဂိုး |
| ရပ်ဖို့ဒ် | - | ၆ ဂိုး |
| ပလီယာ | - | ၅ ဂိုး |
| အင်မိုဘိုင်း | - | ၅ ဂိုး |
| ဂျီရုဒ် | - | ၅ ဂိုး |
| စီရော်နယ်ဒို | - | ၄ ဂိုး |

## လိုက်ပ်ဇစ် VS လီဗာပူး

နောက်ဆုံးတွေ့ဆုံမှု -

ယနေ့ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာတော့ ဘွန်ဒက်စ်လီဂါမှာ ရလဒ်ကောင်းတွေပိုင်ဆိုင်နေပြီး အဆင့် (၂) နေရာမှာ ရပ်တည်နေတဲ့ လိုက်ပ်ဇစ်အသင်းနဲ့ ပရီမီယာလိဂ်မှာ အမှတ်ပေးဇယားအဆင့် (၄) နေရာမှာ ရပ်တည်နေတဲ့ လီဗာပူး အသင်းတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ အဆိုပါပွဲစဉ်ကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၂ နာရီခွဲမှာ လိုက်ပ်ဇစ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။ အဆိုပါ နှစ်သင်းရဲ့ လက်ရှိခြေစွမ်းကို နှိုင်းယှဉ်ကြည့်ရင် လိုက်ပ်ဇစ်အသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ လေးပွဲမှာ လေးပွဲစလုံးနိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တဲ့အတွက် ခြေစွမ်း အထူးကောင်းမွန်နေတာကို တွေ့ရတယ်။ လီဗာပူးအသင်းက နောက်ဆုံးသုံးပွဲမှာ သုံးပွဲစလုံး ရှုံးနိမ့်ထားတဲ့အတွက် ခြေစွမ်းကျဆင်းနေတာကို တွေ့ရတယ်။ ဒါ့အပြင် လီဗာပူးအသင်းရဲ့ တိုက်စစ်က အဆိုပါ သုံးပွဲမှာ နှစ်ဂိုးသာ သွင်းယူထားနိုင်တာ ထူးခြားစွာတွေ့ရတယ်။ လီဗာပူးအသင်းဟာ စနေနေ့က ယှဉ်ပြိုင်ကစားခဲ့တဲ့ လက်စတာ အသင်းနဲ့ပွဲစဉ်မှာ အဓိက အားထားရတဲ့ကစားသမားများကို ရွေးချယ်အသုံးပြုခဲ့ပေမယ့် လိုအပ်နေတဲ့နိုင်ပွဲကို ဖော်ဆောင်ထားနိုင်ခြင်း မရှိဘဲ သုံးဂိုး-တစ်ဂိုးနဲ့ ဂိုးပြတ် ရှုံးနိမ့်ထားပါတယ်။ လိုက်ပ်ဇစ်အသင်းကတော့ စနေနေ့က ယှဉ်ပြိုင်ကစားခဲ့တဲ့ အော့စ်ဘတ် အသင်းနဲ့ပွဲစဉ်မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိအောင် ဖော်ဆောင်ထားတယ်။ ဒါ့အပြင် လိုက်ပ်ဇစ်အသင်းဟာ နောက်ဆုံး လေးပွဲမှာ ပေးဂိုးက တစ်ဂိုးသာခွင့်ပြုပေးခဲ့ပြီး ရဂိုးက ၁၀ ဂိုးအထိ ရှိနေတာကြောင့် အသင်းလိုက်စွမ်းဆောင်ရည်ပိုင်း၊ တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်း အထူးကောင်းမွန်နေတာကို တွေ့ရတယ်။ အဆိုပါ အချက်က လီဗာပူးအသင်းထက် သာလွန်နေတာကို သတိပြုရမယ်။ လိုက်ပ်ဇစ် အသင်းက ချန်ပီယံလိဂ်အုပ်စုအဆင့်မှာ ပီအက်စ်ဂျီ၊ မန်ယူ၊ အစ္စတန်ဘူလ်အသင်းတို့နဲ့ကျရောက်ခဲ့ပြီး အုပ်စုဒုတိယနဲ့ နောက်တစ်ဆင့်ကို ပီအက်စ်ဂျီအသင်းနဲ့အတူ တက်ရောက်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ လီဗာပူးအသင်း ကတော့ အုပ်စုအဆင့်မှာ အတ္တလန္တာ၊ အိုင်းယက်စ်၊ မစ်ဂျေးလန်း အသင်းတို့နဲ့ ကျရောက်ခဲ့ပြီး နောက်တစ်ဆင့်ကို အတ္တလန္တာအသင်းနဲ့အတူ တက်ရောက်ခဲ့တာလည်းဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ချန်ပီယံလိဂ်မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ နောက်ဆုံး ခြောက်ပွဲမှာ လေးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားတာကို တွေ့ရတယ်။ လိုက်ပ်ဇစ်ရဲ့ ခြေက နောက်ပိုင်း ပွဲစဉ်တွေမှာ ကျစ်လျစ်ပြီး တည်ငြိမ်လာတာကို တွေ့ရတယ်။ မည်သို့ပင် ဆိုစေ ရှုံးပွဲဆက်နေတဲ့ လီဗာပူးအသင်း ယနေ့ပွဲကို နိုင်ပွဲရအောင် အကောင်းဆုံးပြင်ဆင်လာမှာဖြစ်တဲ့အတွက် ပွဲကောင်းတစ်ပွဲဖြစ်လာမှာ အသေအချာပါ။

## ဘာစီလိုနာ VS ပီအက်စ်ဂျီ

နောက်ဆုံးတွေ့ဆုံမှု ဘာစီလိုနာ ၆-၁ ပီအက်စ်ဂျီ

စပိန်အင်အားကြီး ဘာစီလိုနာအသင်းနဲ့ ပြင်သစ်အင်အားကြီး ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်ကိုလည်း ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၂ နာရီခွဲမှာ ဘာစီလိုနာအိမ်ကွင်း၌ ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီနှစ်သင်း နောက်ဆုံးထိပ်တိုက်တွေ့ဆုံခဲ့တာက ၂၀၁၇ ခုနှစ် မတ်လက ကျင်းပခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲ ၁၆ အသင်းအဆင့်မှာဖြစ်ပြီး ခြောက်ဂိုး-တစ်ဂိုးနဲ့ ဘာစီလိုနာအသင်းက ဂိုးပြတ်နိုင်ပွဲရရှိထားပါတယ်။ ထိုစဉ်က နှစ်ကျော့ပေါင်းရလဒ် ခြောက်ဂိုး-ငါးဂိုးနဲ့ ဘာစီလိုနာအသင်း နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့ပါတယ်။ လက်ရှိ အဆိုပါနှစ်သင်းရဲ့ စွမ်းဆောင်ရည်ကို နှိုင်းယှဉ်ကြည့်ရင် ဘာစီလိုနာအသင်းရော၊ ပီအက်စ်ဂျီအသင်းပါ ပုံစံကောင်းရရှိနေတာကို တွေ့ရတယ်။ ဘာစီလိုနာအသင်းက အစပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းပြသရန် ရုန်းကန်ခဲ့ရသော်လည်း မက်ဆီရဲ့ ခြေစွမ်းပြမှုနဲ့အတူ နောက်ပိုင်းပွဲစဉ်တွေမှာ ပုံစံကောင်းရရှိနေတာကို သတိပြုရမယ်။ အမှတ်ပေးဇယားမှာလည်း ၂၂ ပွဲ ကစားပြီး ရမှတ် ၄၆ မှတ်နဲ့ အဆင့် (၃) နေရာအထိ တက်လှမ်းလာနိုင်တာကို တွေ့ရတယ်။ ဘာစီလိုနာအသင်းဟာ ချန်ပီယံလိဂ် အုပ်စုအဆင့်မှာ အသင်းကြီး ဂျူဗင်တပ်စ်၊ ဒိုင်နမိုကိဗ်၊ ဖာရင်ဗားရို့စ်အသင်းတို့နဲ့တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး ဂျူဗင်တပ်စ်အသင်းနဲ့အတူ အုပ်စုဒုတိယနေရာနဲ့ နောက်တစ်ဆင့်ကို တက်ရောက်လာနိုင်ခဲ့တာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းက နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ လေးပွဲမှာ လေးပွဲစလုံးနိုင်ပွဲရရှိ အောင် စွမ်းဆောင်ထားနိုင်ပြီး အဆိုပါ လေးပွဲတွင် ပေးဂိုး တစ်ဂိုးသာခွင့်ပေးခဲ့ရပြီး ရဂိုးက ရှစ်ဂိုးရှိခဲ့တယ်။ ဒါကြောင့် ပီအက်စ်ဂျီအသင်း နောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်းတည်ငြိမ်လာတာကို သတိပြုရမယ်။ အမှတ်ပေးဇယားရပ်တည်မှုမှာ ၂၅ ပွဲကစားပြီး ရမှတ် ၅၄ မှတ် နဲ့ အဆင့် (၂) နေရာမှာ ရပ်တည်ထားပါတယ်။ ပီအက်စ်ဂျီအသင်းရဲ့ ချန်ပီယံလိဂ် အုပ်စုအဆင့် ဖြတ်သန်းမှုကိုကြည့်ရင် လိုက်ပ်ဇစ်၊ မန်ယူ၊ အစ္စတန်ဘူလ်တို့နဲ့ တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး လိုက်ပ်ဇစ်အသင်းနဲ့အတူ အုပ်စုပထမနဲ့ နောက်တစ်ဆင့်ကို တက်ရောက်လာနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ယနေ့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက အားထားရတဲ့ တိုက်စစ်ကစားသမား နေမာ ဒဏ်ရာကြောင့် ပါဝင်လာနိုင်ဖွယ်မရှိတာကြောင့် ဘာစီလိုနာအသင်းကို ဘယ်လိုတုံ့ပြန်သွားမလဲ စိတ်ဝင်စားဖွယ် ကောင်းနေပါတယ်။ ဘာစီလိုနာအသင်းက ယခုနှစ်ရာသီ ချန်ပီယံလိဂ်မှာယှဉ်ပြိုင်ကစားခဲ့တဲ့ အိမ်ကွင်းသုံးပွဲမှာ နှစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးထားပါတယ်။ ပီအက်စ်ဂျီအသင်းက ယခုနှစ်ရာသီ ချန်ပီယံလိဂ်အဝေးကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အဝေးကွင်းသုံးပွဲမှာ နှစ်ပွဲနိုင်ပြီး တစ်ပွဲရှုံးနိမ့်ထားပါတယ်။ နှစ်သင်းစလုံးနိုင်ပွဲရရှိအောင် အားစိုက်လာမှာဖြစ်တဲ့အတွက် စိတ်ဝင်စားဖွယ်ရာပင်။

## နောက်ဆုံးရ သတင်းတိုများ



■ ပီအက်စ်ဂျီ နည်းပြ ပိုချက်တီနိုသည် အသင်းဟောင်း စပါးအသင်းမှ ဂိုးသမားဖြစ်သူ ဟူဂို လော်ရစ်ကို ခေါ်ယူရန် ဆန္ဒပြင်းပြနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ လော်ရစ်သည် ၂၀၁၂ ခုနှစ်တွင် လိုင်ယွန်အသင်းမှ စပါးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၅၄ ပွဲ ပါဝင်ကစားထားပြီး ပွဲ ၁၂၀ ဂိုးမပေးရအောင် စွမ်းဆောင်ထားကြောင်း မှတ်တမ်းများအရ သိရသည်။

■ လီဗာပူးနှင့် မန်စီးတီးအသင်းတို့သည် အသက် ၂၃ နှစ်အရွယ် မိုချန်ဂလာဘတ်အသင်းမှ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ ဖော်ရီယန် နျူဟော့စ်ကို စာချုပ်ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

■ ချယ်ဆီးတိုက်စစ်ကစားသမားဟောင်း ဒီယေဂို ကော်စတာသည် ဇန်နဝါရီတွင် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် စာချုပ်ဖျက်သိမ်းပြီးနောက် ငယ်ဘဝကလပ် ပယ်မီရေ့စ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆွေးနွေးလျက်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၃၂ နှစ်အရွယ် ကော်စတာသည် ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ချယ်ဆီးအသင်းတွင် ကစားခဲ့သူဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ် ပွဲ ၁၂၀ ကစားကာ ၅၉ ဂိုး သွင်းယူပေးနိုင်သူဖြစ်သည်။

■ ဘန်လေအသင်းသည် ဘင်ဖီကာအသင်းမှ အမေရိကန်ဂိုးသမားဖြစ်သူ ဆန်းတို့စ် (၂၀နှစ်) ကို ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေသည်။

■ ဆဲလ်တစ်အသင်းသည် ဘန်လေအသင်းမှ အိုင်ယာလန်ကွင်းလယ်ကစားသမား ဘရက်ဒီ (၂၉ နှစ်) ကို ခေါ်ယူရန် ဆန္ဒပြင်းပြနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။



■ ဘိုင်ယန်မြူးနစ်အသင်းသည် နော့ဝှစ်ချ်အသင်းမှ အသက် ၂၁ နှစ် အရွယ် ညာခံစစ်ကစားသမားဖြစ်သူ မက်ဇ် အာရွန်ကို ခေါ်ယူရန် ပိုမိုကြိုးစားလာကြောင်း သိရသည်။ မက်ဇ်အာရွန်သည် ကစားသမားဘဝကို လူတန်တောင်းအသင်းတွင် စတင်ခဲ့သူဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင် နော့ဝှစ်ချ် အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။ ၎င်းသည် အသင်း အတွက် ပြိုင်ပွဲအရပ်ရပ် ၁၁၄ ပွဲပါဝင်ကစားထားသည်။

# အလောင်းတော်ကဿပဘုရားသွား ရာသီဘုရားဖူးလမ်းကို ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ဖွင့်လှစ်မည်

**ယင်းမာပင် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပဘုရား ကပိုင် - အလောင်းတော်ကဿပဘုရားသွားလမ်း ရာသီဘုရားဖူးလမ်းကို ဖေဖော်ဝါရီ ၂၃ ရက်တွင် စတင်ဖွင့်လှစ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီက ယင်းမာပင်ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က ကပိုင်-အလောင်းတော်ကဿပ ဘုရားသွားလမ်း ရာသီဘုရားဖူးလမ်း ဖွင့်လှစ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလောင်းတော်ကဿပ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလင်းက ဘုရားဖူးလမ်း ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့်အခြေအနေများ၊ အလောင်းတော်ကဿပဘုရား လေးမြို့နယ်မှ နာယကဆရာတော်များအား လျှောက်ထားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနောက် တက်ရောက်လာသူများက ကိုဗစ်-၁၉ ရောဂါ ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေး၊ ဘုရားဖူးပြည်သူများ လာရောက်သည့် အခါတွင်လည်း ကိုဗစ်-၁၉ ရောဂါ ညွှန်ကြားချက်များနှင့်အညီ ဖူးမြော်နိုင်ရေးအတွက် ဆောင်ရွက်ရမည်တို့ကို အကြံပြုဆွေးနွေးခဲ့ကြပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် ရာသီဘုရားဖူးလမ်းကို စတင်ဖွင့်လှစ်ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

အလောင်းတော်ကဿပ ဘုရားသို့ နှစ်စဉ်နှစ်တိုင်း ဘုရားဖူးရာသီတွင် တစ်နိုင်ငံလုံးရှိ မြို့နယ်အသီးသီးမှ ဘုရားဖူးရာသီလမ်းဖွင့်သည့် လေးလတာကာလအတွင်း ဘုရားဖူးပြည်သူအများအပြား လာရောက်ဖူးမြော်ကြပြီး ယခုနှစ်တွင် ရာသီဘုရားဖူးလမ်း စတင်ဖွင့်လှစ်မည့် ဖေဖော်ဝါရီ ၂၃ ရက်မှ စတင်၍ သွားလာဖူးမြော်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ယင်းမာပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ယင်းမာပင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ကနီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အလောင်းတော်ကဿပ ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




အလောင်းတော်ကဿပဘုရားဖူးမြော်နိုင်ရန် ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

# ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှု လုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ထူးချောင်းကျေးရွာ၊ လှိုင်သာယာမြို့နယ် ရှမ်းချောင်းကျေးရွာ၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာ၊ ဘုံရှည်ကျေးရွာ၊ အမှတ်(၂၆/၂၇) ရပ်ကွက်၊ မှော်ဘီမြို့နယ်၊ လိပ္ပတ်ကျေးရွာနှင့် အောက်သဲကုန်းကျေးရွာတို့ရှိ အိမ်ထောင်စု ၆၀၀ တို့အတွက် ဆန်နှင့်ဆီများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ထန်းတောကျေးရွာရှိ အိမ်ထောင်စု ၅၀၀ ၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ ချမ်းမြေ့သာယာရပ်ကွက်မှ အိမ်ထောင်စု ၅၀၀ တို့အတွက် ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကင်းဆိပ်ကျေးရွာအုပ်စု စိန်ပန်းမြိုင်ကျေးရွာနှင့် ရွှေဥဩကျေးရွာတို့ရှိ အိမ်ထောင်စု ၁၀၀ အတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# ရပ်ရွာအေးချမ်းသာယာမှုရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများ၌ ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုအချို့ ဖြစ်ပွားလျက်ရှိကာ ကောလာဟလများကြောင့် ညပိုင်းများတွင် မိဘပြည်သူများ ထိတ်လန့် စိုးရိမ်စွာဖြင့် နေထိုင်ရလျက် ရှိကြောင်း သိရသည်။

ထိုသို့ ထိတ်လန့်စိုးရိမ်စွာ နေထိုင်နေရသော မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ တို့မှ တပ်ဖွဲ့ဝင်များ ဖြင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှ စတင်၍ လုံခြုံရေးကို ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိပြီး ယနေ့တွင်လည်း လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ပေးလျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပြည့်ဝစွာ ဆောင်ရွက်ပေးသည့်အတွက် မိဘပြည်သူများကလည်း ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# သံတွဲမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းဆိုင်ရာ သင်တန်းဖွင့်လှစ်

**သံတွဲ ဖေဖော်ဝါရီ ၁၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင် သံတွဲမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေသုံးစွဲရေး အစီအစဉ်သင်တန်းကို ယနေ့နံနက်ပိုင်းက သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်သည်။

သင်တန်းတွင် သံတွဲခရိုင်ကျေးလက်ရုံးနှင့် မြို့နယ်ရုံးတို့မှ သင်တန်းဆရာများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ရန်ပုံငွေသုံးစွဲရေး အစီအစဉ်များကို သင်ကြားကြသည်။ သင်တန်းသို့ ကျေးရွာ ၂၃ ရွာမှ သင်တန်းသား၊ သင်တန်းသူ ၄၆ ဦး တက်ရောက်ကြကြောင်း သိရသည်။

သံတွဲမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်ဖြင့် ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်က ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ နှင့် ကျေးရွာနေပြည်သူများ၏ (ငွေကြေး၊ပစ္စည်း၊လုပ်အား)တို့ ပါဝင်၍ လမ်း၊ တံတား၊ ရေပေးရေး စသည့် လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ ကျေးရွာ(၂၃)ရွာကို နိုင်ငံတော်က ထောက်ပံ့ငွေကျပ်သိန်း၂၃၀၀ ခွဲဝေချထားပြီးဖြစ်ရာ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးပါက သက်ဆိုင်ရာ ကျေးရွာများအနေဖြင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တပ်မတော်ဆေးရုံသို့ လူနာများသွားရောက်ပို့ဆောင်သည့် ပရဟိတလူမှုကူညီရေးအသင်းများမှ မော်တော်ယာဉ်များနှင့်ယာဉ်မောင်းများအား လူအချို့က ဥပဒေမဲ့ပြုမူခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတစ်ဝန်းရှိ အချို့ပြည်သူ့ဆေးရုံများ၌ ဒေသခံပြည်သူများအား လက်ခံကုသပေးနိုင်မှုမရှိသည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိသည့်အတွက် တပ်မတော်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေး အခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ ယာယီကုသရေးဆေးရုံများ ဖွင့်လှစ်၍ လူနာများအား လက်ခံကုသပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

## ကားမှန်ကို ရိုက်ခွဲ

ထိုသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ပုသိမ်မြို့ အမှတ်(၈)ရပ်ကွက်နေ ဦးစန်းထွန်းနိုင် ဦးစီးသော ဖြူစင်မေတ္တာပရဟိတလူမှုရေးယာဉ်သည် အမှတ်(၇)ရပ်ကွက်မှ လူနာ နှစ်ဦးအား ယနေ့နံနက် ၁ နာရီခန့်တွင် တပ်မတော်ဆေးရုံသို့ သွားရောက်ပို့ဆောင်စဉ် အမှတ် (၆) ရပ်ကွက် ဘန့်ဘွေးကုန်းလမ်းပေါ်သို့အရောက်၌ ရပ်ကွက်နေပြည်သူ ၃၀ ခန့်က တုတ်များ၊ ခဲများ ကိုင်ဆောင်ကာ ကားကို တားဆီးခဲ့ကြောင်း၊ ယာဉ်မောင်းဖြစ်သူက ကားကိုရပ်၍ လူနာပို့ဆောင်မည့်အကြောင်းကို ရှင်းပြခဲ့သော်လည်း ရပ်ကွက်နေပြည်သူများက ကြိမ်းမောင်းဆဲဆို၍ ကားမှန်ကို ရိုက်ခွဲခဲ့ကြောင်း။

ယာဉ်မောင်းက လူမှုရေးယာဉ်ကို ဆက်လက်မောင်းနှင်ခဲ့ပြီး ထပ်မံမောင်းနှင်ပို့ဆောင်ရန် ထိတ်လန့်လာသဖြင့် အမှတ်(၄) ရပ်ကွက်၊ မင်းကြီးလမ်းအနီး၌ ကားကိုရပ်တန့်၍ ဦးရဲသွေးနီ မောင်းနှင်သော Green Future အစိမ်းရောင် အနာဂတ် လူမှုကယ်ဆယ်ရေးယာဉ်အား ဖုန်းဆက်အကူအညီတောင်းခံ၍ လူနာများအား ၎င်းယာဉ်ဖြင့် တပ်မတော်ဆေးရုံသို့ ဆက်လက် ပို့ဆောင်စေခဲ့ကြောင်း၊ တပ်မတော်ဆေးရုံမှ လိုအပ်သည့် ဆေးဝါးကုသမှုများခံယူပြီး နံနက် ၂ နာရီခန့်တွင် ၎င်းယာဉ်ဖြင့် ပြန်လည်မောင်းနှင်လာစဉ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီးသို့အရောက် လူအချို့က ခဲများဖြင့် ပစ်ပေါက်ခဲ့သဖြင့် ဝေဠုဝန်လမ်းအတိုင်း ချိုးကွေ့မောင်းနှင်လာစဉ် ရပ်ကွက်နေလူ ၃၀ ခန့်က အော်ဟစ်ဆဲဆိုပြီး ကားသော့ကို သိမ်းယူခြင်း၊ ယာဉ်မောင်း ဖြစ်သူနှင့်အတူ ကားပေါ်ပါသူများအား ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ခဲ့ကြောင်း၊ အမှတ်(၇) ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ လာရောက်ဖြေရှင်းပေးမှသာ ဖမ်းဆီးထားသည့်သူများအား နံနက် ၃ နာရီတွင် ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

## အမှုဖွင့် ဆောင်ရွက်

အဆိုပါဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူ ဦးရဲသွေးနီအား ပုသိမ်မြို့ရှိ တပ်မတော်ဆေးရုံ၌ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်ခဲ့ကြသူများအား ဥပဒေအရ ဆောင်ရွက်နိုင်ရေး ပုသိမ်မြို့ နယ်မြေခံရဲစခန်း၌ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်



# ဘူးသီးတောင်မြို့၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ဘူးသီးတောင် ဖေဖော်ဝါရီ ၁၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ယမန်နေ့က ဘူးသီးတောင်မြို့ အေးစေတီကျောင်းတိုက် ဆရာတော်ကြီး ဦးသောမ ဦးဆောင်၍ မြို့ပေါ်သံဃာများ ပူးပေါင်းကာ မြို့တစ်ပတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ရဟန်း၊ သံဃာအပါး ၆၀ ပါဝင်ပြီး အေးစေတီကျောင်းတိုက်မှ စတင်ထွက်ခွာကာ မြို့တစ်ပတ် လှည့်လည်အလှူခံကြောင်းသိရသည်။

အဆိုပါ အလှူခံရရှိသည့် ဆွမ်းဆန်စိမ်းများကို ဘူးသီးတောင်မြို့နယ် ကျေးရွာအသီးသီးမှ ရောက်ရှိခိုလှုံနေသည့် နေရပ်စွန့်ခွာသူများသို့ ကူညီထောက်ပံ့နိုင်ရေး ပြန်လည်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

လှကျော်(ပြန်/ဆက်)

# မိသားစုတစ်ပိုင်တစ်နိုင် ကွမ်းစိုက်ပျိုးသူများ အဆင်ပြေ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်း ကွမ်းစိုက်တောင်သူများ အများအပြားရှိရာ မိသားစု စားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။

ကျောင်းကုန်းမြို့နယ်အတွင်း အဓိကအနေဖြင့် ဆန်စပါးစိုက်ပျိုးသူများပြားပြီး ပဲစိုက်ပျိုးသူများ၊ ကွမ်းစိုက်ပျိုးသူများ၊ ကြံစိုက်ပျိုးသူများ၊ နနွင်းစိုက်ပျိုးသူများနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးသူများ ရှိကြသည်။

မိသားစုတစ်ပိုင်တစ်နိုင် ကွမ်းစိုက်တောင်သူတစ်ဦးဖြစ်သူ ကိုစိုးထက်ကျော်က "ကျွန်တော်က ကျောင်းကုန်းမြို့နယ်၊ မိုးပြာအရှေ့ကျေးရွာမှာ နေတာဖြစ်ပြီး အခုလက်ရှိမှာ စိုက်ပျိုးထားတဲ့ တိုင်အရေအတွက်က ၃၅၀၀ ရှိပါတယ်။ စိုက်ပျိုးမှု ကုန်ကျစရိတ်ကတော့ ငွေကျပ် ခြောက်သိန်းနဲ့ ရှစ်သိန်းဝန်းကျင်ခန့် ကုန်ကျပါတယ်။ ဒီကွမ်းကို ၁၅ ရက် တစ်ခါခူးဆွတ်ပြီး ရန်ကုန်မြို့ရှိ သီရိမင်္ဂလာဈေးသို့ တိုက်ရိုက် ပို့ဆောင်ရောင်းချပါတယ်။ ဝင်ငွေအနေနဲ့က ဈေးကွက်ကောင်းတဲ့ အောက်တိုဘာနဲ့ နိုဝင်ဘာလက ၁၅ ရက်တစ်ပတ်ကို ငွေကျပ် သုံးသိန်းဝန်းကျင်ခန့် ရရှိပါတယ်။ အခုလက်ရှိအချိန်မှာ ငွေကျပ် တစ်သိန်းခွဲ၊ နှစ်သိန်း ဝန်းကျင်ခန့်ရရှိပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးတာနဲ့ မိသားစု စားဝတ်နေရေး အဆင်ပြေပါတယ်" ဟု ပြောသည်။

ဝင်းကြိုင်(ပြန်/ဆက်)




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၅ - ၂ - ၂၀၂၁

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၅၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၄၇၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၇၅၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၆၉၀/၇၂၅ | ကျပ် | ၇၂၅/၇၃၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၇၀၀/၇၄၀ | ကျပ် | ၇၄၀/၇၅၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၅၅/၆၈၅ | ကျပ် | ၇၂၀/၇၂၅ | ကျပ် |
| အောက်တိန်း ၉၅ | ၇၈၀/၈၀၀ | ကျပ် | ၈၄၅/၈၆၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၈ . ၈ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၉၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၇ . ၇ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၃ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၂၈ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၈ . ၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၆ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၉ . ၂၅၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၆ . ၉၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၆ . ၇၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၇၉၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၅၀၀ | ၂၀၃၂ | ၁၉၀၁၃၂၀၀ |
| MTSH | ၃၄၅၀ | ၃၅၅၀ | ၂၁၇၄ | ၇၅၆၆၇၀၀ |
| MCB | ၈၃၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၀ | ၀ | ၀ |
| TMH | ၂၆၀၀ | ၂၇၅၀ | ၈ | ၂၁၇၅၀ |
| EFR | ၃၂၅၀ | ၃၃၅၀ | ၈ | ၂၆၁၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

# ကယားပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး



**လွိုင်ကော် ဖေဖော်ဝါရီ ၁၅**

ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၁)ကို ယနေ့နံနက်ပိုင်းက ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဦး (ခ) ဘူးရယ်က ဌာနဆိုင်ရာများအနေဖြင့် မိမိတို့သက်ဆိုင်ရာ ဌာနများတွင် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များကို တိကျစွာလိုက်နာဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးအုံ့မော်က နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီက ထုတ်ပြန်ထားရှိသည့် ဥပဒေပြင်ဆင်ချက်များ၊ ညွှန်ကြားချက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်သည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ခေတ်အဆက်ဆက်ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းထားသော ငါးသရောက်မြို့က စက်စက်ယိုကျေးရွာ

**ညောင်ဦး ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါးသရောက်မြို့ စက်စက်ယိုကျေးရွာလေးသည် ငါးသရောက်မြို့တောင်ဘက် ငါးမိုင်ခန့်အကွာတွင်တည်ရှိပြီး ညောင်ဦး-ပုပ္ပား ဗျတ္တပန်းဆက်လမ်းမကြီး၏ မြောက်ဘက် ဂျမ်းလှီးရွာမှ သွား၍လည်းရကာ ခေတ်အဆက်ဆက်တွင်ထားရှိခဲ့သော မြန်မာ့ဆံကေသာ ပုံစံအမျိုးမျိုးကို ယနေ့အချိန်အထိ ထိန်းသိမ်းထားသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းထံက သိရသည်။

ညောင်ဦးမြို့နယ် ငါးသရောက်မြို့ စက်စက်ယိုကျေးရွာရှိ လူငယ်လူရွယ်များသည် မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထားကာ ခေတ်အဆက်ဆက်ထားလာခဲ့သော မြန်မာ့ဆံကေသာ နာမည်များဖြစ်သည့် သျှောင်ပေစူးခေါ် ဆံရစ်ဝိုင်းဆံကေသာထားရှိခြင်း၊ ဦးစွန်းဘုတ်ကေခေါ် ခွက်မောက်ဆံကေသာ၊ ကြက်တောင်စည်းထားရှိခြင်းများသည် စက်စက်ယိုကျေးရွာရှိ ရွာသူရွာသားတို့၏ ခေတ်အဆက်ဆက် ကျေးလက်ယဉ်ကျေးမှုစရိုက်တို့ကို ထိန်းသိမ်းထားရှိခြင်းပင်ဖြစ်ကြောင်းသိရသည်။ စက်စက်ယို ကျေးရွာရှိ လူကြီး၊ လူငယ်၊ လူလတ်များသည် သျှောင်ပေစူး၊ ဦးစွန်းဘုတ်၊ ကြက်တောင်စည်းထားခြင်းများသည် အစဉ်အလာဖြစ်နေပြီး အဘိုးအရွယ်များလည်း သျှောင်ကြီးဖွေ့ ထားရှိသေးကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က ရှင်းပြသည်။

အဆိုပါကျေးရွာကို ကိုဗစ်-၁၉ရောဂါ မဖြစ်ခင်အချိန်က ပြည်ပဧည့်သည်များနှင့် ပြည်တွင်းဧည့်သည်များ အမြဲလာရောက်လေ့ရှိသည့် ကျေးရွာဖြစ်ကြောင်း၊ ဗီဒီယိုဇာတ်လမ်းများ လာရိုက်ကူးကြကာ ပြည်တွင်းပြည်ပဓာတ်ပုံဆရာများ အမြဲလာရောက်ရိုက်ကူးကြသည့် ကျေးရွာဖြစ်ပြီး ခေတ်ပညာတတ်များလည်း ရှိလာကြသည်။ စက်စက်ယိုကျေးရွာလေးတွင် တစ်ချိန်က ရေအလွန်ရှားပါးသည့် ကျေးရွာဖြစ်သော်လည်း ယခုအခါ စက်ရေတွင်းတူးဖော်ကာ ရေစင်တည်ဆောက်ပြီး အိမ်တိုင်းအိမ်တိုင်း ရေပုိက်များတပ်ဆင် သုံးစွဲနေခြင်း၊ ကျန်းမာရေးဆေးပေးခန်းနှင့် ကျေးလက်စာကြည့်တိုက်များ တည်ရှိနေကြောင်း၊ ရုပ်ဝတ္ထုများ မည်မျှပင် ပြောင်းလဲသော်လည်း စက်စက်ယိုကျေးရွာရှိ ကျောင်းသား ကျောင်းသူလေးများ၊ ကာလသားပေါက်စများသည် ခေတ်အဆက်ဆက်ဆံကေသာများ ထိန်းသိမ်းထားသည်မှာ ယနေ့အချိန်အထိပင်ဖြစ်ကြောင်း သိရသည်။

ငါးသရောက်မြို့ ခက်လန်းကန်ကျေးရွာ၊ တောင်တောကျေးရွာ၊ ဖလန်ကန်ကျေးရွာတို့တွင်လည်း စက်စက်ယိုကျေးရွာကဲ့သို့ သျှောင်ပေစူး၊ ဦးစွန်းဘုတ်၊ သျှောင်ကြီးဖွေ့ ဆံကေသာများ ထားရှိသေးကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**




# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျစွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲ ခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင်မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။




# ညောင်ဦးမြို့ ပြည်သူ့ဆေးရုံသို့ ရေသန့်ကုသိုလ်တော်အသင်းက နေ့စဉ်သောက်ရေသန့်များ လှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ ခုတင် ၂၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ရပ်ဝေးရပ်နီးမှ လာရောက်ဆေးကုသမှုခံယူနေသည့် လူနာများနှင့် လူနာစောင့်များအတွက် သောက်သုံးရေအခက်အခဲ မဖြစ်စေရေးအတွက် ညောင်ဦးမြို့ စိတ္တသုခကျောင်းတိုက် ရေသန့် ကုသိုလ်တော်အသင်းက နေ့စဉ်သောက်ရေသန့်ဘူးများ လာရောက် လှူဒါန်းပေးလျက်ရှိသည်။

အဆိုပါ လှူဒါန်းခြင်းကို ညောင်ဦးမြို့ စိတ္တသုခကျောင်းတိုက် ဆရာတော် ဦးဉာဏာဓမ္မ၏ ဦးဆောင်မှုဖြင့် ရေသန့်စက်တည်ထောင်၍ ရေသန့်ကုသိုလ်တော်အသင်းအဖွဲ့ဝင်များက ညောင်ဦးမြို့ ပြည်သူ့ဆေးရုံအပါအဝင် မြို့ပေါ်ရှိ စာသင်ကျောင်းများသို့ သွားရောက်ကာ နေ့စဉ်မနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် ၂၀ လီတာ သောက်ရေသန့်ဘူးများကို ဖြန့်ဝေ လှူဒါန်းပေးနေကြောင်း၊ ထိုသို့ သောက်ရေသန့်ဘူးများ လှူဒါန်းနိုင်ရေးအတွက် စေတနာရှင်ပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းပေးနေကြကြောင်း သိရသည်။

"ကျွန်တော်တို့ ညောင်ဦးမြို့ စိတ္တသုခကျောင်းတိုက် ရေသန့်ကုသိုလ်တော်အသင်းက ညောင်ဦးမြို့ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ဆေးကုသမှုခံယူနေတဲ့ ရပ်ဝေးရပ်နီးက လူနာတွေနဲ့ လူနာစောင့်တွေကို သောက်ရေအခက်အခဲ မဖြစ်စေဖို့ နေ့စဉ် မနက်တစ်ကြိမ်၊ ညနေ တစ်ကြိမ် ၂၀ လီတာ သောက်ရေသန့်ဘူးတွေ သွားရောက်လှူဒါန်းပေးနေပါတယ်။ ဒါ့အပြင် မြို့ပေါ်ရှိ သောက်ရေလိုအပ်တဲ့ စာသင်ကျောင်းတွေကိုလည်း သွားရောက်လှူဒါန်းပေးပါတယ်။ သောက်ရေသန့်ဘူးတွေ လှူဒါန်းပေးတာဆိုရင် ကျွန်တော်တို့ ရေသန့်ကုသိုလ်တော်အသင်းအနေနဲ့ တစ်နှစ်ကျော် ရှိပြီဖြစ်ပါတယ်။ ညောင်ဦးမြို့ စိတ္တသုခကျောင်းတိုက် ဆရာတော်က ဦးဆောင်ပြီးတော့ ရေသန့်စက်တည်ထောင်ပြီး လှူဒါန်းပေးတာဖြစ်ပါတယ်။ သောက်ရေသန့်ဘူးတွေ လှူဒါန်းနိုင်ရေးအတွက် စေတနာရှင်ပြည်သူတွေကလည်း အလှူငွေတွေ ထည့်ဝင် လှူဒါန်းပေးကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စိတ္တသုခကျောင်းတိုက် ရေသန့်ကုသိုလ်တော်အသင်းကို သောက်ရေသန့်ကုသိုလ် ပါဝင်ကူညီ လှူဒါန်းပေးလိုသူတွေ ရှိပါက ဖုန်း- ၀၉-၈၉၇၉၉၈၅၄၉၊ ၀၉-၂၅၇၈၆၀၂၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါတယ်"ဟု အဆိုပါ ရေသန့်ကုသိုလ်တော် အသင်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုမျိုးသူအောင်က ပြောသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ပြောင်းထွက်နှုန်းကျဆင်းသည့် နှစ်တစ်နှစ်ဖြစ်ကြောင်း ကျွမ်းကျင်သူများ သုံးသပ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် မိုးပြောင်းများ ရိတ်သိမ်းခြွေလှေ့နေပြီး ပြောင်းထွက်နှုန်း အနည်းငယ်ကျဆင်းသည့် နှစ် တစ်နှစ်ဖြစ်ကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း၏ သုံးသပ်ချက်များအရ သိရသည်။

"ဒီနှစ်မှာ ပြောင်းထွက်နှုန်းကျနိုင်ပါတယ်။ ရာသီဥတုကြောင့်ရယ်၊ တခြားသီးနှံ ပြောင်းစိုက်တာကြောင့် ရယ်ပါ။ တချို့တောင်သူတွေက ပြောင်းထက် အဆင်ပြေမယ်လို့ယူဆတဲ့ သီးနှံတွေကို ပြောင်းလဲစိုက်ပျိုးတာ ရှိပါတယ်။ ပြောင်းအစား ထောပတ်တို့လို နှစ်ရှည်ပင် စိုက်ပျိုးလိုက်တာမျိုးရှိတယ်။ ကချင်ပြည်နယ်ဘက်မှာဆိုရင် ပြောင်းအစား ငှက်ပျောစိုက်ပျိုးလိုက်တာမျိုးတွေလည်း ရှိလို့ပါ။ ပြောင်းကျတော့ စပါးလို မဟုတ်ဘူး။ စပါးစိုက်နေကျ တောင်သူက မိုးကျလာတာနဲ့ စပါးစိုက်နေကျအတိုင်း စိုက်လေ့ရှိတယ်။ ပြောင်းကျတော့ သူ့ရာသီ သီးနှံအလိုက် စိုက်တာမျိုးဆိုတော့ ဈေးနှုန်းနဲ့ ရာသီဥတုအခြေအနေအပေါ်မူတည်ပြီး တောင်သူက တိုးချဲ့စိုက်တဲ့အခါ စိုက်တယ်။ လျှော့စိုက်တဲ့အခါ စိုက်တတ်တယ်။ ဒါ့ကြောင့် ထွက်နှုန်းလည်း တစ်နှစ်နဲ့တစ်နှစ် မမှန်နိုင်တာပါ"ဟု မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်း၏ ဥက္ကဋ္ဌ ဦးမင်းခိုင်က ပြောသည်။

မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းကို တစ်နှစ်ပတ်လည်လုံး စိုက်ပျိုးထုတ်လုပ်နေပြီး စိုက်ပျိုးမြေဧက ၁၂ သိန်းခန့် နှစ်စဉ် စိုက်ပျိုးနေကြသည်။

"ပြည်တွင်းမှာ အစေ့ထုတ်ပြောင်း စုစုပေါင်း ထုတ်လုပ်မှုက မက်ထရစ်တန် ၂၃ သိန်းကနေ ၂၇ သိန်းဝန်းကျင် ရှိပါတယ်။ စိုက်ပျိုးထုတ်လုပ်မှုအနေနဲ့ မိုးပြောင်း ၇၈ ရာခိုင်နှုန်း၊ ဆောင်းပြောင်း ၁၇ ရာခိုင်နှုန်းနဲ့ နွေရေသွင်းပြောင်း ၅ ရာခိုင်နှုန်းခန့် ရှိပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်စာရင်းတွေအရ စုစုပေါင်းထုတ်လုပ်မှုဟာ မက်ထရစ်တန်ချိန် ၂၇ သိန်းကျော် ရှိခဲ့ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

မိုးပြောင်းကို ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ လည်းကောင်း၊ ဆောင်းပြောင်းကို မန္တလေး၊ မကွေး၊ ပဲခူး၊ ဧရာဝတီနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့၌လည်းကောင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

နန်းထက်ထက်ချစ်

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာအုပ် အသင်းက ၂၀၁၈ ခုနှစ်၊ စာပေဗိမာန်စာမူဆု၊ ဝတ္ထုရှည် ပထမဆုရ"ကေ(တောင်တန်းပြာ)"ရေးသားသည့် **"သစ္စာရှင်နှင့်ခြားခဲ့ရသောမြေ"** စာအုပ်ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။

ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉/၅၃၁)ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှ တစ်ဆင့် လည်းကောင်း၊ စာတိုက်မှတစ်ဆင့် လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ် အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ဘုတလင်မြို့နယ်တွင် ရေနည်းလို သီးနှံဖြစ်သည့် နှံစားပြောင်း စမ်းသပ်စိုက်ပျိုး

**ဘုတလင် ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်အတွင်းရှိ ညောင်ကန်၊ အောင်ဆန်းမြင့်နှင့် တရော်တော ကျေးရွာများ၌ မိုးနည်းဒေသများတွင် စိုက်ပျိုးသင့်သော ရေနည်းလို သီးနှံဖြစ်သည့် နှံစားပြောင်းကို စမ်းသပ်စိုက်ပျိုးထားကြောင်း မြို့နယ် တောင်သူလယ်သမား အစုအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်ထံမှ သိရသည်။

နှံစားပြောင်းကို Single Row နှင့် Double Row စိုက်နည်းစနစ် နှစ်မျိုးဖြင့် စိုက်ပျိုးကြပြီး အပင်သက်တမ်း ၁၁၀/၁၂၀ ရက်ရှိကာ တစ်ဧကလျှင် အပင် ကိုးသောင်းကျော်မှ တစ်သိန်းကျော်အထိ စိုက်ပျိုးနိုင်သည့် အပူဒဏ်ခံနိုင်သော သီးနှံအမျိုးအစားဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ်မှာ အရင်ကတော့ ဒေသမျိုးဖြစ်တဲ့ ပုလဲ၊ ရွှေနီ ပြောင်းမျိုးတွေကို စိုက်ပျိုးခဲ့ဖူးပါတယ်။ အဲဒီမျိုးတွေကတော့ သက်တမ်းရင့်ရာသီပြောင်း ဖြစ်ပါတယ်။ အခု စမ်းသပ်စိုက်ပျိုးတဲ့ စပ်မျိုးပြောင်းနီ နှံစားပြောင်းက သက်တမ်း ၁၁၀/၁၂၀ ရက်ပဲရှိပြီး တစ်ဧကကို တင်း ၆၀ ကနေ တင်း ၁၀၀ အထိ ထွက်ရှိနိုင်ပါတယ်။ မြို့နယ်အတွင်းမှာ နှံစားပြောင်းမျိုး ဧက ၅၀ အတွက် ဖြန့်ဝေထားပြီး ၁၁ ဧက စိုက်ပျိုးပြီးပါပြီ"ဟု ၎င်းက ပြောသည်။

ဘုတလင်မြို့နယ်သည် မိုးနည်းသည့်အတွက် ရေလိုအပ်မှုနည်းသည့် နှံစားပြောင်းကို မြို့နယ်တောင်သူလယ်သမားအစုအဖွဲ့က ပထမဆုံးစမ်းသပ်စိုက်ပျိုးခြင်းဖြစ်ပြီး စမ်းသပ်စိုက်ပျိုးမှုအောင်မြင်ခဲ့ပါက တစ်မြို့နယ်လုံးတွင် နှံစားပြောင်းကို ဧက ၅၀၀ ကျော်မှ ၁၀၀၀ ကျော်အထိ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။

ဖိုးခါး(ပြန်/ဆက်)

# မယ်စဲ့မြို့နယ်တွင် စိုက်ပျိုးရေးစနစ်ကောင်းဖြင့်စိုက်ပျိုးသော ဆောင်းသီးနှံ ပဲပုပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မယ်စဲ့ ဖေဖော်ဝါရီ ၁၅**

ကယားပြည်နယ် မယ်စဲ့မြို့နယ်တွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးသော ဆောင်းသီးနှံ ပဲပုပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက် ဆောင်ပုဒ်နှင့်အညီ ပဲပုပ်ကို နိုဝင်ဘာလဆန်းတွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလကုန်တွင် ရိတ်သိမ်းကြသည်။ မယ်စဲ့မြို့နယ်တွင် အများအားဖြင့် ပဲပုပ်ကို ဒေသမျိုး၊ ရေဆင်း ၆၊ KUSL သုံးမျိုးကို အဓိကစိုက်ပျိုးကြရာ ဒေသမျိုးသည် ပဲစေ့သေးသည့်အတွက် ပဲပုပ်ချပ်ပြုလုပ်၍ ဒေသတွင်းစားသုံးပြီး ပိုလျှံမှုကို အခြားမြို့နယ်များသို့ ဖြန့်ဖြူးရောင်းချရသည်။ ပဲပုပ်ကို တိုက်ရိုက်ကျင်းပေါက် စိုက်နည်းဖြင့် စိုက်ပျိုးကြရာ ထယ်ခ၊ ထွန်ခ အကုန်သက်သာပြီး ယခင်နှစ်က ပဲပုပ်တစ်ဧကပျမ်းမျှ ၁၃ တင်း ထွက်ရှိကာ တစ်ပိဿာငွေကျပ် ၈၅၀ ဖြင့် ရောင်းရသည့်အတွက် တောင်သူများ တွက်ခြေကိုက်ကြောင်း သိရသည်။



မယ်စဲ့မြို့နယ်တွင် သဘာဝမြေဩဇာသုံးပြီး အော်ဂဲနစ်ဖြင့် ပဲပုပ်ခုနစ် ဧက စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးသည့် ဆောင်းသီးနှံ ပဲပုပ်စိုက်ခင်းများကို သဘာဝ မြေဩဇာပက်ကြဲရပြီး ပိုးမွှားကျရောက်မှု နည်းပါးခြင်းကြောင့် ပိုးသတ်ဆေးအနည်းငယ်သာသုံးရကြောင်း၊ ပဲပုပ်တွင် မရိတ်သိမ်းမီ ကျရောက်တတ်သော ရောဂါများနှင့် ရိတ်သိမ်းချိန်လွန်လေလွင့်ဆုံးရှုံးမှုများမရှိရန် စိုက်ပျိုးရေးဦးစီးဌာနက ပိုးသတ်ဆေးစနစ်တကျသုံးစွဲနည်းနှင့် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

**အနာဂတ် ကမ္ဘာသာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့**

မည်သည့်အကြောင်းပြချက်နှင့်မျှ

# အိမ်တွင်း အကြမ်းဖက်မှု

ကိုမကျူးလွန်ရ

**မည်သည့်အကြောင်းပြချက်နဲ့မှ အိမ်တွင်းအကြမ်းဖက်မှုကို မကျူးလွန်ရ**

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေစဉ် ကာလအတွင်းမှာ အောက်ပါအကြောင်းအချက်တွေကြောင့် အမျိုးသမီးနှင့် ကလေးငယ်တွေဟာ အိမ်တွင်းအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို ပိုမိုတွေ့ကြုံ ခံစားရနိုင်ပါတယ်။**




**ငွေရေးကြေးရေးနဲ့ စီးပွားရေးအကျပ်အတည်းတွေကြောင့် အိမ်တွင်းတင်းမာမှုတွေ မြင့်တက်လာခြင်း**




**ရောဂါပြန့်ပွားမှု ဘေးအန္တရာယ်ကြောင့် စိုးရိမ်ပူပန်မှုတွေ တိုးပွားလာပြီး စိတ်ဖိစီးမှု များပြားလာခြင်း**




**စိတ်ဖိစီးမှုကို လျှော့ချဖို့အတွက် အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း အစရှိတဲ့ လွဲမှားတဲ့အလေ့အထနဲ့ အမူအကျင့်တွေကို ကျင့်သုံးခြင်း**

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှု ဆပ်ကော်မတီ၏ အသိပေးကြေညာချက်

COVID-19 **ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ** (COVID-19 Vaccination Fund)
OA 013733 **သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း**
(၂-၂-၂၀၂၁ ရက်နေ့)

*ယမန်နေ့မှအဆက်*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၄၃ | မောင်လှ၊ ပုတီ (ကမာရွတ်မြို့နယ်) | ၅၀,၀၀၀ |
| ၄၄ | ဦးထွန်းငြိမ်း+ ဒေါ်ခင်စိန်ဝင်း (စဉ့်ကိုင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၄၅ | ဒေါ်မိမိလေး (ကမာရွတ်မြို့နယ်) | ၁၀,၀၀၀ |
| ၄၆ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ | ၅၀,၀၀၀ |
| ၄၇ | ဒေါ်သန်းဆွေ ၊ အထည်ဆိုင် (သန်လျင်မြို့နယ်) | ၁,၅၀၀,၀၀၀ |
| ၄၈ | ကျော်ကျော်သူ၊ ဝင့်မြတ်နိုးအောင် (အင်းစိန်မြို့နယ်) | ၁၅၀,၀၀၀ |
| ၄၉ | ကိုကိုအောင်+တင်တင်ဖြူ (ကြည့်မြင်တိုင်မြို့နယ်) | ၁၅၀,၀၀၀ |
| ၅၀ | ဒေါ်မမလေး (ရန်ကင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၁ | ဦးသောင်းထိုက် (မင်္ဂလာဒုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၂ | FROM QUATERS PRIMARY ISLAM SEMINARIES (တ/ဒဂုံမြို့နယ်) | ၂,၅၀၀,၀၀၀ |
| ၅၃ | ဒေါ်စန်းတင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၅၄ | မာရီယို မိသားစု (မရမ်းကုန်းမြို့နယ်) | ၅၀,၀၀၀ |
| ၅၅ | ပညာနန္ဒ (မရမ်းကုန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၅၆ | ဦးဝင်းမြင့်+ဒေါ်သန်းသန်းအေး (လမ်းမတော်မြို့နယ်) | ၁၀၀,၀၀၀ |
| ၅၇ | အောင်ဖုန်းနိုင် (ရွှေပြည်သာမြို့နယ်) | ၅၀,၀၀၀ |
| ၅၈ | ဦးဇော်ဝင်း၊ ဦးအောင်လင်း (မုံရွာမြို့) | ၁,၂၀၀,၀၀၀ |
| ၅၉ | မောင်မောင်ထွန်း (စမ်းချောင်းမြို့နယ်) | ၅၀,၀၀၀ |
| ၆၀ | ကိုကိုမောင်ထွန်း+နွယ်နွယ်ဦး (စမ်းချောင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၆၁ | ဒေါ်အေးကြည် (ပုဇွန်တောင်မြို့နယ်) | ၅၀,၀၀၀ |
| ၆၂ | Lambest Skin Care Mandalay (မန္တလေးမြို့) | ၁၀၀,၀၀၀ |
| ၆၃ | ကျော်ဟိန်း (မ/ဥက္ကလာပမြို့နယ်) | ၁၀၀,၀၀၀ |
| ၆၄ | ခွဲစိတ်ဆောင်(၁)မိသားစု၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ရန်ကုန်မြို့) | ၇၀၀,၀၀၀ |
| ၆၅ | ကျော်ကိုကိုဇော်+၂ (လမ်းမတော်မြို့နယ်) | ၃၀၀,၀၀၀ |
| ၆၆ | အောင်ကြည် (ဗိုလ်တထောင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၆၇ | ယဉ်မင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၆၈ | မိုးမိုးလှိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၆၉ | ဘအုပ်ခိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၇၀ | ဦးမြင့်ဦး+ဒေါက်တာစမ်းသီတာ သမီး- Judy မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀,၀၀၀ |
| ၇၁ | ဦးတင့်နောင်+ဒေါ်သင်းသင်းနွယ် မိသားစု (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀,၀၀၀ |
| ၇၂ | စောဂျူဂျူ + မိုးနီလာထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၇၃ | ရဲမင်းနိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀ |
| ၇၄ | ဝေနှင်းသော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀ |
| ၇၅ | သန္တာအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀ |
| ၇၆ | ဦးသူရိန်+ ဒေါ်တင်ဇာလွင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၇၇ | မေသူလွင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၇၈ | နီလာအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀ |
| ၇၉ | စကားဝါမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၈၀ | နေထွန်းခိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၈၁ | ခင်ထားဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၈၂ | ဦးမောင်မောင်လေး+ ဒေါ်စောချို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၈၃ | ရဲဇော်ခန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅၀,၀၀၀ |
| ၈၄ | လှမ်းဝေ+ ရွှေစင်ဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၈၅ | စိုးအောင်သန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |

*စာမျက်နှာ ၂၃ သို့*

စာမျက်နှာ ၂၂ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၈၆ | မနန်းဆုရည် မွေးနေ့အလှူ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၈၇ | ဒေါ်သန်းသန်းဌေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၈၈ | ဦးစိုင်းဝုန်းဆောင်+ဒေါ်စုမွန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၈၉ | မျိုးမင်းဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၉၀ | နုနန္ဒာလင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀ |
| ၉၁ | လူမော်မြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၉၂ | အေးသဲအိဝါသော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၉၃ | ဦးရဲထွန်း+ဒေါ်သန်းသန်းအေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၉၄ | သဲဆုလွင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၉၅ | နွယ်နွယ်လှိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၉၆ | ဦးသောင်းမြင့်၊ဒေါ်လှဌေး သမီး-ဒေါ်နွယ်နွယ်လှိုင် မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၉၇ | အိမ့်မျက်ချယ်ကျော်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၉၈ | စိုင်းကိုကို(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၉၉ | နန်းအိကေခိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၁၀၀ | တင်မိုးလွင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀ |
| ၁၀၁ | ဦးကျော်မောင်+ဒေါ်တင်(ဇီးကုန်း-ထန်းတပင်) | ၁၀၀,၀၀၀ |
| ၁၀၂ | ဦးအေးကျော်၊ ဒေါ်ခင်မျိုးလွင်၊ မခိုင်ခိုင်မြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၀၃ | ဒေါ်ရီရီ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၆၀,၀၀၀ |
| ၁၀၄ | ဦးဇေဝင်းအောင်+ဒေါ်အုန်းမြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၁၀၅ | လေးလေးကြည်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၀၆ | ဒေါ်အိအိလွင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၀၇ | ပြည့်ဖြိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၀၈ | ဖိုင်းဟန်းဇက်နန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၀၉ | ယဉ်ယဉ်အေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၁၁၀ | ဇင်မင်းထက်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၁၁ | မော်ကျွန်းမိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၁၁၂ | ဦးကျော်ထွန်းစိန်+ဒေါ်ခင်သန်း (လှိုင်မြို့နယ်) | ၁၁၀,၀၀၀ |
| ၁၁၃ | မသီရိခင်ခင် (တာမွေမြို့နယ်) | ၅၀,၀၀၀ |
| ၁၁၄ | ဦးဘာသီပါ(ဦးသိန်းထွန်းဇံ) (ဗိုလ်တထောင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၁၅ | ဦးစောလရာပါ (ဗိုလ်တထောင်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၁၆ | မြတ်ရှုဝင်းခိုင် (သထုံ၊ မွန်ပြည်နယ်) | ၁,၀၀၀ |
| ၁၁၇ | ဒေါ်အေးအေးမူ (လှိုင်သာယာမြို့နယ်) | ၃၀၀,၀၀၀ |
| ၁၁၈ | AYA ကသာမြို့ ဘဏ်ဝန်ထမ်းများ (ကသာမြို့ဘဏ် (၅)နှစ်ပြည့်) | ၁၀၀,၀၀၀ |
| ၁၁၉ | စိုးမိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၀၀၀ |
| ၁၂၀ | ဒေါက်တာကံဟိန်း မိသားစု (လသာမြို့နယ်) | ၃၀,၀၀၀ |
| ၁၂၁ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။ (ဗဟန်းမြို့နယ်) | ၈၀,၀၀၀ |
| ၁၂၂ | ဦးမြင့်သိန်း၊ ဒေါ်သန်းညွန့် (ကြို့ပင်ကောက်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂၃ | ဦးသက်နိုင်ထွန်း၊ ဒေါ်သီတာအေး (ကမာရွတ်မြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂၄ | ကိုဇော်ယုအောင်+မနွေးယုလှိုင်ထွန်း (မ/ဥက္ကလာပမြို့နယ်) | ၁၄၀,၀၀၀ |
| ၁၂၅ | ဦးမောင်မောင်ဌေး၊ ဒေါ်ဝင်းဝင်း (မ/ဒဂုံမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၂၆ | HearLIFE Hearing Care Centre Myanmar မိသားစု(တာမွေမြို့နယ်) | ၁၅၀,၀၀၀ |
| ၁၂၇ | ကိုဝင်းတိုး+မတင်ချိုအောင် (လသာမြို့နယ်) | ၅၀၀,၀၀၀ |
| ၁၂၈ | ဒေါ်အေးကြင် (တာမွေမြို့နယ်) | ၃၀၀,၀၀၀ |
| ၁၂၉ | ဒေါက်တာဒေါ်ခင်လေး (မရမ်းကုန်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၃၀ | ဦးအေးဝှက်+ ဒေါ်ရှုတင် မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၃၁ | ဦးသန်းဇော်အေး+ဒေါ်အေးသီတာသက်၊ သမီး မေဆုမြတ်မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၁၀,၀၀၀ |
| ၁၃၂ | ချမ်းမြေ့လင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၁၃၃ | တင်အောင်မိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၅၀၀ |
| ၁၃၄ | ခင်စိုးဝင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၁၃၅ | နိုင်လင်းအောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |

စာမျက်နှာ ၂၄ သို့




**အိမ်မှုကိစ္စတွေဟာ အမျိုးသမီးတွေနဲ့ပဲ သက်ဆိုင်တယ်၊ ကလေးနဲ့ နာမကျန်းသူတွေကို ပြုစုစောင့်ရှောက်ဖို့က အမျိုးသမီးတွေရဲ့ တာဝန်ပဲဖြစ်တယ် အစရှိတဲ့ ဂျန်ဒါ တရားသေ အယူအဆများကြောင့် အမျိုးသမီးအများစုအပေါ်မှာ ဝန်ပိလာလေ့ရှိခြင်း**




**ရောဂါအန္တရာယ်ကြောင့် အိမ်ထဲမှာပဲ နေထိုင်ရခြင်းနဲ့ လှုပ်ရှားသွားလာမှုတွေကို ကန့်သတ်ထားခြင်းကြောင့် လူမှုပေါင်းစည်းမှုတွေ၊ လူမှုအဆက်အသွယ်တွေ ပြတ်တောက်ပြီး ပိုမိုအထီးကျန်စေခြင်း**




**ရောဂါဖြစ်ပွားမှုတွေကြောင့် အကြမ်းဖက်ခံရသူတွေအတွက် ပံ့မှန်ထောက်ပံ့ကူညီပေးနေသော ဝန်ဆောင်မှုတွေ အားနည်းသွားခြင်းနဲ့ ဝန်ဆောင်မှုတွေကို လက်လှမ်းမီရရှိနိုင်ဖို့ ခက်ခဲသွားခြင်း**




**အဲဒါကြောင့် မိမိပတ်ဝန်းကျင်မှာ အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနေတာကို သိရှိတွေ့မြင်ပါက တိတ်ဆိတ်မနေဘဲ ပူးပေါင်းကူညီ ဆောင်ရွက်ပေးပါ**




အိမ်တွင်း အကြမ်းဖက်မှုကို တွေ့ကြုံခံစားရပါက မိမိ ယုံကြည်ရသူတွေကို ဖွင့်ဟပြောဆိုပြီး အကူအညီရယူပါ




အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့် ပတ်သက်ပြီး အကူအညီရယူလိုပါက လူမှုဝန်ထမ်းဦးစီးဌာနရဲ့ HELP LINE ဖုန်း ၀၆၇- ၄၀၄၂၂၂ အပြင် ၀၆၇-၄၀၄၉၉၉ တို့ကိုပါ ယုံကြည်စိတ်ချစွာ ဆက်သွယ် အကူအညီရယူနိုင်ပါတယ်




အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံ ဉာဏ်ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်

အကြမ်းဖက်မှုတိုင်းအတွက်
အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်။

အကြမ်းဖက်မှုတိုင်းအတွက် အကြမ်းဖက်သူမှာသာ တာဝန်ရှိပါတယ်

*စာမျက်နှာ ၂၃ မှ*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁၃၆ | ကိုစိုင်း+ မမိ မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၃၇ | စုမွန်လှိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၃၈ | ဇင်ဖြူဖြူဖွေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၃၉ | မောင်စိုင်းလင်းအာရုဏ်(၃)နှစ်ပြည့် မွေးနေ့အလှူ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀၀,၀၀၀ |
| ၁၄၀ | ဒေါ်ဝင်းကြည် မိသားစု(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၁၄၁ | မနွယ်နွယ်ဝင်း (ရန်ကုန်မြို့) | ၂၀,၀၀၀ |
| ၁၄၂ | မျိုးမြင့်အောင်၊ ယမင်းအေး (လှိုင်မြို့နယ်) | ၅၀,၀၀၀ |
| ၁၄၃ | ဒေါ်ခင်အေး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၄၄ | ဒေါ်မြင့်မြင့်သန်း၊ ဝင်းထွန်း (ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၁၄၅ | ပြည့်မွန်ကျော် (မန္တလေးမြို့) | ၅၀,၀၀၀ |
| ၁၄၆ | သန္တာ၊ အက်စ်တာ၊ သီသီ၊ ရဲရဲ (မြန်မာ)(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၅,၀၀၀ |
| ၁၄၇ | ဦးဘိုလေး+ဒေါ်ခိုင်ခိုင်မိသားစု (ရန်ကင်းမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၄၈ | ဒေါ်စန္ဒာမွေး (တ/ဥက္ကလာပမြို့နယ်) | ၃၀,၀၀၀ |
| ၁၄၉ | ဦးတင်၊ ဒေါ်စန်းဦး (ရန်ကုန်မြို့) | ၂၅၀,၀၀၀ |
| ၁၅၀ | ဒေါက်တာခင်မြင့်ကြည် (မန္တလေးမြို့) | ၅၀၀,၀၀၀ |
| ၁၅၁ | မခိုင်မင်းကြယ်စင် (၁၆) နှစ်ပြည့် မွေးနေ့အလှူ (သဃ်န်းကျွန်းမြို့နယ်) | ၁၆၀,၀၀၀ |
| ၁၅၂ | ဦးကြည်လှ၊ ဒေါ်လှရီ မိသားစု (တာမွေမြို့နယ်) | ၁၀၀,၀၀၀ |
| ၁၅၃ | ဒေါ်မြတ်မြတ်စိုး (ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၁၅၄ | ဦးသက်ဝင်း+ဒေါ်ကြည်ကြည်သန်း (ပိုင်စက်နှင့်စက်အပိုပစ္စည်းဆိုင်)(မြစ်သားမြို့နယ်၊ ကူမဲမြို့) | ၁,၀၀၀,၀၀၀ |
| ၁၅၅ | နော်အယ်ပိုဒူး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀၀,၀၀၀ |
| ၁၅၆ | ရတနာဦး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၁၅၇ | ရည်မွန်မြင့်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅၀,၀၀၀ |
| ၁၅၈ | ဝင်းထွဋ်အောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅၀,၀၀၀ |
| ၁၅၉ | Brighter Future Foundation UK(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀,၀၀၀ |
| ၁၆၀ | ဒေါ်ခင်နန္ဒာသိန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၁၆၁ | မျိုးမင်းဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၆၂ | ဖူးထက်မောင်မောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၁၆၃ | ချမ်းသာအေး၊လွင်မာစိုး၊ခရစ်စတင်းလွင်မေချမ်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၆၄ | သန်းသန်းမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၆၅ | လွင်လွင်စိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၁၆၆ | ဦးသိန်းထွဋ်ကို (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၁၆၇ | သိမ့်ဆွေဇင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၆၈ | စိုးစန္ဒာလင်း၊ ဝင်းမာလင်း၊ အောင်ခန့်လင်း+မိမိကို (စမ်းချောင်းမြို့နယ်) | ၃၀,၀၀၀ |
| ၁၆၉ | Qao Nghao Zaung Khaung (ဝိုင်းမော်မြို့) | ၁၀,၀၀၀ |
| ၁၇၀ | မေးမြတ် (ဒေါပုံမြို့နယ်) | ၂၀,၀၀၀ |
| ၁၇၁ | နေချမ်းသာ (ဘီးလင်းမြို့) | ၁၀,၀၀၀ |
| ၁၇၂ | သန္တာစိုး (ကမာရွတ်မြို့နယ်) | ၅၀,၀၀၀ |
| ၁၇၃ | နိုင်လင်းထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၁၇၄ | ဧယျာဝေဖြိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၇၅ | သူရအောင် (ကမာရွတ်မြို့နယ်) | ၅၀,၀၀၀ |
| ၁၇၆ | ဒေါ်ငြိမ်းဇာနီဝေ (တာမွေမြို့နယ်) | ၁,၀၀၀ |
| ၁၇၇ | နေရီလေးလှိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃,၀၀၀ |
| ၁၇၈ | ဦးဇော်ထူးမောင် (သပြေကုန်း) | ၁,၀၀၀ |
| ၁၇၉ | ကေဇင်ဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၁၈၀ | အောင်ဇော်ထွန်း (လှိုင်ကော်မြို့) | ၁,၀၀၀ |
| ၁၈၁ | အိအိပဲမြင့် (လှိုင်မြို့နယ်) | ၁,၀၀၀ |
| ၁၈၂ | စိုးမြတ်မြတ်ကျော် (ကူမဲမြို့) | ၁,၀၀၀ |
| ၁၈၃ | ဒေါ်ကေဇင်ဟန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၁၈၄ | အေးမြင့်မြတ် (ကမာရွတ်) | ၅,၀၀၀ |
| ၁၈၅ | ဒေါ်သဲစုမောင် (လသာမြို့နယ်) | ၁,၅၀၀ |
| ၁၈၆ | ကေသီဝင်း (မန္တလေးမြို့) | ၂၀၀,၀၀၀ |

*စာမျက်နှာ ၂၅ သို့*

စာမျက်နှာ ၂၄ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁၈၇ | ဒေါ်စန္ဒာနွယ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃,၀၀၀ |
| ၁၈၈ | အိသီဖြိုး (မြိတ်မြို့နယ်) | ၁၀,၀၀၀ |
| ၁၈၉ | အေးမြတ်သူ (တာမွေမြို့နယ်) | ၁,၀၀၀ |
| ၁၉၀ | စိုးရာဇာဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၁၉၁ | စကားဝါမြင့် (တ/ဒဂုံမြို့နယ်) | ၁၀,၀၀၀ |
| ၁၉၂ | ဦးဝေဖြိုး (ပြည်မြို့) | ၅,၀၀၀ |
| ၁၉၃ | ဝေဖြိုးဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၁၉၄ | ကျော်ဇင်ဦး (မင်္ဂလာဒုံမြို့နယ်) | ၄,၄၀၀ |
| ၁၉၅ | ဒေါ်နန်းနှောင်းခမ်း bet,19st20st,57st58st(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၁၉၆ | ဦးအောင်ကြည်ဝင်း (တာမွေမြို့နယ်) | ၁,၀၀၀ |
| ၁၉၇ | သက်ပိုင်စိုး (ချမ်းမြေ့သာစည်မြို့နယ်) | ၅၀,၀၀၀ |
| ၁၉၈ | ချမ်းမင်းကို (ဖော့ကန်မြို့) | ၁,၀၀၀ |
| ၁၉၉ | ဦးဥတ္တမ (နန်းဦးဘုန်းကြီးကျောင်း)(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃,၀၀၀ |
| ၂၀၀ | ဒေါ်ယမင်းရွှေရီ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၀၁ | ဦးခင်မောင်ထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၀၂ | ဝေဖြိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၂၀၃ | ဒေါ်အေးသက်မှုးစံ (ပြင်ဦးလွင်မြို့) | ၃,၀၀၀ |
| ၂၀၄ | SHRIKANT KRISHAN(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃,၀၀၀ |
| ၂၀၅ | ကောင်းဝေယံဟိန်း (မော်လမြိုင်မြို့) | ၁,၀၀၀ |
| ၂၀၆ | ဖြူဖြူကို (မုံရွာမြို့) | ၁၀,၀၀၀ |
| ၂၀၇ | ဒေါ်စန္ဒာထွန်း (လှိုင်မြို့နယ်) | ၁,၁၀၀ |
| ၂၀၈ | မချစ်သက်ဝေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၂၀၉ | ဒေါ်အေးဟန်နီ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၁၀ | စိုင်းဖ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၁၁ | ဒေါ်အေးပွင့် (ပြည်ကြီးတံခွန်မြို့နယ်) | ၅,၀၀၀ |
| ၂၁၂ | အောင်မွန်ဦး (တ/ဥက္ကလာ) | ၁၀,၀၀၀ |
| ၂၁၃ | ဗညားဟိန်း (မ/ဥက္ကလာပမြို့နယ်) | ၁၀,၀၀၀ |
| ၂၁၄ | ဒေါ်အေးအေးမြင့် (ဒေါပုံမြို့နယ်) | ၁,၀၀၀ |
| ၂၁၅ | အေးအေးမာ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၁၆ | စိုင်းနေလင်းထွေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၁၇ | ရဲနိုင် (စမ်းချောင်းမြို့နယ်) | ၁,၀၀၀ |
| ၂၁၈ | စုပြည့်ဖြိုး (စမ်းချောင်းမြို့နယ်) | ၁,၀၀၀ |
| ၂၁၉ | ဒေါ်မိုးမိုးဆွေ (မုံရွာမြို့) | ၅,၀၀၀ |
| ၂၂၀ | ဒေါ်အေးချမ်းသူ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၂၁ | ခန့်ကျော်သင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၆,၀၀၀ |
| ၂၂၂ | ခင်ရတနာဝင်းပြည့်၊ စိန်အောင် (ဗဟန်းမြို့နယ်) | ၅,၀၀၀ |
| ၂၂၃ | ဦးမျိုးဝင်းအောင် (ရန်ကုန်မြို့) | ၃,၀၀၀ |
| ၂၂၄ | ဦးရဲမောင်ဦး (ညောင်ဦးမြို့) | ၅,၀၀၀ |
| ၂၂၅ | ဒေါ်ကေသွယ်အောင် (ကျွဲဆည်ကန်) | ၁၀၀,၀၀၀ |
| ၂၂၆ | ချင်းချင်း (မြဝတီမြို့) | ၂,၀၀၀ |
| ၂၂၇ | ဦးအောင်သက်လင်းစိုး (မော်လမြိုင်မြို့) | ၁,၀၀၀ |
| ၂၂၈ | ဒေါ်ခင်ငြိမ်းချမ်း (မန္တလေးမြို့) | ၂,၀၀၀ |
| ၂၂၉ | ခန့်ဇော်ဟိန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၃၀ | မနှင်းနုနုနိုင် (ကော့ကရိတ်မြို့) | ၁၀,၀၀၀ |
| ၂၃၁ | သန့်ဇော်ဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၃၂ | ဦးဝင်းဇော် (ရွှေဘိုမြို့) | ၅,၀၀၀ |
| ၂၃၃ | ဦးဇော်မိုးအောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၃၄ | ဇူလိုင်ဖူး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၃၅ | မောင်ထွန်းထွန်းဦး (မြဝတီမြို့) | ၅,၀၀၀ |
| ၂၃၆ | ရဲရင့်ထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |

စာမျက်နှာ ၂၆ သို့









# မျက်နှာနှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက်

တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ "နေအိမ်တွင်သာ နေထိုင်ရေးအစီအစဉ် (Stay at home)"တွင် အကျုံးဝင်သော မြို့နယ်များနှင့် ရောဂါဖြစ်ပွားမှုများသော မြို့နယ်များတွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနများသည် လူမှုရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ **"COVID-19 ရောဂါ ကာကွယ်ခြင်းဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးနှင့် ပြုမူပြောင်းလဲရေး ဆက်သွယ်ပညာပေး မျက်နှာနှင့်နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (Mask and Face Shield Campaign)"**ကို ဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ လူထုလှုပ်ရှားမှုစီမံချက်တွင် –

- ပါးစပ်နှင့်နှာခေါင်းစည်း (Mask)၊ မျက်နှာအကာ (Face shield) မဖြစ်မနေတပ်ဆင်ရေးအတွက် အသိပေးစည်းရုံး လှုံ့ဆော်ခြင်း၊ ပေးဝေခြင်းနှင့် တပ်ဆင်စေခြင်း၊
- လက်ကိုင်အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးပြောကြားခြင်းနှင့်
- ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရောဂါကူးစက်ပြန့်ပွားမှုကွင်းဆက်ကို ဖြတ်တောက်ပြီး ထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်မှသာ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများကို ပုံမှန်အနေအထားအတိုင်း အမြန်ဆုံး ပြန်လည်လုပ်ကိုင်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော် ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

COVID-19
ကပ်ရောဂါကူးစက်မှုလျှော့ချနိုင်ဖို့ ဤအချက်များကို လိုက်နာရန် လူတိုင်းတာဝန်ရှိသည်။



#LETSBEATCOVIDTOGETHER

COVID-19 ကပ်ရောဂါကူးစက်မှုကိုကာကွယ်ဖို့ လူတိုင်း ကိုယ့်တာဝန်ကိုယ်ယူရင်း အခြားသူတွေကိုပါ ဘေးကင်းအောင် နေထိုင်ပြုမူပါ။ ကိုယ်ကိုယ်တိုင်ကူးစက်ခံရမှုနဲ့ အခြားသူတွေကို ကူးစက်မှုကို လျှော့ချဖို့ လိုက်နာရမယ့် အချက် ၃ ချက်ကတော့ ...
(၁) လုံအောင်အုပ် (အပြင်ထွက်သွားလာတဲ့အခါမှာ MASK ကိုအသုံးပြုပြီး ပါးစပ်နှင့် နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ဖို့)
(၂) လက်ကိုဆေး (လက်ကို ဆပ်ပြာနဲ့ မကြာခဏ အနည်းဆုံးစက္ကန့် ၂၀ ကြာအောင် ဆေးကြောဖို့)
(၃) လူချင်းခွာ (လူတစ်ဦးနဲ့တစ်ဦး ၆ ပေအကွာမှာ နေဖို့) စတဲ့ အချက်တွေပါ။
ဒီအချက်တွေကို လိုက်နာလုပ်ဆောင်မှသာ မိမိကိုယ်တိုင်၊ မိမိသူငယ်ချင်းတွေနဲ့ မိမိချစ်ရတဲ့သူတွေကို ဘေးကင်းစေမှာပါ။

စာမျက်နှာ ၂၅ မှ

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၂၃၇ | စိုးမြတ်မြတ်ကျော် (ကူမဲမြို့) | ၁,၀၀၀ |
| ၂၃၈ | ဦးဥက္ကာကျော် (မိတ္ထီလာမြို့) | ၁,၀၀၀ |
| ၂၃၉ | သူရထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၄၀ | အောင်ကိုဦး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၄၁ | အေးသီတာမိုးမိုး(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၂၄၂ | ဦးထွန်းထွန်းဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၄၃ | အေးအေးခိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၄၄ | ရဲထက်အောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၄၅ | ရဲရင့်ထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၄၆ | ဝင်းလဲ့ဖြူ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၄၇ | ဦးတာလွင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀၀,၀၀၀ |
| ၂၄၈ | ဦးဇော်ဇော်အောင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၅,၀၀၀ |
| ၂၄၉ | သီတာမြင့် (ဗဟန်းမြို့နယ်) | ၃၀၀,၀၀၀ |
| ၂၅၀ | အိဖြိုးဝေ (မအူပင်မြို့နယ်) | ၁၀,၀၀၀ |
| ၂၅၁ | ဇော်မင်းလတ် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၅၂ | နှင်းထွေး (လှိုင်မြို့နယ်) | ၃၀,၀၀၀ |
| ၂၅၃ | နန်းစန်းမွန်ဆင့် (ကျွန်းကြီးစု) | ၃,၀၀၀ |
| ၂၅၄ | အေးချမ်းသူ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၅၅ | နွေဦးလှိုင် (လှိုင်မြို့နယ်) | ၃,၀၀၀ |
| ၂၅၆ | မေဇော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၅၇ | ရားထွန်းဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀၀,၀၀၀ |
| ၂၅၈ | မနေဇာဝင်း (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၂၅၉ | ရွှေကိုလေးလွင် (စလင်းမြို့) | ၃၀,၀၀၀ |
| ၂၆၀ | ဝေလင်းထွန်း (သထုံမြို့) | ၅,၀၀၀ |
| ၂၆၁ | ဦးထွန်းကိုကိုကျော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၂၆၂ | ဦးဝင်းကိုကိုထွန်း (မင်္ဂလာဒုံမြို့နယ်) | ၁,၀၀၀ |
| ၂၆၃ | ဒေါ်မြင့်မြင့်နောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၆၄ | ဒေါ်ခင်ဇာထွေး (ဇမ္ဗူသီရိမြို့နယ်) | ၄၀,၀၀၀ |
| ၂၆၅ | ဦးရဲမျိုးထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃,၀၀၀ |
| ၂၆၆ | မျိုးပြည့်ပြည့်ဖြိုး (မင်္ဂလာဒုံမြို့နယ်) | ၁၀,၀၀၀ |
| ၂၆၇ | ဒေါ်နီလာ (တောင်ကြီးမြို့) | ၅၀,၀၀၀ |
| ၂၆၈ | စိန့်စိန့်ဆွေ (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၂၆၉ | စိုင်းခမ်းစင် (တောင်ကြီးမြို့) | ၂၅,၈၇၇ |
| ၂၇၀ | ရွှေရီထွန်း (မ/ဥက္ကလာပမြို့နယ်) | ၁,၀၀၀ |
| ၂၇၁ | ခိုင်သင်းရွှေ (မ/ဥက္ကလာမြို့နယ်) | ၁,၀၀၀ |
| ၂၇၂ | နွယ်ခိုင်လင်း (အလုံမြို့နယ်) | ၅၀,၀၀၀ |
| ၂၇၃ | ဦးချစ်ဖွေး (အုန်းချောမြို့နယ်) | ၃၀,၀၀၀ |
| ၂၇၄ | ဒေါ်သူဇာမောင် (အောင်မြေသာဇံမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၇၅ | ဦးလမင်းထွန်း (အေးသာယာမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၇၆ | ဒေါ်သီရိထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၇၇ | ပန်းအိခိုင် (လမ်းမတော်မြို့နယ်) | ၁၀,၀၀၀ |
| ၂၇၈ | ဒေါ်လင်းလင်းထွဋ်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၇၉ | ခြူးဇာခြည်ဇော် (ဖျာပုံမြို့နယ်) | ၅,၀၀၀ |
| ၂၈၀ | ရွှန်းလဲ့လဲ့ခင် (သဃ်န်းကျွန်းမြို့နယ်) | ၁,၀၀၀ |
| ၂၈၁ | အောင်ဘုန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၈၂ | ဒေါ်ယမင်းလှိုင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၈၃ | မော်ကို (နေပြည်တော်) | ၁၀,၀၀၀ |
| ၂၈၄ | ကိုကို(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၈၅ | ဒေါ်မြမြဝင်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၈၆ | ပြည့်စုံမင်း (ဒေါပုံမြို့နယ်) | ၁၀,၀၀၀ |
| ၂၈၇ | အေးချမ်းထွန်းနိုင် (ရွှေပြည်သာမြို့နယ်) | ၃,၀၀၀ |

စာမျက်နှာ ၂၇ သို့

*စာမျက်နှာ ၂၆ မှ*

| စဉ် | အလှူရှင်အမည်နှင့် နေရပ်လိပ်စာ | ကျပ် |
|---|---|---|
| ၁၈၈ | မသက်နွယ်ဦး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၁၈၉ | ဒေါ်လှဲ့လှဲ့ဇော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၁၉၀ | အိအေခိုင် (တာမွေမြို့နယ်) | ၁၀,၀၀၀ |
| ၁၉၁ | ဦးတိုက်စင် (မင်းကုန်းမြို့) | ၃၀,၀၀၀ |
| ၁၉၂ | ဒေါ်နွဲ့ယဉ်စိုး (သန်လျင်မြို့နယ်) | ၁,၀၀၀ |
| ၁၉၃ | ဦးအောင်ကိုဇင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၁၉၄ | ဇင်ကိုဟိန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃,၀၀၀ |
| ၁၉၅ | စိန်ဝင်းထွန်း (ပုဇွန်တောင်မြို့နယ်) | ၁,၀၀၀ |
| ၁၉၆ | စောအုန်းကျော်ထွန်း (ဘားအံမြို့) | ၁,၀၀၀ |
| ၁၉၇ | စိန်ဝင်းထွန်း (ပုဇွန်တောင်မြို့နယ်) | ၁,၀၀၀ |
| ၁၉၈ | ရဲဇော်ခန့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၃၀,၀၀၀ |
| ၁၉၉ | ဦးဇင်မင်းထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၂၀၀ | ဦးဇော်ထူးမောင် (သပြေကုန်း) | ၁,၀၀၀ |
| ၂၀၁ | SANTIAGO (ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၂၀၂ | ဦးသူရ+ဒေါ်ဝင်းမော်ဦး မိသားစု (လှိုင်သာယာမြို့နယ်) | ၁၀၀,၀၀၀ |
| ၂၀၃ | ဦးကျော်ဝင်းနှင့် မိသားစု (လှိုင်မြို့နယ်) | ၂၀၀,၀၀၀ |
| ၂၀၄ | အလှူရှင်အမည်ဖော်ပြထားခြင်းမရှိပါ။ | ၅၀၀,၀၀၀ |
| ၂၀၅ | မြတ်မွန်အေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၀၆ | ဒေါ်မေမိုးဦး (ရန်ကုန်မြို့) | ၁၀,၀၀၀ |
| ၂၀၇ | သန်းသန်းဟန် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၀၈ | ဒေါ်မိုးမိုးအေး (မြိတ်မြို့) | ၁,၀၀၀ |
| ၂၀၉ | စည်သူဖြိုး (မိုးကုတ်မြို့) | ၁,၀၀၀ |
| ၂၁၀ | ဒေါ်သက်သက် (တောင်ကြီးမြို့) | ၁,၀၀၀ |
| ၂၁၁ | ဒေါ်မိုင်မိုင်လွင် (တောင်ကြီးမြို့) | ၃,၀၀၀ |
| ၂၁၂ | ဒေါ်ဖြူဖြူချစ်ဆွေ(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၁၃ | သီတာအေး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၁၄ | ဦးအောင်ကြည်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၁၅ | ဒေါ်မြတ်စုသင်း (ပြည်မြို့) | ၁,၀၀၀ |
| ၂၁၆ | မျိုးမျိုးဝင်း (ရွှေပြည်သာမြို့) | ၃,၀၀၀ |
| ၂၁၇ | နန်းခမ်း၊ အောင်လင်း (လားရှိုးမြို့) | ၃,၀၀၀ |
| ၂၁၈ | ငြိမ်းဇော် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅၀,၀၀၀ |
| ၂၁၉ | မေဇင်မြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၂၀ | ဦးဝင်းမြင့် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၆,၀၀၀ |
| ၂၂၁ | ဦးခင်မောင်ဝင်း (ဒေါပုံမြို့နယ်) | ၁၀,၀၀၀ |
| ၂၂၂ | ကျော်သက်ထွန်း (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၂၃ | ဒေါ်မေမီထွန်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၂၄ | ဒေါ်နီလာထွေး (တ/ဥက္ကလာပမြို့နယ်) | ၁၂,၀၀၀ |
| ၂၂၅ | ဒေါ်လတ်လတ်အောင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂၀,၀၀၀ |
| ၂၂၆ | ရီမွန်ဖြိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၂၇ | ဒေါ်စုလှိုင်ဖြိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂၂၈ | မျိုးခိုင်ဝင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁၀,၀၀၀ |
| ၂၂၉ | ဇေယျာမျိုးတင့် (ထားဝယ်မြို့) | ၂,၀၀၀ |
| ၂၃၀ | ဒေါ်ဖြူဖြူလှိုင်(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၅,၀၀၀ |
| ၂၃၁ | မြင့်ထွေးနိုင် (ရန်ကင်းမြို့နယ်) | ၁၀,၀၀၀ |
| ၂၃၂ | အိမ့်မြတ်မှူး၊ အောင်လွင် (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၀၀၀ |
| ၂၃၃ | ကိုပိုင်စိုးခန့် (လှည်းကူးမြို့) | ၁၀,၀၀၀ |
| ၂၃၄ | မျိုးမင်း (ကူမဲမြို့) | ၁,၀၀၀ |
| ၂၃၅ | ဝတ်မှုံဖူး (ရွှေပြည်သာမြို့နယ်) | ၁,၀၀၀ |
| ၂၃၆ | နှင်းအေးချမ်း (ကြည့်မြင်တိုင်မြို့နယ်) | ၅၀,၀၀၀ |
| ၂၃၇ | ဦးဥတ္တမ(နန်းဦးဘုန်းကြီးကျောင်း)(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၇,၀၀၀ |

*(ဆက်လက်ဖော်ပြပါမည်)*









## ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်

**ဟားခါး ဖေဖော်ဝါရီ ၁၅**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်နယ်အတွင်းမှ ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၁)ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက်က ဟားခါးမြို့ရှိ ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးတိုးဝင်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များနှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြခဲ့ကြကာ တင်ပြချက်များအပေါ် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



## ဝန်းသိုမြို့နယ်တွင် သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း စတင်တူးဖော်

**ဝန်းသို ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ် မြိုင်ဇေယျာကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်ရေးအတွက် စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖေဖော်ဝါရီ ၁၄ ရက်က စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ရန်ပုံငွေ ကျပ် ၁၂ ဒသမ ၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် သိန်းသန်းရတီကုမ္ပဏီက လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ကာ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းအပြင် ဆက်စပ်လုပ်ငန်းများဖြစ်သည့် ဂါလန် ၂၀၀၀ ဆံ့ ရေစုကန် တည်ဆောက်ခြင်းနှင့် အလျား ၁၀ ပေ၊ အနံနှင့် အမြင့် ရှစ်ပေစီရှိသော ရေစက်ရုံ တည်ဆောက်ခြင်းကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ဝန်းသိုမြို့နယ်တွင် မြေအောက်ရှိ မြေလွှာကြောများမှာ မာကြောသည့် ကျောက်လွှာများနှင့် ဖွဲ့စည်းထားသဖြင့် မြေအောက်ရေကို လွယ်ကူစွာ မရရှိနိုင်ကြောင်း၊ အချို့နေရာများ၌ ကျောက်အလွှာကြားရှိ အက်ကွဲကြောင်းများကြားမှလည်းကောင်း၊ အချို့နေရာများ၌ ကျောက်လွှာအောက်ရှိ သဲကျောက်လွှာများမှလည်းကောင်း မြေအောက်ရေကို ထုတ်ယူရကြောင်း၊ သို့ဖြစ်၍ မြေအောက်ရေ ရရှိနိုင်စွမ်း တိုင်းတာခြင်းကိုလည်း ဆောင်ရွက်ထားရကြောင်း၊ ယခု ဘဏ္ဍာနှစ်တွင် ဝန်းသိုမြို့နယ်အတွင်းမှ ကျေးရွာပေါင်း ခုနစ်ရွာ၌ ဘတ်ဂျက်အသီးသီးဖြင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြိုင်ဇေယျာကျေးရွာတွင် ဆောင်ရွက်နေသော စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ ပြီးစီးပါက အိမ်ခြေ ၈၀ ခန့်မှ လူဦးရေ ၄၀၀ ခန့်အတွက် ရေလုံလောက်စွာ ရရှိစေရန် အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ဝန်းသိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**မွေးကြူဇင်**

## ပေါက်တောမြို့နယ် ဇေယျဝတီကျေးရွာ၌ ကျေးလက်အိမ်ရာ ၂၂ လုံး တည်ဆောက်နေ

**ပေါက်တော ဖေဖော်ဝါရီ ၁၅**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဇေယျဝတီကျေးရွာ၌ ကျေးလက်အိမ်ရာ ၂၂ လုံး တည်ဆောက်ခြင်းလုပ်ငန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေ ကျပ် ၁၅၃ ဒသမ ၀၈၁၅ သန်းဖြင့် ဘုန်းတောက်ထွန်းကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ကျေးလက်အိမ်ရာများ တည်ဆောက်နေမှုကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးဦးသန်းထွန်းနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၁၅ ရက်က သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြပြီး လုပ်ငန်းများကို စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်အရည်အသွေး ပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရန် ကုမ္ပဏီမှ တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အဆိုပါ ကျေးလက်အိမ်ရာ ၂၂ လုံးသည် တစ်အိမ်လျှင် အလျား ၁၈ ပေ၊ အနံ ၂၄ ပေနှင့် အမြင့် ၉ ပေစီ ကျယ်ဝန်းပြီး လက်ရှိအချိန်တွင် အိမ် ၁၈ လုံး အတွက် အုတ်ဖိနပ်များ ပြီးစီးပြီဖြစ်ကာ ကျန်အိမ် လေးလုံးမှာမူ မြေကြီးတူးခြင်းနှင့် ဖောင်ဒေးရှင်း ကွန်ကရစ်လောင်းခြင်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



## မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲပြုလုပ်

**ဖယ်ခုံ ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ ၁၅ ရက်က မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟနေသွေးနှင့် မြို့နယ်စီမံကိန်းဦးစီးဌာနမှူး ဒေါ်လှလှချိုတို့က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်း သုံးသပ်ဆွေးနွေးခြင်းနှင့် ဆုချီးမြှင့်ခြင်းတို့နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖယ်ခုံမြို့နယ် မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များနှင့် စီမံကိန်းကျေးရွာများမှ ကျေးရွာ ကော်မတီဝင်များက ကျေးရွာများအလိုက် မြစိမ်းရောင်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပတ်သက်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြပြီးနောက် စီမံကိန်း စာရင်းဇယားများနှင့် မြေပြင်လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် စီမံကိန်းကျေးရွာများအား ဆုများချီးမြှင့်ရာ မိုင်းဖြတ်(ထက်)ကျေးရွာက စံပြကျေးရွာဆုကိုလည်းကောင်း၊ ညောင်ပင်သာကျေးရွာက ငွေစာရင်းမှန်ကန်မှုဆုကိုလည်းကောင်း၊ ကသဲကျေးရွာက မြေပြင်လုပ်ငန်းဆောင်ရွက်နိုင်မှုဆုကိုလည်းကောင်း ရရှိခဲ့၍ တာဝန်ရှိသူများက ဆုဖလားနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ အာဆီယံသပြေစိုက်ပျိုးသူများ အဆင်ပြေ

**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း၌ အာဆီယံသပြေပန်းများ ဈေးကွက်ခိုင်မာပြီး ရောင်းအားကောင်းနေ၍ စိုက်ပျိုးရောင်းချသူများအနေဖြင့် အဆင်ပြေလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ဒေးဒရဲကျေးရွာမှ အာဆီယံသပြေပန်း စိုက်ပျိုးသည့် တောင်သူများထံမှ သိရသည်။

ပွင့်ဖြူမြို့နယ် ဒေးဒရဲကျေးရွာမှ အာဆီယံ သပြေပန်းစိုက်ပျိုးရောင်းချသူ မသန်းသန်းဦးက "ဘုရားပန်းစိုက်ပျိုးရေးမှာဆိုရင် အာဆီယံသပြေပန်းဟာ ကျွန်မတို့ တောင်သူတွေအတွက် တွက်ခြေကိုက်ပါတယ်။ အာဆီယံသပြေကို စိုက်ပျိုးပြီး နှစ်နှစ်အကြာမှာ ချိုးယူရောင်းချရပါတယ်။ လက်ရှိဈေးနှုန်းကတော့ ပန်း နှစ်ခက်စည်း၊ သုံးခက်စည်း တစ်စည်းကို လက်လီ ကျပ် ၁၀၀၊ ဖောက်သည်ဈေး ကျပ် ၇၀ နဲ့ ရောင်းချရပြီး တစ်ရက်မှာ ဘုရားပန်းရောင်းရငွေ ကျပ် ၁၅၀၀၀ ကနေ ၂၀၀၀၀ အထိ ရပါတယ်။ ရောင်းအားကောင်းတဲ့အတွက် အာဆီယံသပြေစိုက်ပျိုးရေးလုပ်ငန်းက မိသားစုအတွက် တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိပါတယ်" ဟု ပြောသည်။

ပွင့်ဖြူမြို့နယ် ဒေးဒရဲကျေးရွာမှ ဒေသခံတောင်သူများသည် မုန်းချောင်းရေကို အမှီပြုပြီး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြကာ စိုက်ပျိုးရာတွင် တစ်ပိုင်တစ်နိုင် ဥယျာဉ်ခြံမြေများ ပြုလုပ်ပြီး ပိန်းဥ၊ ငှက်ပျော၊ သင်္ဘော၊ ခရမ်း၊ ပဲရှည်သီး၊ တိုင်ထောင်ပဲ၊ ငရုတ်၊ ခရမ်းချဉ်၊ ကြက်သွန်နီ၊ သခွား၊ ဆူးပုပ်၊ ခဝဲ၊ ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ကန်စွန်း၊ နံနံ စသည့် စားပင်သီးနှံမျိုးစုံနှင့် ဘုရားပန်းမျိုးစုံကို စီးပွားဖြစ် စိုက်ပျိုးနေကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေး

**တောင်သာ ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကူရွာကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို ဒုတိယအကြိမ်အဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖေဖော်ဝါရီ ၁၅ ရက်က ထုတ်ချေးပေးခဲ့သည်။

ကျေးရွာအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့်သူ ၁၂၃ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့်သူ နှစ်ဦးနှင့် ရောင်းဝယ်ရေးလုပ်ကိုင်မည့်သူ တစ်ဦး၊ စုစုပေါင်း ၁၂၆ ဦးထံသို့ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၂၀ ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးဇော်မိုးနှင့် ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လူစုလူဝေးမဖြစ်အောင် ကွင်းဆင်းကြီးကြပ်၍ နေ့ချင်းပြီး ထုတ်ချေးပေးခဲ့ကြခြင်း ဖြစ်သည်။

**မင်းမြင့်မိုရ်**

## ကမ်းလွန်လုပ်ကွက်အမှတ် A-3 တွင် Seabed Hazard Survey လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ရေကြောင်းသတိပေးချက်ထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO International Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် A-3 တွင် Seabed Hazard Survey လုပ်ငန်းများအား တိုင်းတာရေးရေယာဉ် MV. FUGRO EQUATOR (Call Sign: C6ZT5) ရေယာဉ်ဖြင့် Point A. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၅ ဒသမ ၉၇၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၁၉ ဒသမ ၂၉၇ မိနစ်၊ Point B. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၅ ဒသမ ၃၈၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၀ ဒသမ ၀၆၇ မိနစ်၊ Point C. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၁ ဒသမ ၀၈၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၄၃ ဒသမ ၉၃၉ မိနစ်၊ Point D. မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၁ ဒသမ ၆၈၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၀၉၂ ဒီဂရီ ၃၃ ဒသမ ၁၇၆ မိနစ်တို့တွင် (၂၀.၂.၂၀၂၁) ရက်နေ့မှ (၃၁.၃.၂၀၂၁) ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၀.၂.၂၀၂၁) ရက်နေ့မှ (၃၁.၃.၂၀၂၁) ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အသိပေးကြေညာထားကြောင်းသိရသည်။ **သတင်းစဉ်**

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မရှိခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေး ထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များ အတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေးကင်းမှုအပါအဝင် အခြားလိုအပ်သော ဓိသေသများကို ကာကွယ်ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက်တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက်ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့်ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

ယေဘူယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေး ထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဗိုလ်မှူးချုပ် စိုးတင့်(ငြိမ်း)**
**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃၀)၊ သူရတပ်ခွဲ**
**စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး(ဟောင်း)**
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စိန်ပန်းမြိုင်ရပ်ကွက်၊ ဇေယျာသုခလမ်းသွယ်(၂)၊ အမှတ် (၂၇/၅၄)နေ (ဦးလှစိုး-ဒေါ်သန်းခင်)တို့၏သား၊ ဒေါ်စိုးစိုး(ခ)ဒေါ်စန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ချုပ် ညွန့်ဝင်းဆွေ-ဒေါ်မို့မို့စိုး၊ ဦးရဲမြတ်ဟိန်း- ဒေါက်တာ အိဖြူမြင့်တို့၏ ချစ်လှစွာသောဖခင်ကြီး ဗိုလ်မှူးချုပ် စိုးတင့်(ငြိမ်း)သည် ၁၃-၂-၂၀၂၂ရက် (စနေနေ့) ည ၈:၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS (30) ကျောင်းဆင်းအရာရှိများနှင့် ဇနီးများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးသန်းကျော်ညွန့်**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ အား/ကာဦးစီးဌာန**
**မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း(ရေကူး)**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၇၀)နေ ဒေါ်အေးအေးမွန်(ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန)၏ ခင်ပွန်း အားကစားနှင့်ကာယပညာဦးစီးဌာန ၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး(ဟောင်း)၊ နည်းပြချုပ်၊ မြန်မာ့လက်ရွေးစင်ကစားသမား (ဟောင်း) ဦးသန်းကျော်ညွန့်သည် ၁၂-၂-၂၀၂၂ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး**
**နှင့်**
**အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဦးသန်းမောင်**
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အား/ကာဦးစီးဌာန**
**မြန်မာ့လက်ရွေးစင်ကစားသမားဟောင်း(ဂျူဒို)**
**အသက်(၆၇)နှစ်**

အားကစားနှင့်ကာယပညာဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ် နည်းပြချုပ်၊ မြန်မာ့လက်ရွေးစင်ကစားသမား(ဟောင်း) အရှေ့တောင် အာရှရွှေတံဆိပ်ဆုရှင် ဦးသန်းမောင်သည် ၁၅-၂-၂၀၂၂ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့်ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး**
**နှင့်**
**အားကစားနှင့် ကာယပညာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ**

---

**ဦးကျော်ခိုင်(ခ)ကိုမောင်မောင်(Michael Khine)**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့နေ[ဦးဟန်ထွေး(လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်)-ဒေါ်ခင်စမ်း]တို့၏သား၊ New Zealand နိုင်ငံ Wellington မြို့နေ ဒေါ်မေလှကျော်၏ ခင်ပွန်း၊ မောင်သက်ခိုင်(ခ)Oscar Khine –Irene C Khine တို့၏ ဖခင်၊ Jeremy Khine နှင့် Mathew Khine တို့၏အဘိုး၊ ရန်ကုန်မြို့နေ (ဒေါ်ထားထားရီ)၏မောင်၊ ဦးခင်ဇော်-ဒေါ်ဝေဝေ၊ (ဦးသန်းနိုင်)-ဒေါ်ခင်သီတာတိုးတို့၏ အစ်ကိုသည် ၁၅-၂-၂၀၂၂ရက် ဒေသစံတော်ချိန် ညနေ ၆:၀၅နာရီတွင် New Zealand နိုင်ငံ Wellington မြို့ရှိ Wellington General Hospital ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်းနေ ဗိုလ်ချုပ်လှဝင်း(ငြိမ်း)-ဒေါ်သန်းသန်းလင်း(ဒုတိယဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)တို့၏ ဖခင်ဖြစ်သူ ဦးလင်း(လင်းစတူဒီယို) အသက်(၉၀)သည် ၁၂-၂-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ၁၂:၄၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန**

---

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**

---

**ကန့်ကွက်နိုင်ပါကြောင်း**

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေရိယာ (၀ ဒသမ ၀၈၂)ဧက၊ မြေကွက်အမှတ်(ဒ-၄၉၉၃)၊ ဒေါ်ဇင်မာလွင်(ဘ)ဦးငြိမ်းလွင် ၉/လဝန(နိုင်)၁၈၉၄၀၇ အမည်ပေါက်(ပါမစ်) မြေကွက်အား ဒေါ်မိုးပွင့်ဖြူ(ဘ)ဦးမိုးကျော်လွင် ၉/ခအဇ(နိုင်)၀၂၅၅၆၇မှ မြေပေးမိန့်မူရင်း၊ မြေကွက် အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံး ကျမ်းကျိန်လွှာမူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးထွန်းသိန်း(ရွှေကူ၊ ဗန်းမော်၊ မြစ်ကြီးနား)**
**အထွေထွေမန်နေဂျာ(ငြိမ်း)/ပြည်နယ် မန်နေဂျာ ၊မွန်ပြည်နယ်(ငြိမ်း)၊မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**
**အသက်(၈၇)နှစ်**

ရွှေကူမြို့၊ မြို့မရပ်ကွက်နေ (ဦးတင်-ဒေါ်ရင်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြဝတီလမ်း၊ ပြည်သာယာ၊ ဘောက်ထော်၊ အမှတ် (၁၁-စီ) နေ ဆရာမကြီး ဒေါ်တင်တင်မေ၏ ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်သိန်းမြ)၊ (ဦးဘမူ)-ဒေါ်တင်တင်ဆွေ၊ (ဒေါ်သိန်းကြည်)၊ (ဒေါ် သိန်းရွှေ)တို့၏မောင်၊ ဒေါ်သိန်းကြွယ်၊ ဒေါ်သိန်းကျော်၊ ဒေါ်ကျင်သိန်းတို့၏အစ်ကိုသည် ၁၃-၂-၂၀၂၂ရက် မွန်းလွဲ ၁:၃၇နာရီတွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးထွန်းသိန်း (ရွှေကူ၊ ဗန်းမော်၊ မြစ်ကြီးနား)**
**အထွေထွေမန်နေဂျာ(ငြိမ်း)/ပြည်နယ်မန်နေဂျာ၊ မွန်ပြည်နယ်(ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**
**အသက်(၈၇)နှစ်**

ရွှေကူမြို့နေ (ဦးတင်-ဒေါ်ရင်)တို့၏သား၊ (ဦးမြတ်သော်-ဒေါ်ကြွယ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြဝတီလမ်း၊ ပြည်သာယာ၊ ဘောက်ထော်၊ အမှတ်(၁၁-စီ)နေ ဒေါ်တင်တင်မေ(ဌာနမှူး-ငြိမ်း၊ ပညာရေးဝန်ကြီးဌာန)၏ချစ်လှစွာသော ခင်ပွန်း၊ ကိုရီထွန်း၊ ကိုမျိုးဝင်း-မပပထွန်းသိန်းတို့၏ ချစ်လှစွာသောဖခင်သည် ၁၃-၂-၂၀၂၂ရက် (စနေနေ့) မွန်းလွဲ ၁:၃၇နာရီတွင် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရွှေဝါထွန်းလမ်း၊ အမှတ်(၃၅)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၂-၂၀၂၂ရက် (သောကြာနေ့) နံနက်တွင် အထက်ပါ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး**
**ဗိုလ်ဝင်းရွှေ(ငြိမ်း)**
**အသက်(၇၉)နှစ်**

( ဦးမောင်ကျော်- ဒေါ်ခင်လှ)တို့၏သား၊ ဦးစံရွှေ-(ဒေါ်စောမြင့်)၊ ဦးဝင်းမြင့်-ဒေါ်ခင်အုန်းပန်း၊ ဒေါ်ခင်အုန်းပွင့် တို့၏အစ်ကိုကြီး၊ ယာယီဒုတိယရဲမှူးကြီးကျော်သက်ထွန်း-ဒေါ်နန်းသွယ်သွယ်ဝင်း(သူနာပြု ဆရာမကြီး)၊ ဒေါ်အိအိမိုး(ဆသရ)၊ ဦးအောင်မျိုးအေး- ဒေါ်မီမီသက်(ပုဇွန်တောင်မြို့နယ် စီမံကိန်းဦးစီးရုံး)၊ ဦးအေးချို-ဒေါ်သန္တာဝင်း(ဆသရ)၊ ဦးကျော်ထင်ခိုင်-ဗိုလ်ကြီး ကြေးမုံဝင်း(ငြိမ်း) တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၅-၂-၂၀၂၂ရက်နံနက် ၁၁နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၂ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၂-၂-၂၀၂၂ရက် နံနက်တွင် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ အမှတ် ၃၉နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးသန်းကျော်ညွန့်**
**Ex–Burma Selected Swimmer(Senior Swimming Coach)**
**ညွှန်ကြားရေးမှူး(ငြိမ်း)**
**အားကစားနှင့်ကာယပညာဦးစီးဌာန**
**အသက်(၇၁)နှစ်**

ရန်ကုန်မြို့နေ[ဦးဘညွန့်(သမိုင်းပါမောက္ခ၊ မြန်မာစာအဖွဲ့ဝင်-ငြိမ်း)-ဒေါ်အုန်းခင် (ကထိက၊ ပညာရေးတက္ကသိုလ်၊ မြန်မာစာအဖွဲ့ဝင်-ငြိမ်း)]တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၇၀)နေ ဒေါ်အေးအေးမွန်(ဒု/ညွှန်- ငြိမ်း၊ အား/ကာ)၏ခင်ပွန်း၊ ဦးစိုးညွန့်-ဒေါ်ယုဇနဝင်းတို့၏ညီ/မောင်၊ (ဦးမြင့်ဦး)-ဒေါ်မာလာညွန့်(Managing Director၊ အောင်သစ္စာဦး အထွေထွေအာမခံကုမ္ပဏီလီမိတက်)တို့၏အစ်ကို၊ တူ၊ တူမ ၃၅ယောက်တို့၏ဘကြီး/ဦးလေးသည် ၁၂-၂-၂၀၂၂ရက် နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၂၂ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ခြောက်ထပ်ကြီးဘုရား-သဒ္ဓမဝံသကျောင်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

---

**ဦးအောင်ကျော်ဦး**
**တရားလွှတ်တော်ရှေ့နေ**
**အသက်(၆၄)နှစ်**

တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) စီမံကိန်းရပ်ကွက်၊ ကျန်စစ်သားလမ်း၊ တိုက်အမှတ်(၁၃၉)၊ (၃)လွှာနေ (ဦးကျော်စိန်)-ဒေါ်ခင်သန်းတို့၏သား၊ ဒေါ်မိမိဆွေ(တရားလွှတ်တော်ရှေ့နေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဝင်းပပမိုး-ဦးခင်ဇော်မျိုး၊ ဦးအောင်ကိုကိုကျော်တို့၏ဖခင်သည် (၁၄-၂-၂၀၂၁)ရက် မွန်းလွဲ ၁၂:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၁၆-၂-၂၀၂၁) ရက် နံနက် ၁၁:၀၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်အုန်းကြည်**
**မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင်**
**သမိုင်းပါမောက္ခ(ငြိမ်း)**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ အောင်မင်္ဂလာလမ်းနှင့် အင်းဝလမ်းထောင့်၊ အမှတ်(၁၀၃)နေ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက် ဦးစီးဌာန၊ မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင် ဒေါ်အုန်းကြည် သည် ၁၅-၂-၂၀၂၂ရက် နံနက် ၇:၂၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်အုန်းကြည်**
**မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင်**
**သမိုင်းပါမောက္ခ(ငြိမ်း)**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ အောင်မင်္ဂလာလမ်းနှင့် အင်းဝလမ်းထောင့်၊ အမှတ်(၁၀၃)နေ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင် ဒေါ်အုန်းကြည် သည် ၁၅-၂-၂၀၂၂ရက် နံနက် ၇:၂၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာသမိုင်းအဖွဲ့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်အုန်းကြည်**
**မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင်**
**သမိုင်းပါမောက္ခ(ငြိမ်း)**
**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ အောင်မင်္ဂလာလမ်းနှင့် အင်းဝလမ်းထောင့်၊ အမှတ် (၁၀၃)နေ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာန၊ မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင် ဒေါ်အုန်းကြည်သည် ၁၅-၂-၂၀၂၂ရက် နံနက် ၇:၂၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးဘယု(B.A)**
**ညွှန်ကြားရေးမှူး(ငြိမ်း)၊ ငွေစာရင်းရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သီရိ ၁ လမ်း၊ အမှတ် ၁၄ နေ (ဦးကံကြီး-ဒေါ်နီမ)တို့၏သား၊ (ဦးအံ့နီ-ဒေါ်စူ)တို့၏ သားသမက်၊ ဒေါ်ရှုအီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဘကြူ-(ဒေါ်ခင်စန်းမြင့်)တို့၏အစ်ကို၊ ဒေါ်ခင်စန်းယု၊ ဦးကျော် ဆွေ-ဒေါ်နှင်းလဲ့ဝေတို့၏ဖခင်၊ မောင်ကိုကိုဦး-မဇင်မာကြူတို့၏ ဦးလေး၊ မောင်ဝဏ္ဏအောင်ဟိန်း၊ မောင်ကျော်တေဇဟိန်းတို့၏အဘိုးသည် ၁၄-၂-၂၀၂၂ရက်(တနင်္လာနေ့)နံနက် ၀၀:၃၄နာရီ တွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၂-၂၀၂၂ ရက်(အင်္ဂါနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါက်တာ နန်းဘွာဘွာ**
**ခာတ်မှန်ဆရာဝန်ကြီး(ငြိမ်း)**
**အသက်(၅၀)**

ဘားအံမြို့နေ လူရည်ချွန် သူငယ်ချင်း ဒေါက်တာ နန်းဘွာဘွာ ခာတ်မှန်ဆရာဝန်ကြီး(ငြိမ်း)သည် ၁၃-၂-၂၀၂၂ရက် တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လူရည်ချွန် သူငယ်ချင်းများ**

**Prof Dr.အောင်ဇော်မျိုး၊ ဒေါက်တာ သောင်းဒန်ဦး၊ ဒေါက်တာ ကျော်ငြိမ်းအေး၊ ဒေါက်တာ မြစိုးနွယ်၊ ဦးခင်မောင်ထွန်း၊ ဦးခွန်မင်းဆွေ-ဒေါ်ယဉ်ယဉ်စိန်၊ AP Dr. သိန်းထွန်းဦး၊ ဒေါ်ဖြူဝင်းခိုင်၊ ဦးစိုးနန္ဒာ-ဒေါ်ကေသီမွန်၊ ဒေါ်မေသူဝင်း၊ ဒေါ်သူသူရှိန်၊ Prof Dr. တင်တင်လှ၊ ဒေါ်နွယ်နွယ်မွန်**

---

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ စီဝါယာလမ်း၊ အမှတ် (၂၁)၊ မြေညီထပ်၊ တိုက်ခန်းနှင့်တကွရေ၊ မီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ပိုင်ရှင်များဖြစ်ကြသော ဦးကိုကိုလှိုင် ၁၂/ မဂတ(နိုင်)၀၂၁၀၈၆ ပါ (၄)ဦးတို့ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးလှမြင့် ၁၂/ သကတ(နိုင်)၁၂၂၉၄၂ က စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်နှင့်စပ်လျဉ်း၍ကန့်ကွက်လိုသူများရှိပါက စာချုပ်စာတမ်း အထောက်အထားမူရင်းတို့ဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ် အထမြောက်ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးလှမြင့်** | **ဦးခင်မောင်လတ်(LL.B)** |
| **၁၂/ကတန(နိုင်)၁၂၂၉၄၂** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၂၉)** |
| | **အမှတ်(၁၆၁/A3)၊ မြေညီထပ်၊** |
| | **ကျိုက္ကဆံလမ်း၊ နတ်မောက်ရပ်ကွက်၊** |
| | **တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး** |
| | **ဖုန်း- ၀၉- ၉၉၅၅၁၆၀၆၅** |

---

**ကြီး မြန် သစ် ပင် စိုက် ပျိုး လျှင် စွမ်း အင် လည်း ရ ပြည် လည်း လှ**

# ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဆွေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကော်မတီ(၅)ရပ် ဖွဲ့စည်းပေးထားပါကြောင်း၊ ယင်းတို့အနက် မိမိတို့ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီအနေဖြင့် ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းတာဝန်များကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကော်မတီ၏မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် ရည်ရွယ်ချက်များကို ပြောင်းလဲမည် မဟုတ်ပါကြောင်း၊ မိမိတို့ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များကို စုပေါင်းဦးဆောင်မှုဖြင့်သာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီတွဲဖက်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကော်မတီက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များဖြစ်သည့် ပြည်ပသို့ ပညာတော်သင်စေလွှတ်ခြင်း ကိစ္စ၊ ပြည်တွင်း/ပြည်ပတွင် ကျင်းပသည့် အစည်းအဝေးများနှင့် ဆွေးနွေးပွဲသို့ တက်ရောက်ရန် စေလွှတ်ခြင်း ကိစ္စ၊ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ခြင်းကိစ္စ အပါအဝင် နိုင်ငံခြားငွေသုံးစွဲရသည့် အစည်းအဝေးများ ကျင်းပခြင်းကိစ္စတို့နှင့် စပ်လျဉ်း၍ ဆုံးဖြတ်ဆောင်ရွက်ပေးရသည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ကော်မတီ၏လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

## လွတ်လပ်စွာ သဘောကွဲလွဲခွင့်ပေးပါ
စာ-၁၀

## ရဝမ်ဒါတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှု စတင်
စာ-၁၃

---

## COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၆ ဦး တွေ့ရှိ

### COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၅ -၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၄-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၅-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈၈၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၃၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၇၆,၇၉၇) အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၆၃၇) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၃၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၀,၄၆၅)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၁၉၀) ဦး ရှိပါသည်။

*** ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

---

## အူပါမီကာနိုကို စာချုပ်ခေါ်ယူလိုက်သည့် ဘိုင်ယန်မြူးနစ်အသင်း

ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် လိုက်ပ်ဇစ် ဗဟိုခံစစ်ကစားသမား အူပါမီကာနိုကို စာချုပ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ပြင်သစ်ကစားသမားသည် ဘွန်ဒက်စ်လီဂါအသင်းနှင့် ဇူလိုင် ၁ ရက်တွင် ပူးပေါင်းဖွယ်ရှိကြောင်းလည်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အူပါမီကာနို၏ စာချုပ်ပါလျော်ကြေး ပေါင် ၃၈ သန်း (ယူရို ၄၂ ဒသမ ၅သန်း)ပေးချေပြီး အသင်းသို့ ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အသက် ၂၂ နှစ်အရွယ်ရှိ အူပါမီကာနိုသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ငါးနှစ်စာချုပ်ချုပ်ဆိုရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။ အူပါမီကာနိုသည် ၂၀၁၆ ခုနှစ်တွင် ဆဲလ်ဘတ်အသင်းမှ လိုက်ပ်ဇစ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ခြေစွမ်းပြကစားထားနိုင်သူဖြစ်သည်။ ယခုနှစ် ရာသီ တွင်လည်း အသင်းအတွက် ပြိုင်ပွဲစုံ ၂၆ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်သည်။

လိုက်ပ်ဇစ်အသင်းတွင် ခြေစွမ်းပြကစားထားနိုင်သောကြောင့် နာမည်ကြီးအသင်းများဖြစ်သည့် မန်ယူ၊ ချယ်ဆီးနှင့် လီဗာပူးအသင်းတို့က ခေါ်ယူရန် ချိတ်ဆက်ခံနေရသူလည်းဖြစ်သည်။ ၎င်းသည် လိုက်ပ်ဇစ်အသင်းအတွက် ပြိုင်ပွဲ အရပ်ရပ် ၁၃၉ ပွဲ ပါဝင်ကစားထားပြီး လေးဂိုးသွင်းယူပေးထားသူဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်စ်လီဂါပြိုင်ပွဲ ပွဲ ၂၁ ကစားပြီးချိန်တွင် ၄၈ မှတ် ရရှိထားပြီး အဆင့်(၂) နေရာမှ လိုက်ပ်ဇစ်အသင်းကို လေးမှတ်ဖြတ်ထားနိုင်သည့်အသင်းဖြစ်သည်။

**အောင်ဇော်**

